# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး။** ။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ တင်ပြစရာလေးရှိပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖြန့်ဝေထားတဲ့ မိုက်အသုံးပြုနည်းနှင့် စက်ခလုတ်အသုံးပြုနည်း လမ်းညွှန်စာရွက်ကလေးတွေ ဝေထားတာ ရှိပါတယ်ခင်ဗျား။ အဲ့ဒါကို လေ့လာပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ယခုကျင်းပပြုလုပ်မယ့် အစည်းအဝေးများမှာ ဆန္ဒမဲရယူခြင်းနဲ့ အဆုံးအဖြတ်ရယူခြင်းအပိုင်းများမှာ စက်ခလုတ်များ အသုံးပြုရန်ရှိတဲ့အတွက် ဒီလမ်းညွှန်ချက်ကို ကြည့်ပြီးတဲ့အခါကျတော့မှ စနစ်တကျဆောင်ရွက်ပေးဖို့ အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ကျွန်တော် ဦးခင်မောင်ဦးက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ကြေညာချက်အမှတ် (၆၀/၂၀၁၁)နှင့် (၈/၂၀၁၂)တို့အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမှတ်(၄၃၆) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူးရန်နိုင်ဝင်းအစား အမှတ်(၁၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးဇင်မျိုးလတ် အားလည်းကောင်း၊ ပင်မစစ်လက်နက်ပစ္စည်းတပ်(မန္တလေး)မှ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦးအစား အမှတ်(၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့် အားလည်းကောင်း၊ အမှတ်(၂၅) ကင်းထောက်လေယာဉ်အုပ်စု(မြစ်ကြီးနား)မှ ဗိုလ်မှူးဝေဖြိုးထွဋ်အစား တောင်ငူလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးရန်နိုင်ထူး အားလည်းကောင်း အစားထိုးပြောင်းလဲထားတာရှိပါတယ်။ အစားထိုးပြောင်းလဲထားတဲ့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာမပြုရသေးတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ မိမိတိုင်ပေးတဲ့အခါမှာ သက်ဆိုင်ရာတပ်မတော်သားကိုယ်စားလှယ်များက မိမိအမည်ကို မိမိရွတ်ဆိုသွားဖို့ဖြစ်ပါတယ်။ စတင်ပါမယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ်သုံးဦး က ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ်----------------သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကို လည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဥ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ ယခုမိမိဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ကတိသစ္စာပြုလွှာပေါ်တွင် မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးရန်နှင့် အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကိုအပ်နှံရန်ဖြစ်ပါတယ်။

[တပ်မတော်သားကိုယ်စားလှယ်သုံးဦးက ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၃၇၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ ၉၅.၉၅ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေတက်ရောက်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၊ နည်းဥပဒေ ၂၁ နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ၂၆-၁-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးမတက်ရောက် နိုင်သဖြင့် ခွင့်တိုင်ကြားသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဦးအေးမြင့်က တင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၆ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ခမရ(၅၂၉)မှ ဗိုလ်မှူး စိုးလင်းမောင်၊

(၂) ခလရ(၂၈၀)မှ ဗိုလ်မှူး ရဲနိုင်ထွန်း၊

(၃) အဆရ(၂)မှ ဗိုလ်မှူး သော်ဇင်၊

(၄) ခလရ(၄၈)မှ ဗိုလ်မှူး တင်ကျော်ဦး၊

(၅) လေအုပ်(၂၅)မှ ဗိုလ်မှူး စိုးလှိုင်မင်းတို့သည် ခြေလျင်တပ်မှူးသင်တန်းကို တက်ရောက် ရန်ဖြစ်တဲ့အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ပြည်သူ့လွှတ်တော် အစည်းအဝေးပြီးဆုံး သည့်အထိလည်းကောင်း၊

(၆) ကြည်း- ၃၀၈၅၉ ဗိုလ်မှူး ဝင်းအောင်သည် နိုင်ငံခြားတွင်သင်တန်းတက်ရောက်ရန် အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ပြည်သူ့လွှတ်တော် အစည်းအဝေး ပြီးဆုံးသည့်အထိ လည်းကောင်း၊

(၇) တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးသည် စင်ကာပူနိုင်ငံ ဆေးရုံတွင်ဆေးကုသခံရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၃-၂-၂၀၁၂ နေ့အထိ ၉ ရက်အဖြစ် ခွင့်ပေးပါရန်လည်းကောင်း၊

(၈) စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းသည် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသခံရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၉) ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်သည် နေမကောင်းပါသဖြင့် ၂၆-၁-၂၀၁၂ ရက်နေ့မှ ပြည်သူ့လွှတ်တော် အစည်းအဝေး ပြီးဆုံးသည်အထိလည်းကောင်း၊

(၁၀) ပေါင်းတည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းသည် ကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၁၁) နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သည် ကိုယ်ရေး ကိုယ်တာကိစ္စဆောင်ရွက်ရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၁၂) လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက် နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၁၃) မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက် နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၁၄) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းသည် ကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်အတွက် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၁၅) မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးသည် ဇနီးဖြစ်သူ ကျန်းမာရေးမကောင်းသဖြင့် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၄-၂-၂၀၁၂ ရက်နေ့ထိ ခွင့် ၃၀ ရက်အဖြစ်လည်းကောင်း၊

(၁၆) ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရှိပါသဖြင့် ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက်နေ့ထိခွင့် ၂ ရက်အဖြစ်လည်းကောင်း ခွင့်အဖြစ်ပေးပါရန်တင်ပြလာပါသည်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့် ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌရဲ့ ဝတ်ရုံဝတ်စုံကို လွှတ်တော်အစည်းအဝေးအစ၏ ပထမဦးဆုံးအကြိမ်မှ ပထမဦးဆုံးရပ်နားချိန်အထိ ဝတ်ဆင်ပြီး နောင်အချိန်များတွင် ဝတ်စုံမပါဘဲ တိုက်ပုံအနက်ဖြင့် အစည်းအဝေး တက်ရောက်ဆောင်ရွက်မည် ဖြစ်ကြောင်း တင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများအားလုံး

ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မဲဆန္ဒနယ်မြေရှိ ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ ရွှင်လန်းကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ကိုယ်စားလှယ်တော်ကြီးများမှတစ်ဆင့် ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သပါတယ်။ မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော် ကျင်းပနေချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပေမယ့် ပြည်ထောင်စုလွှတ်တော်ကျင်းပချိန်မှာတော့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။ ယနေ့လွှတ်တော်အစည်းအဝေးများကိုခေါ်ယူရတဲ့ အဓိကအကြောင်းများကတော့ ပြီးခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုရန်ကျန်နေသေးသော ဥပဒေများအတည်ပြုနိုင်ရေး၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းမည့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အမျိုးသားစီမံကိန်းဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် စိစစ်သုံးသပ်ပြီးအတည်ပြုရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြလာသော အဆိုများ၊ မေးခွန်းများနှင့်ဥပဒေကြမ်းများကို ရရှိတဲ့အချိန်ပေါ်မှာမူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် စုဆောင်းထားသော ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍများတွင် စနစ်တကျအသုံးပြုရန်အတွက် ရေးဆွဲတင်ပြလာမှုအပေါ် မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမှလည်း အကောင်းထဲမှအကောင်းဆုံးဖြစ်ရန်နှင့်ပြည်သူ့ကိုယ်စား ပြည်သူများရဲ့ဘဏ္ဍာကို မည်သို့မည်ပုံ မည်မျှမည်ကဲ့သို့ ခွဲဝေအသုံးချသလဲ။ ဒီလိုအသုံးချမှုများဟာ ပြည်သူလူထုအတွက် အကျိုးဘယ်လောက်ဖြစ်ထွန်းနိုင်မလဲနဲ့ ဖြစ်ထွန်းမှုများဖြစ်လာနိုင်တာကိုစိစစ်ပြီး ထောက်ခံရမည့်အချက်များကို ထောက်ခံ၊ အကြံပြုရမယ့်ကိစ္စရပ်များကိုအကြံပြု၊ ပြောင်းလဲသုံးစွဲသင့်သည်များကို ပြောင်းလဲအသုံးပြုရန်အတွက် ကြိုးစားလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးညှိနှိုင်းတဲ့အခါမှာ အမှန်ဖြစ်တန်စွမ်းများကို တွက်ဆပြီးဆွေးနွေးကြရမှာဖြစ်သလို လာမယ့်နှစ်များနှင့် ချိတ်ဆက်နေမယ့်လုပ်ငန်းများနှင့်လည်း ချိတ်ဆက်ပြီး တစ်နှစ်ချင်းအတွက် စဉ်းစားသလို နှစ်အလိုက်အတွက်လည်း ချိတ်ဆက်စဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ဘဏ္ဍာခွဲဝေသုံးစွဲမှုအပေါ် ဆွေးနွေးရာတွင် ပညာရှင်များမဟုတ်သလို စီးပွားရေးကျွမ်းကျင်သူများ မဟုတ်ကြပေမယ့် မိမိတို့မှာရှိတဲ့ Political will, Logical Thinking တွေနှင့် မိမိတို့ကိုယ်စားပြုတဲ့ ပြည်သူတွေအတွက် ဖြစ်သင့်တဲ့ အကျိုးရှိစေမယ့်အချက်

တွေကို သုံးသပ်ပြီးမှဆွေးနွေးကြမှာဖြစ်လို့ ပြည်သူ့ဆန္ဒများနဲ့လိုအင်များကို ဥပဒေပြုရေးနည်းလမ်းမှ တစ်ဆင့် အကောင်အထည်ဖော်ပေးရာလည်းရောက်မှာ ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းများကို လေ့လာစိစစ်ရာမှာ တချို့သောစီမံကိန်းများဟာ နှစ်ချင်း တစ်နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမှာ ဖြစ်သလို နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်၊ သုံးနှစ်စသည်ဖြင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုအမျိုးသားစီမံကိန်းများကို လေ့လာရာမှာ သက်ဆိုင်ရာဘဏ္ဍာငွေအရ အသုံးအပေါ် လိုက်ပြီး မိမိတို့လွှတ်တော်ကော်မတီများရဲ့ အားထုတ်မှုဟာ အရေးကြီးလှပါတယ်။ လွှတ်တော်ကော်မတီများကလည်း မိမိတို့နဲ့သက်ဆိုင်မယ့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး လိုအပ်မည့် အကြောင်းအရာ၊ လုပ်ရပ်၊ လုပ်နည်းများနှင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဖြစ်တန်စွမ်း၊ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုတို့ကို လွှတ်တော်၊ တစ်နည်းအားဖြင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့တို့ရဲ့ဆက်ဆံမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance) သဘောတရားကို မကျော်လွန်စေဘဲ ဆောင်ရွက်ရမှာဖြစ်သလို အုပ်ချုပ်မှုအဖွဲ့နှင့်လည်း ဆက်ဆံဆောင်ရွက်ရေး ကောင်းမွန်အောင် တည်ဆောက်ထားဖို့လည်းလိုမှာ ဖြစ်ပါတယ်။ သို့မှသာ ပြည်ထောင်စုအကျိုး၊ ပြည်သူ့အကျိုးကိုဖော်ဆောင်ရာမှာ တာဝန်နှင့်လုပ်နည်းလုပ်ဟန် မတူသော်လည်း ရည်ရွယ်ချက်နှင့်ရည်မှန်းချက်များ တူညီတဲ့အတွက် မိမိတို့ရဲ့ပန်းတိုင်ဖြစ်သော ဒီမိုကရေစီစနစ်ဖြင့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဆိုတဲ့ပန်းတိုင်ကို ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာထမ်းဆောင်ရင်း အတူတကွချိတက် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားတဲ့ လွှတ်တော်များရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကိုယ်စားလှယ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းမြောက်စွာ တွေ့နေရပါတယ်။ သို့သော်လည်း ယခုထက်ပိုပြီး ကြိုးပမ်းအားထုတ်သွားပြီး အမိနိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် တက်ညီလက်ညီဆောင်ရွက်သွားကြဖို့ ဖိတ်ခေါ်တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မိမိထံပေးပို့တဲ့သဝဏ်လွှာကို လွှတ်တော်မှာဖတ်ကြားတင်ပြပါမယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ ။ **သဝဏ်လွှာပေးပို့ခြင်း**

၁။ နိုင်ငံနှင့်ပြည်သူတို့၏အကျိုးငှာ ဆွေးနွေးညှိနှိုင်းရန်အတွက် စတင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

၂။ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက နိုင်ငံနှင့်ပြည်သူအကျိုးငှာ ဥပဒေရေးရာ၊ မူဝါဒရေးရာကို အားသွန်ခွန်စိုက် ညှိနှိုင်းဆွေးနွေး၍ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများကလည်း ၃၀-၃-၂၀၁၁ ရက် နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထား လမ်းစဉ်များနှင့်အညီ အားကြိုးမာန်တက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၃။ နိုင်ငံနှင့်ပြည်သူသို့ ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည့်အတိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိရေး၊ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၄။ အထူးသဖြင့် ပြည်သူတိုင်း၏လိုလားတောင့်တချက်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီ ဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါသည်။

၅။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် နိုင်ငံ၏ပကတိအရှိတရားနှင့် အတိတ်သမိုင်း အတွေ့အကြုံများအပေါ် အခြေခံ

လျက် ယခင်ကနှင့်မတူသည့်မူများကို ကျင့်သုံးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၁ ဖွဲ့ လုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့ ၆ ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျန်အဖွဲ့ ၅ ဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါသည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးဖော်ဆောင်နိုင်ရန် အမြင်သဘောထားမတူသည်များကိုထားပြီး အမြင်သဘောထားတူသည်များကို ပြည်သူများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရောက်နေကြသော နိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် လက်ကမ်းဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တိုးတက်ကောင်းမွန်လာပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုရရှိလာသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်စူး၍ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမြှင့်တင်မှုများကိုလည်း တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ၏စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်စေရန်အတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရန် ရေခံမြေခံပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေးပြုပြင်ဖော်ဆောင်ပေးလျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ သွက်လက်ချောမွေ့ဖွံ့ဖြိုးလာစေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းဆိုင်ရာဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၈။ ထို့အပြင် ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်

အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကိုလည်း နိုင်ငံတစ်ဝန်းလုံး၌ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကဏ္ဍ ရှစ်ရပ်ချမှတ်ပြီး တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၃ဝ၊ မြို့နယ်ခွဲ ၈၂ ခုတို့၌ အောက်ခြေအထိဆင်းပြီး ကျေးလက်ပြည်သူများနှင့်ပူးပေါင်းလျက် လက်တွေ့ထိရောက်အောင်မြင်အောင် ဆောင်ရွက်လျက် ရှိပါသည်။

၉။ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိပါသည်။

၁ဝ။ ထိုသို့ ဘက်စုံထောင့်စုံကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံနှင့် ပြည်သူ၏အကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် တစ်ပြိုင်တည်း နိုင်ငံတကာဆက်ဆံရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ခဲ့ရာ နိုင်ငံတကာနှင့် ချစ်ကြည်မှု၊ နားလည်မှုများ ပိုမိုမြင့်မားလာစေသည်ကို တွေ့မြင်နိုင်ပါသည်။

၁၁။ ထိုသို့ နိုင်ငံနှင့်ပြည်သူတို့၏အကျိုးအတွက် ဘက်စုံထောင့်စုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပေါင်း ၁၅ ခုကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ရပါသည်။ ထိုသို့ ဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းအပါအဝင် အထက်၌တင်ပြခဲ့သည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံအားပေးမှုရရှိခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

၁၂။ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် နှစ်ပေါင်း ၄ဝ ကျော် ကင်းကွာခဲ့ရသည့်အတွက် ယခုကဲ့သို့ လွှတ်တော်အဆင့်ဆင့် ပေါ်ပေါက်လာချိန်တွင် လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်း များနှင့် စပ်လျဉ်း၍ ခက်ခက်ခဲခဲ ရှာဖွေလေ့လာကျင့်သုံးခဲ့ရသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း လွှတ်တော်ဥက္ကဋ္ဌများ၏ စွမ်းရည်ရှိရှိ ဦးဆောင်မှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် အဓိကကျသည့် ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ အရေးကြီးသည့်မူဝါဒများကို ဆွေးနွေးချမှတ်ခြင်းစသည်တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ဝမ်းသာဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။

၁၃။ ထို့အတူ ယခုစတင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင်လည်း တန်ဖိုးရှိလှသော လွှတ်တော်အစည်းအဝေးကာလအတွင်း နိုင်ငံနှင့်ပြည်သူများအတွက်

အဓိကအရေးကြီးမည့် ဥပဒေရေးဆိုင်ရာကိစ္စများ၊ မူဝါဒဆိုင်ရာနှင့် ပြည်ထောင်စုရေးရာကိစ္စများကို ပိုမိုအလေးထားအကောင်အထည်ဖော် ဆွေးနွေးဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁၄။ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့်လက်တွဲပြီး နိုင်ငံနှင့်ပြည်သူတို့၏ အနာဂတ်ဘဝသာယာလှပစေရန်အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့ရှင်သန်နိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဝဏ်လွှာအဖြစ် ပေးပို့အပ်ပါသည်။

သိန်းစိန်

နိုင်ငံတော်သမ္မတ

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကို ဖတ်ကြားတင်ပြခဲ့တဲ့ နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ထားရှိသွားမည် ဖြစ်ပါတယ်။

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် နံနက် ၀၉း၀၀ နာရီက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ယုဇနကွန်ဒိုတာဝါမှာ ဖွင့်လှစ်ထားတဲ့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်(ရန်ကုန်ရုံးခွဲ)မှာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများအား တွေ့ဆုံပြီး ကော်မရှင်(ရန်ကုန်ရုံးခွဲ) ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲ့ဒီလိုရှင်းလင်းပြောကြားချက်များကို ရေဒီယို၊ ရုပ်မြင်သံကြားသတင်းနှင့် သတင်းစာများမှာလည်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ယခုလွှတ်တော်အစည်းအဝေးမှာ မှတ်တမ်းတင်ထားရှိလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်ဦးဆောင်ပြီး အဖွဲ့ဝင် ၃၀ ဦးပါဝင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှ ဒီဇင်ဘာလ ၁၇ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါတယ်။ အဲ့ဒီလိုသွားရောက်ရာမှာ အိန္ဒိယသမ္မတနိုင်ငံသမ္မတအား ဒီဇင်ဘာလ ၁၄ ရက်နေ့ ညနေပိုင်းတွင် သမ္မတအိမ်တော်ဝင်းဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးခြင်း၊ ဒီဇင်ဘာလ ၁၂ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယအထက်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယသမ္မတတို့အား တွေ့ဆုံဆွေးနွေးခြင်း၊ ဒီဇင်ဘာလ ၁၂ရက်နေ့ နံနက်ပိုင်းတွင် ပါလီမန်အဆောက်အအုံသို့ရောက်ရှိပြီး အောက်လွှတ်တော်နှင့် အထက်လွှတ်တော်အတွင်း ပါလီမန်အစည်းအဝေးကျင်းပ နေမှု၊ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းမှု၊ မေးခွန်းများမေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများကို လေ့လာခဲ့ကြပါတယ်။ ညနေပိုင်းတွင် ပါလီမန်အောက်လွှတ်တော် ဥက္ကဋ္ဌအား တွေ့ဆုံဆွေးနွေးခြင်း၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ညနေ ၄ နာရီ တွင်ပါလီမန်အဆောက်အအုံ ဧည့်ခန်းမ၌ အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်ရေးရာဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက် ၉ နာရီတွင် ပါလီမန်စာကြည့်တိုက် အဆောက်အအုံသို့သွားရောက်ပြီး စာကြည့်တိုက်ရှိ ဂန္ထဝင်စာပေနှင့် ဘာသာရပ်ဆိုင်ရာစာပေများ၊ မော်ကွန်းပြတိုက်ရှိ အိန္ဒိယရှေးဟောင်းပြကွင်းပြကွက်များ၊ ပါလီမန်မြင်ကွင်းပြကွက်၊ အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ၏ သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် မော်ကွန်းရုပ်ရှင် သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ပါတယ်။ ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် နယူးဒေလီမြို့ ပါလီမန်အဆောက်အအုံရှိ ပြည်ပရေးရာဆက်ဆံရေးကော်မတီ ဧည့်ခန်းမ၌ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်လည်းကောင်း၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ ညနေပိုင်းတွင် ပါလီမန်အဆောက်အအုံ ဧည့်ခန်း၌ ပါလီမန်အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင်နှင့် လည်းကောင်း၊ ပါလီမန်အောက်လွှတ်တော် ပြည်ပရေးရာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌခေါင်းဆောင်သော ကော်မတီအဖွဲ့ဝင်များနှင့် လည်းကောင်း၊ ဒီဇင်ဘာလ ၁၄ ရက် မွန်းလွဲပိုင်းတွင် ပါလီမန်စာကြည့်တိုက်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ပါလီမန်အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင်နှင့်လည်းကောင်း ဆွေးနွေးခဲ့ပါတယ်။ ဒီဇင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် Maruti Suzuki India Limited ၏

မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် Bombay Stock Exchange ဥ်လည်းကောင်း၊ India Merchants Chamberဥ်လည်းကောင်း၊ ညနေပိုင်းတွင် Bombay Chamber of Commerce and Industry ဥ်လည်းကောင်း အစည်းအဝေးများ ကျင်းပပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။ ဒီဇင်ဘာ ၁၇ ရက်နေ့မှာတော့ Indo-Myanmar Chamber of Commerce and Industry မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေကြောင်းဆက်သွယ်မှု၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ပါတယ်။ ဒီလို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တဲ့ အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ခင်ရင်းနှီးမှုတိုးတက်ခိုင်မာရေး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ရရှိခဲ့ပါတယ်။ ဒီချစ်ကြည်ရေးခရီးစဉ်ကိုလည်း လွှတ်တော်မှာ မှတ်တမ်းတင်ထား ရှိမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ၆၄ နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ကျွန်တော့်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဥက္ကဋ္ဌ မစ္စတာဗလာဒီမီအန်ဒရီချန်ကိုက ဟန်ခ္ခိုင်းမြို့ရှိ ဘယ်လာရုစ်သံရုံးမှတစ်ဆင့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ ဒီသဝဏ်လွှာပေးပို့မှုကိုလည်း လွှတ်တော်မှာ မှတ်တမ်းတင်ထားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါတင်ပြချက်များနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ဆန္ဒကို ရယူလိုပါတယ်။ အထက်ပါတင်ပြခဲ့တဲ့ -

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ၉-၁၂-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် (ရန်ကုန်ရုံးခွဲ)တွင် ပြောကြားချက်၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အိန္ဒိယသမ္မတနိုင်ငံခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့မှုတင်ပြချက်များကို မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အထက်ပါတင်ပြချက်သုံးခုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကော်မတီအတွင်းရေးမှူး ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ အရ ၂၂-၈-၂၀၁၁ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးအောင်သောင်းဖြင့် လွှတ်တော်ကအတည်ပြုခဲ့သော ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင်ဖြစ်သည့် ဦးဝင်းမြင့်၊ မြင်းခြံမဲဆန္ဒနယ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးမောင်မောင်စိုး၊ သာကေတမဲဆန္ဒနယ်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာလည်း ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉ နှင့် ၃၀ အရ နည်းဥပဒေ ၈၁၊ ၈၂ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အဖွဲ့ဝင်များ အဖြစ် ဦးသင်းမောင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒေါက်တာ တင်လတ်၊ ကထိက၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်အပိုင်း(၂)၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့နှင့် ထည့်သွင်းဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာဝန်ပေးအပ်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြပါကော်မတီအတွင်းရေးမှူး ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက်တာဝန်ပေးခြင်းကို လွှတ်တော်ကသဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တင်ပြပါကော်မတီအတွင်းရေးမှူး ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ အရ လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းထားတဲ့မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ လွှတ်တော်အစည်းအဝေးမှာ ပထမတစ်နာရီသည် မေးခွန်းများမေးမြန်း၊ ဖြေကြားရန်ဖြစ်ပါတယ်။ ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ မေးခွန်းအရေအတွက်များပြားတဲ့အတွက် မေးခွန်းများကို ပြန်လည်ဖြေကြားနိုင်ရန် အချိန်ပိုမိုလိုအပ်မှာဖြစ်ပါတယ်။ မေးခွန်းမေးခြင်းနှင့်စပ်လျဉ်းပြီး နည်းဥပဒေ ၁၁၃ ပါစည်းကမ်းချက်များနှင့်လည်း ညီညွတ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များ မေးတဲ့မေးခွန်းများကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရန် အချိန်လုံလောက်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိမေးမြန်းလိုတာကို တိုတိုရှင်းရှင်းသာ မေးမြန်းစေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းပြီးလို့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကဖြေကြားရာမှာလည်း မလိုအပ်ဘဲရှည်လျားတဲ့ရှင်းလင်းဖြေကြားခြင်းမပြုဘဲ မေးခွန်းလိုအပ်ချက်ကိုအဓိကထားပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေကြားစေလိုပါတယ်။ ဒါမှသာ လွှတ်တော်အစည်းအဝေးကျင်းပတဲ့ရက်တိုင်းရဲ့ ပထမတစ်နာရီအတွင်းမှာ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းကို ဆောင်ရွက်နိုင်မှာဖြစ်ပြီး အချိန်ကိုတန်ဖိုးရှိစွာ အသုံးပြုသွားနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**စာရင်းကိုင်စာရင်းစစ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး (ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာလာမယ့် ၂၀၁၅ ခုနှစ်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်းတင်းပြည့်အဖွဲ့ဝင် ဖြစ်လာမှာဖြစ်ပါတယ်။ အဲ့ဒီအခါမှာ ဒေသတွင်းမှာရှိတဲ့ စီးပွားရေး၊ ဘဏ္ဍာရေးလုပ်ငန်းတွေအပြန်အလှန်၊ ကုန်သွယ်ရေးမူဝါဒတွေ ကြီးမားဖွံ့ဖြိုးမြန်ဆန်လာမှာဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအတွင်းမှာ ထိုစီးပွားရေးဘဏ္ဍာရေးလုပ်ငန်းများကိုစောင့်ကြည့်မှု၊ အကဲခတ်မှု၊ စိစစ်မှု၊ တွက်ချက်သုံးသပ်မှုများပြုလုပ်နိုင်ရန်အတွက် အရည်အချင်း

ပြည့်ဝပြီးကျွမ်းကျင်တဲ့ စာရင်းကိုင်၊ စာရင်းစစ်ပညာရှင်များအရေအတွက်အားဖြင့် များစွာလိုအပ်မည် ဖြစ်ပါတယ်။ အဆိုပါလိုအပ်ချက်များအရ မြန်မာနိုင်ငံစာရင်းကောင်စီမှ ပြုစုပျိုးထောင်လေ့ကျင့်ပေး ထားတဲ့ စာရင်းကိုင်၊ စာရင်းစစ်များအား အချိန်မီပိုမိုတိုးချဲ့လေ့ကျင့်ပေးရန် မည်သို့စီစဥ်ဆောင်ရွက် ထားသည်ကိုသိလိုပါတယ်။ အနည်းငယ်တိုတိုလေးရှင်းခွင့်ပြုပါဥက္ကဋ္ဌကြီးရှင့်။ အခုမြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ နိုင်ငံရေး၊ စီးပွားရေးတွေ ပြောင်းလဲတိုးတက်လာတဲ့အတွက်ကြောင့်မို့လို့ အရင်းအနှီးတွေ ပြည်တွင်းပြည်ပကနေတိုးတက်ပြီးတော့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာမယ့် အချိန်မှာ စီးပွားရေးလုပ်ငန်းတွေစနစ်တကျဆောင်ရွက်ဖို့ စီးပွားရေးလုပ်ငန်းတွေရဲ့ Performance ကို တိုင်းတာဖို့၊ တွက်ချက်ဖို့၊ စောင့်ကြည့်ဖို့ အရည်အချင်းပြည့်ဝတဲ့ CPA ပညာရှင်တွေများစွာ လိုအပ်တဲ့ အချိန်မှာ CPA ပညာရှင်များထုတ်လုပ်မှုဟာ များစွာကျဆင်းလာတာကို တွေ့ရပါတယ်။ ကျွန်မတို့ခေတ် ၁၉၇၄-၇၅ တုန်းကဆိုလို့ရှိရင် CPA အောင်ချက်ရာခိုင်နှုန်းဟာ ၇၀ ရာခိုင်နှုန်းကျော် ပါတယ်။ အခု ၂၀၀၉ CPA ၊ ကျွန်မတို့က ပထမ Batch အခု ၃၃/၃၄ Batch တွေမှာကျတော့ အောင်ချက်က ၂၀ ရာခိုင်နှုန်းထက် တဖြည်းဖြည်းကျနေပါတယ်။ သင်တန်းတက်တဲ့လူက ၁၀၀ ကျော် ရှိတယ်။ ၁၀၀ ကျော်မှာ ၂၀ ရာခိုင်နှုန်းပဲအောင်တယ်ဆိုတော့ တစ်နှစ်ကို CPA ထုတ်လုပ်မှု ဘယ်လောက်တောင် ကျဆင်းတယ်ဆိုတာ ထင်ရှားစွာတွေ့နိုင်ပါတယ်။ အဲ့ဒီတော့ CPA ဘာကြောင့် ထုတ်လုပ်မှုကျဆင်းသလဲဆိုရင် Academic ကြောင့်လား၊ စာမေးပွဲစနစ်ကြောင့်လား၊ နောက် သင်ကြားရေးဆရာတွေကြောင့်လား၊ အဲ့ဒါကို ကျွန်မတို့နည်းလမ်းရှာရပါမယ်။ အဲဒီတော့ ကျွန်မတို့ ခေတ်ကဆရာတွေလို Reference ကောင်းကောင်းပေးရမယ်။ နားလည်အောင်၊ တတ်ကျွမ်းအောင်၊ ကျောင်းသား စာမေးပွဲအောင်ဖို့ ဘယ်လိုသင်မလဲဆိုတဲ့ မေးခွန်းဟောင်းလေးပြန်ဖြေမယ်ဆိုတဲ့ ကိစ္စတွေလည်း လုပ်ဖို့လိုမယ်လို့ထင်ပါတယ်။ နောက်တစ်ခုက အခုနိုင်ငံတော်မှာလည်းကျင့်သုံးတယ်။ အထူးအားဖြင့် ACCA စာမေးပွဲ ကျွန်မတို့မြန်မာပြည်မှာကျတော့ ကျန်းမာရေးဆေးကျောင်းတွေမှာ ကျင့်သုံးတဲ့ Supplementary စာမေးပွဲဖြေတဲ့စနစ်တွေ CPA မှာကျင့်သုံးပေးမယ်ဆိုရင် ကျတဲ့ဘာသာ အားလုံးပြန်ဖြေစရာမလိုဘဲနဲ့ Supplementary နောက်ဆက်တွဲစာမေးပွဲဖြေခြင်းအားဖြင့် စာမေးပွဲ အောင်ချက်တွေလည်း ပိုပြီးကောင်းမွန်လာမယ်။ CPA အရည်အသွေး၊ အရေအတွက်တွေလည်း ပိုမိုထုတ်လုပ်နိုင်မယ်လို့အကြံပြုရင်း မေးခွန်းမေးမြန်းအပ်ပါတယ်။ မည်ကဲ့သို့စီစဥ်ထားသနည်း။ တကယ်လို့တိုးတက်ရန်မစီစဉ်ထားရင်လည်း မည်သည့်အတွက်ကြောင့် မစီစဉ်နိုင်သနည်း။ ဖြေကြား ပေးပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်တာဝန်ရှိသူမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ မေးမြန်းချက်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ စာရင်းစစ်ချုပ် ကျွန်တော် ဦးမျိုးမြင့်က ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေအရ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများနှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စီမံဆောင်ရွက်ပြီးတော့ ဖွင့်လှစ်လျက်ရှိပါတယ်။ ယခု အချိန်ထိ လက်မှတ်ရပြည်သူ့စာရင်းကိုင် ၁၉၇၁ ဦး၊ ဒီပလိုမာစာရင်းကိုင် ၃၈၈၈ ဦး မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီသင်တန်းနှစ်မျိုးစလုံးဟာ ပထမပိုင်း၊ ဒုတိယပိုင်းဆိုပြီးတော့ နှစ်နှစ်တက်ရတဲ့ သင်တန်းများဖြစ်ပါတယ်။ အခုတင်ပြခဲ့တဲ့ဦးရေများဟာ ဒီပထမပိုင်း၊ ဒုတိယပိုင်း စာမေးပွဲနှစ်ပိုင်းစလုံး ကို အောင်မြင်ခဲ့တဲ့ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသင်တန်းအစီအစဉ်အရ သင်တန်းပို့ချခဲ့တဲ့၊ သင်တန်းတက်ခဲ့တဲ့ဦးရေမဟုတ်ပါဘူးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး မေးတဲ့အထဲမှာ ပါတဲ့အချက်များဟာ မှန်ကန်ပါတယ်။ ကျွန်တော်တို့ အောင်ချက်ရာခိုင်နှုန်းများဟာ ကျဆင်းလာပါတယ်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကို စီးပွားရေးတက္ကသိုလ်မှ B.Com အောင်မြင်ပြီးတဲ့၊ Final Exam အောင်မြင်ပြီးတဲ့ဘွဲ့ရများကို ချက်ချင်းပဲဆက်တိုက်တက်စေတဲ့စနစ် ဖြစ်ပါတယ်။ ဝါဏိဇ္ဇ (B.Com) သင်ရိုးညွှန်းတမ်းများနှင့် CPA သင်ရိုးညွှန်းတမ်းများကို အဆင့်မြင့် ပြီးတော့ ချိတ်ဆက်ထားတဲ့အတွက်လည်းဖြစ်ပါတယ်။ CPA လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း တက်ခွင့်ကို ဝါဏိဇ္ဇဗေဒဘွဲ့ရများက လျှောက်ထားတဲ့အခါမှာ သူတို့ရဲ့ရရှိတဲ့ အမှတ်အများအနည်း အလိုက်စီစဉ်ပြီးတော့ Cream ကိုသာ ရွေးပြီးတော့ တက်ရောက်စေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သင်တန်းများကို စတင်တဲ့သင်တန်းအပတ်စဉ် ၁ ကနေပြီးတော့ ၁၅၊ ၂၀ လောက်ထိက ကျွန်တော်တို့ အောင်ချက်တွေ အင်မတန်မြင့်မားခဲ့ပါတယ်ခင်ဗျား။ နောက်ပိုင်းမှာတော့ အောင်ချက် တွေဟာကျဆင်းလာပါတယ်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများဆိုတာ Professional စာရင်းကိုင်များဖြစ်ပါတယ်။ ဒီသင်တန်းအောင်မြင်ပြီးသွားတဲ့အခါမှာ ဒီကလေးများဟာ ကုမ္ပဏီစာရင်း များကို စစ်ဆေးပြီးတော့ လက်မှတ်ထိုးခွင့်ရှိသွားမှာ ဖြစ်ပါတယ်။ အဲ့ဒါအပြင် ကုမ္ပဏီကြီးများ၊ နိုင်ငံတော်ဌာနကြီးများမှာလည်း စာရင်းများကိုကိုင်တွယ်ခန့်ခွဲရမယ့် ပညာရှင်များဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ သင်ရိုးညွှန်းတမ်းများ၊ စာမေးပွဲစနစ်များကို စနစ်တကျကြပ်မတ်ပြီးတော့ သင်တန်းပို့ချပြီး အရည်အချင်းပြည့်ဝတဲ့ကလေးများကိုသာ အောင်လက်မှတ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါတယ်။ မကြာမီမှာ ကျွန်တော်တို့ စီးပွားရေးအသိုက်အဝန်းဟာ ကျယ်ပြန့်ဖွံ့ဖြိုးလာတော့မှာကိုလည်း ကြိုတင်ပြီးတော့မြင်ခဲ့တဲ့အတွက် ဒီစာရင်းပညာရှင်ဦးရေနှင့် အရည်အသွေးကို ဒီ့ထက်တိုးမြှင့်ဖို့ မြန်မာနိုင်ငံစာရင်းကောင်စီက စီစဥ်ဆောင်ရွက်တဲ့အနေအထားလေးကို ကျွန်တော် ဆက်လက်တင်ပြပါမယ်။ ၂၀၁၁ ခုနှစ်ကနေ စတင်ဖွင့်လှစ်တဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းတွေမှာ စီးပွားရေးတက္ကသိုလ်က ဝါဏိဇ္ဇဘွဲ့ရများ၊ စာရင်းပညာဘွဲ့ရများအပြင် ဒီပလိုမာစာရင်းကိုင်သင်တန်းတွေမှာ ထူးချွန်စွာအောင်မြင်ခဲ့သော သင်တန်းသားများကိုပါ လက်ခံပြီးတော့ သင်ကြားပို့ချပေးနေပါတယ်။ စာရင်းပညာကျွမ်းကျင်သူအဆင့်မှာ အရည်အချင်းပြည့်မီတဲ့သူများကို စာရင်းပညာ ပညာရှင်အဆင့်ကို တက်လှမ်းနိုင်အောင် ဖွင့်ပေးရာရောက်တဲ့အပြင် ခုနက ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးမေးမြန်းတဲ့ အရေအတွက်ပိုမိုတိုးထုတ်နိုင်ဖို့ကိုလည်း ဦးတည်ရင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူပါပဲ ယခင်က ရန်ကုန်မှာသာဖွင့်လှစ်နိုင်ခဲ့တဲ့ ဒီပလိုမာစာရင်းကိုင်သင်တန်းများကို ယခုနေပြည်တော်ကို ရောက်ရှိပြောင်းရွှေ့လာကြတဲ့ နိုင်ငံ့ဝန်ထမ်းများ တက်ရောက်ဆည်းပူးနိုင်အောင်လို့ နေပြည်တော်မှာပါ ဒီပလိုမာစာရင်းကိုင်သင်တန်းများကို ဖွင့်လှစ်ပြီးတော့ ပို့ချလျက်ရှိပါတယ်။ အရေအတွက်များ တိုးချဲ့ပြီးတော့ သင်ကြားပို့ချပေးနိုင်အောင် သင်တန်းကျောင်းကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အရေအတွက်တိုးတက်ပို့ချနိုင်အောင်၊ ထုတ်လုပ်နိုင်အောင် ပြုပြင်ဆောင်ရွက်လျက်ရှိသလို အရည်အသွေးများ မကျဆင်းအောင်၊ တိုးတက်အောင်ဆောင်ရွက်ထားတာကိုလည်း ဆက်လက် ဖြေကြားပါမယ်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများရဲ့ သင်ရိုးညွှန်းတမ်းများကို အပြည်ပြည်ဆိုင်ရာစာရင်းပညာသင်တန်းများရဲ့ သင်ရိုးညွှန်းတမ်းများနှင့် ထိန်းညှိပြီးတော့ လိုအပ်သလိုချိတ်ဆက်ပြင်ဆင်ထားပါတယ်။ ဒါ့အပြင် သင်တန်းအောင်မြင်ပြီးတော့ အလုပ်အကိုင်အသီးသီးမှာ ဆောင်ရွက်နေကြတဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအတွက် ဆက်လက်ပြီးတော့ ဖြစ်ပေါ်တိုးတက်လာတဲ့ စာရင်းပညာနယ်ပယ်မှာ အသစ်တိုးတက်လာတဲ့စံများ၊ နည်းစနစ်များ၊ သီအိုရီများ၊ အဲ့ဒါတွေနဲ့ကင်းကွာမှုမရှိအောင် Continuing Professional Education Program များချမှတ်ပြီးတော့ လစဉ်ဟောပြောပွဲများဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို CPE နာရီပြည့်မီတဲ့ CPA များကိုသာ နှစ်စဉ် စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ချပေးလျက်ရှိပါတယ်။ ဒါဟာဖြင့်ရင် အရေအတွက် တိုးတက်

ထုတ်လုပ်ခြင်းအပြင် အရည်အသွေးကိုပါ ထိန်းသိမ်းမြှင့်တင်ပေးနေခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒါအပြင် အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံများ၊ စာရင်းစစ်စံများကိုလည်းပဲ စာရင်းပညာဝန်ထမ်းများ၊ စာရင်းပညာအင်အားစုများ စဉ်ဆက်မပြတ် လိုက်နာကျင့်သုံးနိုင်အောင် မြန်မာနိုင်ငံစာရင်းကောင်စီက ချမှတ်ပြဋ္ဌာန်းပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားလမ်းကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်တင်နွယ်ဦး ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး (ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ ကျွန်မ ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့အကြီးဆုံးမြို့တော်ဖြစ်သော ရန်ကုန်မြို့အတွင်းမှာ ပြေးဆွဲလျက်ရှိနေတဲ့ မြို့ပတ်ရထားလမ်းကြောင်းအား အခြေခံလူတန်းစားများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရှေးယခင်ကဖောက်လုပ်ရန်စီမံချက်ရှိခဲ့သော ဒဂုံတက္ကသိုလ်ကနေတစ်ဆင့် မြောက်ဒဂုံမြို့နယ်ကို ဖြတ်သန်းပြီး မြောက်ဒဂုံမြို့နယ်မှာရှိတဲ့ ပြည်ထောင်စုလမ်းမကြီးကို ဖြတ်သန်းပြီးတော့ ပုလဲ-ရွှေပေါက္ကံ-ထောက်ကြန့်-လှော်ကားစသည်ဖြင့် တိုးချဲ့ဖောက်လုပ်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ ဖြေကြားပေးစေလိုပါတယ်။ နည်းနည်းလေးပြောခွင့်ပြုပါ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ အကြီးဆုံးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့မှာ ၂၀၁၀ ခုနှစ်မှာ ခန့်မှန်းခြေအရ လူဦးရေ ၄.၄ သန်းလောက်ရှိခဲ့ပါတယ်။ မြို့တော်ရဲ့အကျယ်အဝန်းဟာ စတုရန်းကီလိုမီတာ ၅၉၈.၇၅ ရှိတဲ့အတွက်ကြောင့် လူဦးရေသိပ်သည်းမှုဟာလည်း ၁ စတုရန်းမိုင်မှာဆိုရင် ၇၂၆၂ ဦးရှိကြောင်း သိခဲ့ရပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံတော်ရဲ့ လူဦးရေအရ အာရှတိုက်မှာရှိတဲ့ လူဦးရေထူထပ်တဲ့မြို့ထဲမှာဆိုရင် တစ်ခုအပါအဝင်ဖြစ်ပြီးတော့ ကမ္ဘာ့လူဦးရေထူထပ်တဲ့မြို့ထဲမှာဆိုလည်း မြို့ကြီးတွေမှာ ဖြေရှင်းရခက်တဲ့ပြဿနာထဲမှာလည်း ဒီမြို့ပြသယ်ယူပို့ဆောင်ရေးက အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ အခု ရန်ကုန်မြို့တော်မှာ ဆိုလို့ရှိရင် လူဦးရေ ၁.၆ သန်းက ၁၉၆၀ ခုကရှိခဲ့တာပါ။ အခုဆိုရင် သုံးဆနီးပါး၊ အခု ကျွန်မတို့ ၂၀၁၁-၂၀၁၂ မှာဆိုရင် သုံးဆနီးပါးဆိုတော့ ငါးဆလောက်ရှိနေပါပြီ။ အဲဒီတော့ မြို့ပြသယ်ယူပို့ဆောင်ရေး ပြဿနာကို ဖြေရှင်းဖို့ အဲဒီအချိန်တုန်းကလုပ်ခဲ့တဲ့ မြို့ပတ်ရထားရဲ့အရှည်မိုင်ဟာဆိုရင် ၂၇.၅ မိုင်ပဲရှိပါတယ်။ အဲဒီအချိန်က မြို့ရဲ့အကျယ်အဝန်းဟာလည်း ၂၀၈ ကီလိုမီတာပဲရှိခဲ့ပါတယ်။ အခုဟာကျတော့ မြို့အကျယ်အဝန်းဟာလည်း သုံးဆနီးပါးကျယ်လာပြီ။ လူဦးရေဟာလည်း သုံးဆနီးပါးတိုးတက်လာပြီဖြစ်ပါတယ်။ အဲဒီတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်အချိန်က မြို့တော်လူဦးရေအတွက် အခြေပြု

တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့ပတ်ရထားစနစ်ကဆိုလို့ရှိရင် လက်ရှိ ရန်ကုန်မြို့တော်ရဲ့ အကျယ်အဝန်း လူဦးရေအတွက် မလုံလောက်တာကို တွေ့နိုင်ပါတယ်။ အဲဒီတော့ အခုလက်ရှိပြေးဆွဲနေတဲ့ မြို့ပတ် ရထားနဲ့ပတ်သက်ပြီးတော့ သယ်ယူပို့ဆောင်ရေးကိစ္စများ အဆင်ပြေအောင်လို့ လက်ရှိပြေးဆွဲတဲ့ ရထားတွဲများ၊ လက်ရှိပြေးဆွဲနေတဲ့ ရထားလမ်းတွေကို အဆင့်မြှင့်တင်ပေးရန်နှင့် ရထားလမ်းပြေးဆွဲရေး အတွက်ကို စီမံခန့်ခွဲမှုများ အဆင့်မြှင့်စီစဉ်ဖို့အစီအစဉ်ရှိပါသလား။ တကယ်လို့မရှိခဲ့ဘူး ဆိုလို့ရှိရင် လည်း မည်သည့်အတွက်ကြောင့်မရှိသည်ကို ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာမေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ မေးခွန်းကို ကျွန်တော် ဦးအောင်မင်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ ဒေါ်တင်နွယ်ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ အကြီးဆုံးမြို့တော်ဖြစ်သော ရန်ကုန်မြို့အတွင်းပြေးဆွဲလျက်ရှိသော မြို့ပတ်ရထား လမ်းကြောင်းအား အခြေခံလူတန်းစားများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ယခင်ကဖောက်လုပ် ရန် စီမံချက်ရှိခဲ့သော ဒဂုံတက္ကသိုလ်မှတစ်ဆင့် မြောက်ဒဂုံမြို့နယ်ကို ဖြတ်သန်းပြီး ပုလဲ-ရွှေပေါက်ကံ- ထောက်ကြန့်-လှော်ကားစသည်ဖြင့် တိုးချဲ့ဖောက်လုပ်ပေးမည့်အစီအစဉ် ရှိ၊ မရှိ မေးမြန်းထားပါတယ်။

ရထားလမ်းစီမံကိန်းများမှာ ကုန်ကျစရိတ်များပြားသည့်အတွက် ဦးစားပေးအဆင့်များ ခွဲခြား သတ်မှတ်ပြီး ထိုဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒဂုံတက္ကသိုလ်-ပုလဲ- ထောက်ကြန့်-မိုးကြိုးပစ်ရထားလမ်းမှာ လာမည့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့်လျာထားချက်တွင် ပါဝင်ခြင်းမရှိပါ။ တစ်ဆက်တည်း ဖြည့်စွက်တင်ပြလိုသည်မှာ ရန်ကုန်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး မြို့တော်အင်္ဂါရပ်နှင့်အညီဆောင်ရွက်ရန် နိုင်ငံခြားပညာရှင်များ၏ အကူအညီဖြင့် City Development Plan ရေးဆွဲလျက်ရှိပါတယ်။ သီလဝါနဲ့ရန်ကုန်မြစ်ဝဒေသတွင်လည်း စီးပွားရေးဇုန်တစ်ခုတည်ဆောက်ရန် နိုင်ငံခြားအရင်းအနှီးများ ဖိတ်ခေါ်လျက်ရှိပါတယ်။ ဖော်ပြပါစီမံကိန်းများတွင် မြေပေါ်မြေအောက်ရထားအစီအစဉ်များပါ ထည့်သွင်း ရေးဆွဲထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**သာစည်-တောင်ပေါ်မီးရထားလမ်းပိုင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သာစည်-တောင်ပေါ်ရထား ပြေးဆွဲမည့်ကိစ္စနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်ရှိ သာစည်ဘူတာသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းနှင့်အောက်ပိုင်း မြေပြန့်တောင်ပေါ် ဒေသများအား ချိတ်ဆက်ပေးသည့် မြန်မာ့မီးရထားများဖြတ်သန်းပြေးဆွဲခဲ့သည့် နေရာဖြစ်ပါတယ်။ မီးရထားလမ်းဆုံဘူတာလည်းဖြစ်ပါတယ်။ သာစည်ဘူတာနှင့်တောင်ပေါ်ဒေသများအား ဆက်သွယ်ရာ မီးရထားလမ်းပိုင်းတွင် ယခင်က သာစည်-လွိုင်ကော်၊ သာစည်-ရပ်စောက်၊ သာစည်- ရွှေညောင် စသဖြင့် အစုန်၊အဆန်ရထားသုံးစီးဖြင့် နေ့စဉ်ပြေးဆွဲခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှစ၍ သာစည်-ရပ်စောက် ရထားတစ်စီးသာ သာစည်ဘူတာမှ ထွက်ခွာပြေးဆွဲခဲ့ပြီး ကျန်ရထားများကို နေပြည်တော်ဘူတာမှ တိုက်ရိုက်ပြေးဆွဲခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တောင်ပေါ်မြေပြန့် ခရီးသွားပြည်သူများသွားလာနိုင်ရေး အတွက်လည်းကောင်း၊ ဒေသထွက်ကုန်များ အချိန်မီရောင်းဝယ်နိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက်လည်းကောင်း သာစည်-တောင်ပေါ်မီးရထားလမ်းပိုင်းအတွက် မီးရထား တစ်စီး ထပ်မံပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိကို သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးမှ သာစည်ဘူတာနှင့် တောင်ပေါ်ဒေသများအား ယခင်အစုန်၊ အဆန်ရထားသုံးစီးဖြင့် နေ့စဉ်ပြေးဆွဲပေးခဲ့သော်လည်း ၂၀၀၉ ခုနှစ်မှစတင်၍ ရထားသုံးစီးအနက်မှ သာစည်-ရပ်စောက်ရထားတစ်စီးသာ သာစည်ဘူတာမှ ထွက်ခွာပြေးဆွဲပြီး ကျန် ရထားများကို နေပြည်တော်ဘူတာမှ တိုက်ရိုက်ပြေးဆွဲခဲ့ပါကြောင်း၊ သာစည်ဘူတာမှ တောင်ပေါ်ဒေသ များသို့ နေ့စဉ်တင်ပို့ရောင်းချသော ဒေသထွက်ကုန်များနှင့် ခရီးသွားများအဖို့ သာစည်-ရပ်စောက် ရထားတစ်စီးဖြင့် မလုံလောက်သည်ကိုတွေ့ရှိရပါကြောင်း၊ သာစည်-တောင်ပေါ်မီးရထားလမ်းအတွက် မီးရထားတစ်စီး ထပ်မံပြေးဆွဲပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာစည်-ရွှေညောင် လမ်းပိုင်းတွင် ဆင်ခြေလျှောကန့်သတ်ချက်နှင့် စက်ခေါင်းဆွဲအားအရ သာစည်မှလယ်ပြင်အထိ လူစီးတွဲငါးတွဲ၊ တပ်ရိက္ခာတွဲတစ်တွဲ၊ ဆီလုံးတွဲတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲသာ ချိတ်ဆက်နိုင်ပါတယ်။ ထို့ကြောင့် သာစည်မှလူစီးတွဲငါးတွဲဖြင့်ထွက်ခွာပြီး လယ်ပြင်ရောက်သည့်အခါ လူစီးတွဲနှစ်တွဲ ဖြုတ်ကာ ကျန်သုံးတွဲဖြင့် ရွှေညောင်သို့ ဆက်လက်ထွက်ခွာပါတယ်။ ထိုသို့ သာစည်နှင့်လယ်ပြင်ကြား တွင် အပိုလူစီးတွဲနှစ်တွဲချိတ်ဆက်ပေးနိုင်သဖြင့် လယ်ပြင်ဒေသရှိ ရွှေတွင်းများသို့ သွားရောက်သည့် ခရီးသည်များ အဆင်ပြေခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၁၄၃ အဆန်ရထားတွင် လက်ရှိသာစည်ဘူတာမှ စီးနင်းသည့်ခရီးသည် တစ်ရက်ပျမ်းမျှ ၁၅၀ ဦးခန့်အနက် လယ်ပြင်/လွန်းထိုး (ရွှေတွင်းဒေသ)သို့ သွားရောက်သည့် ခရီးသည်မှာ တစ်ရက်ပျမ်းမျှ ၁၀၀ ခန့်ရှိပါတယ်။ ထို့ကြောင့် လက်ရှိလူစီးတွဲ အရေအတွက်ဖြင့် လုံလောက်ကြောင်းတွေ့ရှိရပါတယ်။ တောင်ပေါ်ဒေသသို့ သာစည်ဒေသထွက်ကုန်များ တင်ပို့မှုနည်းပါးပြီး ရန်ကုန်၊ မန္တလေး၊ မြင်းခြံဒေသများမှ သာစည်သို့ရောက်ရှိပြီး တောင်ပေါ်သို့ ထပ်ဆင့်တင်ပို့သော ပစ္စည်းများသာ များပြားပါတယ်။ ထိုကုန်စုစုပေါင်း လက်ရှိတင်ပို့မှုမှာ တစ်ရက်ပျမ်းမျှ ၁၅.၅၄ တန်ခန့်သာရှိသဖြင့် အမှတ် ၁၄၃ အဆန်လူစီးရထားမှ ဘရိတ်တွဲဖြင့် လုံလောက်စွာ တင်ပို့နိုင်ခဲ့ပါတယ်။ အကယ်၍ သာစည်ဘူတာ၌ တောင်ပေါ်ဒေသသို့တင်ပို့မည့်ကုန်များ စုပုံလာပါက နောက်ထပ် ၃၂ တန်တင်နိုင်သော ပါဆယ်တွဲစီစဉ်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လက်ရှိ ခရီးသည်စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုအခြေအနေများအရ ၁၄၃ အဆန်ရထားတစ်စီးဖြင့် လုံလောက်မှုရှိပါ၍ နောက်ထပ်လူစီးရထားတစ်စင်း ထပ်မံပြေးဆွဲရန် မလိုအပ်သေးပါကြောင်း ကုန်စည်စီးဆင်းမှုကို အမြဲမပြတ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်က ထပ်မံဖြည့်စွက်ပေးမည်ဖြစ် ပါကြောင်း ပြန်ကြားအပ်ပါတယ်။ (သြဘာသံများ)

**မီးရထားလမ်းဖြတ် Underpass နှစ်ခုတည်ဆောက်ပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့အလယ်မှာ ရန်ကုန်-မန္တလေးမီးရထားလမ်းဟာ တောင်မြောက်ဖြတ်သန်းသွားပါတယ်ခင်ဗျား။ ရန်ကုန်-မန္တလေး

ကားလမ်းမကြီးနဲ့လည်း မြို့လယ်မှာတွေ့ဆုံပါတယ်ခင်ဗျား။ မီးရထားလမ်းရဲ့ အရှေ့ဘက်မှာ ၄ ရပ်ကွက်၊ မီးရထားလမ်းရဲ့ အနောက်ဘက်မှာ ၄ ရပ်ကွက်ရှိပါတယ်ခင်ဗျား။ ပျော်ဘွယ်ဘူတာဟာ ရန်ကုန်-မန္တလေး မီးရထားလမ်းနဲ့ ရှမ်းပြည်နယ် မီးရထားလမ်း၊ ပျော်ဘွယ်-နတ်မောက် မီးရထားလမ်း များ ဆုံရာလမ်းဖြစ်တဲ့အတွက်ကြောင့် ရထားအဝင်အထွက်များတဲ့မြို့ဖြစ်ပါတယ်။ နေ့စဉ်ဖြတ်သန်း သွားတဲ့ မီးရထား၊ ကားရထားများစွာရှိပါတယ်။ သို့အတွက် နေ့စဉ် ဂိတ်မကြာခဏပိတ်နေသဖြင့် ပြည်သူလူထုအနေနဲ့ ပျော်ဘွယ်မြို့အရှေ့ဘက်၊ အနောက်ဘက်ကိုကူးတဲ့အခါမှာ လွန်စွာ အခက်အခဲ ရှိပါတယ်။ အဝေးပြေးကားကြီးများ၊ ဆိုင်ကယ်များ၊ ခရီးသည်များဂိတ်ပိတ်ထားလို့ရှိရင် လွန်စွာကြာမြင့်စွာစောင့်နေရပါတယ်။ “ပျော်ဘွယ်ဂိတ်ပိတ်တစ်ညအိပ်” ဆိုတဲ့စကားတောင်မှ ပြည်သူကြားထဲမှာ ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ပျော်ဘွယ်မြို့သူ/မြို့သားများ မီးရထားလမ်းကိုဖြတ်၍ အချိန်မရွေး သွားလာနိုင်ရေးအတွက် Underpass နှစ်ခုတည်ဆောက်ပေးမယ်လို့လည်း သိရှိရပါတယ်ခင်ဗျား။ တည်ဆောက်ပေးမည်ဆိုလျှင် ဘယ်တော့တည်ဆောက်ပေးမည်ဆိုတာကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးမှ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူများ ရထားလမ်းကို ဖြတ်၍ အချိန်မရွေးသွားလာနိုင်ရေးအတွက် Underpass နှစ်ခုတည်ဆောက်ပေးမည်ဟု သိရပါ၍ ဆောက်ပေးမည်ဆိုရင် ဘယ်တော့လောက်တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။ ပျော်ဘွယ်မြို့၏ မြို့ပြဖွံ့ဖြိုးမှုအရ မြို့လယ်ရထားလမ်းနှင့် ကားလမ်းဆုံရာဒေသတွင် လမ်းပိတ်ဆို့မှုများဖြစ်လျက်ရှိသဖြင့် Underpass နှစ်ခုတည်ဆောက်ပေးရန် အဆိုပြုလာသည့် နေရာနှစ်ခုကို မြန်မာ့မီးရထားအင်ဂျင်နီယာများမှ စစ်ဆေးကြည့်ရှုရာ မြေအနေအထားအရ ဖြစ်နိုင်ခြေရှိသော ပျော်ဘွယ်မြို့ အထကအနီး မိုင်တိုင် ၂၈၇/၁၈-၁၉ နေရာတွင် Underpass တစ်ခု တည်ဆောက်ရန် ဒီဇိုင်းရေးဆွဲပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လဆန်းမှစတင်ပြီး အမြန်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ရထားများတွင် အထက်တန်း၊ ရိုးရိုးတန်းထိုင်ခုံနေရာများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ညွှေ့သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသခံ ပြည်သူများ သွားလာရေးအဆင်ပြေစေဖို့အတွက် မီးရထားထိုင်ခုံလက်မှတ်များ ရရှိမှုအခြေအနေနဲ့ ပတ်သက်ပြီး မေးခွန်းတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ဟာဆိုလို့ရှိရင် စစ်ကိုင်းတိုင်း ဒေသကြီးရဲ့ အစွန်းဆုံးမှာရှိပြီး ကချင်ပြည်နယ်နဲ့ ကပ်လျက်တည်ရှိတဲ့မြို့ဖြစ်ပါတယ်။ ခရိုင်မြို့ဖြစ်ပြီး မြို့နယ် ခုနစ် မြို့နယ်ပါဝင်ပါတယ်။ ဒါ့အပြင် ခရိုင်အဆင့် ဌာနဆိုင်ရာရုံး ၃၃ ရုံး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ၃၄ ရုံးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၄၀၀၀ ကျော် နေထိုင်ကြပါတယ်။ ဒါ့အပြင် နယ်မြေခံ တပ်ရင်း တစ်ရင်း၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ အုပ်စုနှင့် ကျေးရွာပေါင်း ၁၃၆ ရွာတို့ မှာလည်း လူဦးရေတစ်သိန်းခွဲကျော် နေထိုင်တဲ့မြို့ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့မှာ မှီတင်းနေထိုင် ကြတဲ့ မိဘပြည်သူများနှင့် အမှုထမ်း၊ အရာထမ်းများဟာ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားအစရှိတဲ့ မြို့များနှင့်ခရိုင်အတွင်းမှာရှိတဲ့ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး အစရှိတဲ့ မြို့တွေကိုသွားလာကြတဲ့အခါမှာ အဓိက မီးရထားကိုပဲအားကိုးပြီးတော့မှ သွားလာကြရ ပါတယ်။ နိုင်ငံတော်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၊ ကချင်ပြည်နယ် ဗန်းမော်မြို့တို့ကို ဆက်သွယ်ပေးမယ့် မီးရထားလမ်းကြီး ဖောက်လုပ်ပေးလျက်ရှိတဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ လည်း နိုင်ငံတော်ကိုကျေးဇူးတင်လျက် ရှိကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကသာမြို့မှာ နေထိုင်ကြတဲ့ ဒေသခံ ပြည်သူများဟာ အကြောင်းကြီးငယ်ကြောင့် ကျွန်တော်ဖော်ပြခဲ့တဲ့မြို့များကို သွားလာတဲ့အခါမှာ ကသာမြို့နဲ့ ၁၆ မိုင်ဝေးတဲ့ နဘားဘူတာကနေတစ်ဆင့် သွားလာကြရပါတယ်။ ယခင်က ကသာမြို့ ခရီးသည်များအတွက် ကသာသီးသန့်တွဲတစ်တွဲကို နဘားဘူတာမှာထားရှိပြီးတော့မှ မြစ်ကြီးနားက လာတဲ့ အမှတ် ၄၂ အစုန်ရထားနဲ့ ချိတ်ဆက်ပေးခဲ့ဖူးပါတယ်။ ဒါ့အပြင် အမှတ် ၃၇ အဆန်နှင့် အမှတ် ၃၈ အစုန်ရထားတို့ကိုလည်း နဘားဘူတာမှာ ရပ်နားပေးခဲ့တဲ့အတွက် ခရီးသွားလာတဲ့ ပြည်သူများဟာ အဆင်ပြေခဲ့ကြရပါတယ်။ အခုအခါမှာတော့ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ အဆိုပါ ရထားများ

နဘားဘူတာမှာ ရပ်နားခြင်းမရှိတော့ခြင်း၊ သီးသန့်တွဲချိတ်ဆက်ခြင်းမရှိတော့ခြင်း တို့ကြောင့် သွားလာရေးခက်ခဲလျက်ရှိကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကသာဘူတာမှာ ရောင်းချခွင့်ရှိတဲ့ မီးရထားလက်မှတ်အရေအတွက်ဟာ အမှတ် ၄၂ အစုန်ရထားမှာ ရိုးရိုးတန်းထိုင်ခုံ ၁၇ နေရာ၊ အမှတ် ၅၆ အစုန်ရထားမှာ အထက်တန်းထိုင်ခုံ ၅ နေရာနှင့် ရိုးရိုးတန်းထိုင်ခုံ ၃၀ နေရာ၊ အမှတ် ၅၈ အစုန်ရထားမှာ ရိုးရိုးတန်းထိုင်ခုံ ၅ နေရာ၊ ပထမတန်းထိုင်ခုံ ၂ နေရာ၊ အထက်တန်းထိုင်ခုံ ၂နေရာတို့ကိုသာ ခွဲတမ်းအဖြစ်ရောင်းချပေးလျက်ရှိပါတယ်။ နဘားဘူတာအနေနဲ့ အမှတ် ၄၂ အစုန်ရထားမှာ ရိုးရိုးတန်းထိုင်ခုံ ၁၅ နေရာ၊ ပထမတန်းထိုင်ခုံ ၃ နေရာ၊ အမှတ် ၅၆ အစုန်ရထားမှာ အထက်တန်းထိုင်ခုံ ၃ နေရာ၊ ပထမတန်းထိုင်ခုံ ၂ နေရာနှင့် ရိုးရိုးတန်းထိုင်ခုံ ၁၅ နေရာ ရောင်းချပေးလျက်ရှိပါတယ်။ အဲဒီနဘားဘူတာဟာဆိုလို့ရှိရင် ကျွန်တော်တို့ ကသာမြို့ပြည်သူလူထုသာမက အင်းတော် ၊ ဗန်းမောက်အစရှိတဲ့ ဒေသခံပြည်သူများပါ လာရောက်စီးနင်းကြတဲ့ဘူတာဖြစ်တဲ့အတွက် ကသာဘူတာနဲ့နဘားဘူတာတို့မှာ ဖော်ပြပါမီးရထားထိုင်ခုံနေရာများမှာ အထက်တန်း၊ ရိုးရိုးတန်းထိုင်ခုံနေရာများကိုယခုလက်ရှိ အခြေအနေထက် တိုးမြှင့်ပေးနိုင်မှုအခြေအနေရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းမှ ကသာဘူတာနှင့် နဘားဘူတာတို့တွင် အမှတ် ၅၆ အစုန်နှင့် အမှတ် ၄၂ အစုန်ရထားများတွင် အထက်တန်း၊ ရိုးရိုးတန်းထိုင်ခုံနေရာများအား ယခုလက်ရှိအခြေအနေထက်ပိုမိုတိုးမြှင့်ပေးနိုင်မှုအခြေအနေ ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။ အမှတ် ၅၆ အစုန်ရထားတွင် အထက်တန်း ၂ တွဲ၊ ပထမတန်း ၁ တွဲ၊ ရိုးရိုးတန်း ၈ တွဲ ချိတ်ဆက်ထားသဖြင့် အထက်တန်းထိုင်ခုံ ၈၀ နေရာ၊ ပထမတန်းထိုင်ခုံ ၆၂ နေရာ၊ ရိုးရိုးတန်းထိုင်ခုံ ၄၉၆ နေရာပါရှိပါတယ်။ ၎င်းထိုင်ခုံများကို ပြည်နယ်အဆင့် မြစ်ကြီးနားဘူတာ၊ ခရိုင်အဆင့် ၃ ဘူတာ၊ မြို့နယ်အဆင့် ၈ ဘူတာ၊ ကျေးရွာအဆင့် ၁၁ ဘူတာ၊ စုစုပေါင်း ၂၃ ဘူတာသို့ ခွဲဝေပေးခဲ့ရပါတယ်။ အမှတ် ၄၂ အစုန်ရထားအတွက် အထက်တန်းတွဲ ၂ တွဲ၊ ပထမတန်း ၁ တွဲ၊ စာတိုက်တွဲ ၁ တွဲ၊ ရိုးရိုးတန်း ၄ တွဲ ချိတ်ဆက်

သဖြင့် အထက်တန်း ထိုင်ခုံ ၈၀ နေရာ၊ ပထမတန်းထိုင်ခုံ ၆၂ နေရာ၊ ရိုးရိုးတန်းထိုင်ခုံ ၂၄၈ နေရာ ပါရှိပါတယ်။ ထိုထိုင်ခုံနေရာများကိုလည်း ပြည်နယ်အဆင့် မြစ်ကြီးနားဘူတာ ၊ ခရိုင်အဆင့် ၃ ဘူတာ၊ မြို့နယ်အဆင့် ၈ ဘူတာ၊ မြို့နယ်/ကျေးရွာအဆင့် ၃၂ ဘူတာ၊ စုစုပေါင်း ၄၄ ဘူတာကို ခွဲဝေပေးခဲ့ရပါတယ်။ ထိုသို့ရထားအလိုက်ပါရှိသော ထိုင်ခုံများကို ရပ်တန့်သည့် ဘူတာအများအပြားသို့ ခွဲဝေပေးရာတွင် စီးနင်းသည့်ခရီးသည်အရေအတွက် ခရီးသွားသည့်အကွာအဝေးစသည်များကို တွက်ချက်ပြီးတော့မှ ခွဲဝေပေးခဲ့ပါတယ်။ ယခုကသာနှင့် နဘားဘူတာများသို့ လက်မှတ်ခွဲတမ်း တိုးမြှင့်ပေးရန် တောင်းခံချက်အပေါ် အောက်ပါအတိုင်း အထက်တန်းနှင့်ရိုးရိုးတန်းထိုင်ခုံ ၂၀ နေရာတိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၅၆ အစုန်မှာ အထက်တန်းထိုင်ခုံ ၃ နေရာ၊ ရိုးရိုးတန်းထိုင်ခုံ ၇ နေရာ၊ အမှတ် ၄၂ အစုန်မှာ အထက်တန်းထိုင်ခုံ ၄ နေရာ၊ ၅၆ အစုန်မှာ ရိုးရိုးတန်းထိုင်ခုံ ၃ နေရာ၊ ၄၂ အစုန်မှာ အထက်တန်းထိုင်ခုံ ၄ နေရာ၊ အားလုံးထိုင်ခုံ ၂၀ နေရာကျော် တိုးမြှင့်ပေးမှာ ဖြစ်ပါတယ်။ ထို့အပြင် ကသာမြို့နယ်တွင် နေထိုင်ကြသော ပြည်သူများ ဝန်းသို-ကောလင်း-ပင်လည်ဘူးများသို့ သွားလာနိုင်ရန်အတွက် အမှတ် ၅၆ အစုန်ရထားတွင် ကောလင်းဘူတာအတွက် သတ်မှတ်ထားသော ရိုးရိုးတန်းတွဲ၌ ကသာမှ ကောလင်းအထိ ရိုးရိုးတန်းထိုင်ခုံ ၁၅ နေရာ၊ နဘားမှ ကောလင်းအထိ ရိုးရိုးတန်းထိုင်ခုံ ၅ နေရာတို့ကို သီးခြားစီစဉ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ကဒဲချောင်းကူးမီးရထားတံတားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်လှ(ပုလောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရာတွင် လမ်းအရှည် ၁၃၂ မိုင် ၅ဖာလုံ ဆောက်လုပ်ရာ၌ ထားဝယ်နှင့် သရက်ချောင်းရထားလမ်းပိုင်းသည် ရထားလမ်းပြီးစီး၍ ရထားသွားလာနိုင်ပြီဖြစ်ပါသည်။ သရက်ချောင်းမှပုလောသို့ ရထားလမ်းဖောက်လုပ်ရာတွင် မြဒေါင်ကျေးရွာ၊ လက္ကူးကျေးရွာအုပ်စုနှင့် တိုကျေးရွာအုပ်စု၊ ပိဒက်ကျေးရွာကြား ကဒဲမြစ်ကူးတံတားအပေါ် ရထားကူးတံတားတစ်စင်း ပါရှိကြောင်းသိရှိရပါသည်။ ၄င်းမြစ်ကူးတံတား မရှိသည့်အတွက် လက္ကူးကျေးရွာအုပ်စု ရှိ

ကျောင်းသူ ကျောင်းသားများသည် တိုကျေးရွာအထကခွဲ၊ ဗလကျေးရွာ အထကသို့ ကူးတို့လှေဖြင့်လည်းကောင်း၊ ဝါးလုံးဖောင်များဖြင့်လည်းကောင်း၊ စက်ဘီး၊ ဆိုင်ကယ်များဖြင့်လည်းကောင်း သွားလာနေကြရာ မိုးရာသီတွင် အန္တရာယ်ရှိနေပါသောကြောင့် မြဒေါင်-ပိဒက် ချောင်းကူးတံတား တည်ဆောက်ရာတွင် စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာနိုင်ရန်အတွက် မော်တော်ကားလမ်းများ ပူးတွဲဆောက်လုပ်ပေးရန် ပါ၊ မပါနှင့် မပါပါက စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီများ သွားလာနိုင်သည့် လမ်းတစ်လမ်းတွဲလျက်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်လှ(ခ)ဦးလှမြင့်မှ ထားဝယ်-မြိတ်ရထားလမ်းတွင် တိုကျေးရွာအုပ်စု၊ ပိဒက်ရွာနှင့် လက္ကာူး ကျေးရွာအုပ်စု၊ မြဒေါင်ရွာ ကဒဲမြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ရန် စီမံကိန်းရှိပါကြောင်း၊ ရထားတံတားတစ်ကြောင်းတည်းမလုပ်ဘဲ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ သွားလာနိုင်အောင် ရထားတံတားများ၊ မော်တော်ကားသွား တံတားများအား ပူးတွဲဆောက်လုပ်ပေး လျှင် ပြည်သူများအတွက် အကျိုးရှိကြောင်း မြစ်ကူးတံတားဆောက်လုပ်ရာတွင် မော်တော်ကားလမ်း ပါ၊ မပါ မေးမြန်းထားပါတယ်။ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းရှိ ဘုတ်ခြံ-ပုလောလမ်းပိုင်းတွင် မြဒေါင်ရွာ နှင့် ပိဒက်ရွာကြားတွင် ၃၆၀ ပေအရှည်ရှိသော ပိဒက်ချောင်းရှိပြီး ၎င်းချောင်းကို ကြိုတင်အားဖြည့်ကွန်ကရစ်တံတားပေါင်များကို အသုံးပြုကာ ၄၀၄ ပေ အရှည်ရှိ တံတားတစ်စင်းကို တည်ဆောက်ရန် လျာထားပါတယ်။ ထိုရထားလမ်း တံတားဖောက်လုပ်သည့်အခါ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီသွားလာနိုင်အောင် တံတားကို ဒီဇိုင်းရေးဆွဲတည်ဆောက်သွားမည် ဖြစ်ပါတယ်။ ဖြည့်စွက်တင်ပြလိုသည်မှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာ့မီးရထားမှ တည်ဆောက်ခဲ့သည့်တံတားများမှာ ကွန်ကရစ်တံတား၊ သံပေါင်တံတားများဖြစ်ပြီး ရထားရောကားပါ ဖြတ်သန်းနိုင် အောင် ရည်ရွယ်တည်ဆောက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချောင်းနှစ်ခွ (အတ္တရံ) မြစ်ကူးတံတားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိယဥ်ချမ်း(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဥ်ချမ်းဖြစ်ပါတယ်။ ကျွန်မမေးမြန်း ဆွေးနွေးလိုတာကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွ (အတ္တရံ) မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်ရှိ ချောင်းနှစ်ခွကျေးရွာအနီးတွင် အတ္တရံမြစ် စီးဆင်းလျက်ရှိပါတယ်။ အတ္တရံမြစ်ကို ဖြတ်ပြီး ပဲ့ချိတ်စက်လှေဖြင့် ခရီးသည်များ ခရီးသွားလာနေရပါတယ်။ နိုင်ငံတော်ပိုင် ဇက်တစ်စီးဖြင့် မော်တော်ယာဥ်များကို သယ်ပို့ပေးပြီးကူးရသဖြင့် ခရီးအချိန်ကြန့်ကြာပါတယ်။ ထိုလမ်းဟာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်း ဆိပ်ကြီးမြို့နယ်သည် ၎င်းလမ်းကိုသာအသုံးပြုပြီး မုဒုံမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့သို့ခရီးသွားနေရပါတယ်။ ယခုအခါ ၎င်းလမ်းအတိုင်း ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်၊ မြဝတီမြို့သို့ ယခင်လမ်းကြောင်းအဟောင်းကို ဖော်ထုတ်နေပြီဖြစ်၍ ခရီးလမ်း အဆင်ပြေချောမွေ့စေရေးအတွက် ချောင်းနှစ်ခွ (အတ္တရံ)မြစ်ကူးတံတားကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ ပြည်သူများ၏ လိုအပ်ချက်အရ မေးမြန်းအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိယဥ်ချမ်းကနေပြီးတော့ မေးမြန်းထားတဲ့ မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ မုဒုံ-မြဝတီလမ်းပေါ်မှာရှိတဲ့ ချောင်းနှစ်ခွ(အတ္တရံ)မြစ်ကူး တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိအခြေအနေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအနီး မုဒုံ-မြဝတီလမ်း မိုင်တိုင် ၂၀/၄ မှာ အတ္တရံမြစ် ဖြတ်သန်းစီးဆင်းလျက်

ရှိပါတယ်။ မုဒုံ-မြဝတီလမ်းဟာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ထားသောလမ်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ဟာ အဆိုပါလမ်းကို အဓိကထားပြီးသွားနေရတဲ့ ဒေသဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေဟာ အတ္တရံမြစ်ကို စက်လှေဖြင့် ဖြတ်ကူးပါတယ်။ မော်တော်ယာဉ်များကတော့ ဖြတ်ကူးနိုင်ဖို့အတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကနေပြီး ဇက်ရေယာဉ်တစ်စီးထားပေးပြီးတော့ ၎င်းဇက်ရေယာဉ်နဲ့ပဲ ဖြတ်ကူးနေတာဖြစ်ပါတယ်။ ယခုမိုးရာသီမှာ မိုးရေလက်မမြောက်မြားစွာ ရွာသွားတဲ့အတွက် ဇက်ရေယာဉ်ဟာ ကမ်းကပ်လို့မရတဲ့အတွက် နှစ်လခန့် မော်တော်ယာဉ်တွေ ဖြတ်သန်းမရဘဲနဲ့ အခက်အခဲရှိခဲ့ကြောင်းလည်း ကြားသိခဲ့ရပါတယ်။ အတ္တရံမြစ်ဟာ ကမ်းနှစ်ဖက်အကျယ်ကတော့ ပေ၅၀၀ ပဲရှိပါတယ်။ သို့သော်လည်း အတ္တရံမြစ်ထဲမှာ သင်္ဘောတွေ ဖြတ်သန်းသွားတဲ့အတွက် လိုအပ်တဲ့အမြင့်ကိုမူတည်ပြီးတော့ တံတားတည်ဆောက်မယ်ဆိုရင် ပေ ၁၀၀၀ ကနေပြီး ပေ ၁၅၀၀ အထိ ရှည်နိုင်တဲ့ တံတားဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လောလောဆယ် အတ္တရံမြစ်ကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ယခုတင်ပြတဲ့တံတားဟာ တည်ဆောက်ရန်လိုအပ်သော တံတားဖြစ်တဲ့အတွက် ဆက်လက်ပြီးတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**နတ်စုံးမှော်ကျေးရွာရှိ ပြည်သူများသွားလာရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ် အနောက်ဘက်မှာ ဖြတ်သန်းသွားတဲ့ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် ၂၆၉/၅ အနီးမှာ ယခုအခါမှာ ကားလမ်းတစ်ဖက်နှင့်တစ်ဖက် ကူးမရအောင် သံဆန်ခါများ ပိတ်ဆို့ကာရံထားတာရှိပါတယ်။ ၎င်းလမ်းရဲ့ အရှေ့ဘက်တစ်မိုင်ခန့်မှာ နတ်စုံးမှော်ကျေးရွာရှိပါတယ်။ ယင်းကျေးရွာမှ ပြည်သူများအနေဖြင့် လမ်းရဲ့အနောက်ဘက် ၎င်းတို့ရဲ့ လယ်ယာများသို့ ကူးသန်းသွားလာဖို့အတွက် Underpass များ ဆောက်လုပ်ပေးထားခြင်းမရှိပါဘူးခင်ဗျား။ နတ်စုံးမှော်ကျေးရွာရဲ့ တောင်ဘက် တစ်ဖာလုံခန့်မှာတော့

ပေ ၇၀ ခန့်ကျယ်တဲ့ ချောင်းမကြီးချောင်းကို ရာသီမရွေးသွားလာနိုင်ဖို့အတွက် တံတားထိုးပေးမယ် ဆိုရင်တော့ တခြားကျေးရွာများနှင့်ပျော်ဘွယ်မြို့သို့သွားတဲ့ လမ်းတွေနဲ့ ဆက်သွယ်ပြီးတော့ ရာသီမရွေး သွားလာနိုင်မှာဖြစ်ကြောင်းလည်း အကြံပြုတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာရှိ ပြည်သူများ သွားလာရေးအဆင်ပြေအောင် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းနှင့် လမ်းမကြီး ဖောက်လုပ်ထားသောကြောင့် ယခင်ဆက်သွယ်ထားသောလမ်းများမရှိတော့၍ အခြားကျေးရွာများ နှင့် ဆက်သွယ်ပေးနိုင်မည့်လမ်းတံတားများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့မေးမြန်းထားသော မိုင်တိုင် ၂၆၉ မိုင် ၅ ဖာလုံမှာရှိတဲ့ နတ်စုံးမှော်ကျေးရွာရဲ့သွားလာရေးအခြေအနေကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဟာ ရန်ကုန်အမှတ် ၃ လမ်းဆုံကနေပြီးတော့ မန္တလေး(တံခွန်တိုင်)အထိ ၃၆၆ မိုင် နဲ့ ၃ ဖာလုံရှည်လျားပါတယ်။ ဒီလမ်းပိုင်း မှာ ပျော်ဘွယ်မြို့နယ်ပါဝင်တဲ့အပိုင်းကတော့ ၂၆၁ မိုင် ၂ ဖာလုံကနေပြီး ၂၇၆ မိုင် ၃ ဖာလုံ အထိ ၁၅ မိုင်နဲ့ ၁ ဖာလုံ ပါရှိပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့်ဆက်စပ်နေတဲ့ ပျော်ဘွယ်မြို့နယ် အတွင်းမှာ နေထိုင်ကြတဲ့ဒေသခံပြည်သူများနှင့် လမ်းဘေးဝဲယာမှာရှိတဲ့ ကျေးရွာတွေဟာ ပြည်သူများ ရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများ၊ မြို့ပြဒေသများနှင့်ဆက်သွယ်ရာတွင် ယာဉ်ဖြတ်သွားတဲ့လမ်းတွေနဲ့ လှည်းလမ်းပေါက်တွေကို တံတားအောက်ကသွားလာနိုင်အောင် ယာဉ်ဖြတ်လမ်းတံတားပေါက် ၂ ခုရယ်၊ လှည်းဖြတ်လမ်းပေါက် ၇ ခု၊ စုစုပေါင်း ၉ ခုတည်ဆောက် ပေးထားတာဖြစ်ပါတယ်။ ဒါ့အပြင် သွားလာနေတဲ့ယာဉ်များနဲ့ အန္တရာယ်ကင်းစေဖို့လည်း လမ်းဘေး ဝဲယာခြံစည်းရိုးတွေ ကာရံပေးထားတာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ နတ်စုံးမှော်ကျေးရွာ ဟာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၆၉ မိုင် ၅ ဖာလုံရဲ့ အရှေ့ဘက် တစ်မိုင်ခန့် အကွာမှာပဲရှိပါတယ်။ နတ်စုံးမှော်ကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအနေနဲ့ ရန်ကုန်-

မန္တလေးအမြန်လမ်းမကြီးကို ဖြတ်ပြီးတော့ အခြားဘက်မှာရှိနေတဲ့ ၎င်းတို့ရဲ့လယ်မြေများကို ကူးသန်းသွားလာမှုလွယ်ကူနိုင်ဖို့အတွက်ကို ၂၆၉ မိုင် ၁ ဖာလုံနဲ့ ၂၆၉ မိုင် ၂ ဖာလုံကြားမှာ ယာဉ်ဖြတ်လမ်းတံတားတစ်ခုရှိပါတယ်။ ၂၆၈ မိုင် ၇ ဖာလုံမှာ တစ်ခု၊ ၂၇၀ မိုင်နဲ့ ၂၇၀ မိုင် ၁ ဖာလုံကြားမှာ တစ်ခု၊ ၂၇၁ မိုင် ၄ ဖာလုံနဲ့ ၂၇၁ မိုင် ၅ ဖာလုံမှာ တစ်ခု အဲဒါကတော့ ကျွန်တော်တို့ လှည်းဖြတ်ပေါက် ၃ ခု စီစဉ်ပေးထားတာဖြစ်ပါတယ်။ မိုးရာသီမှာ နွားလှည်းများ ဖြတ်သန်းသွားလာနိုင်ပြီး ပွင့်လင်းရာသီမှာ နွားလှည်းများသာမကဘဲ ထော်လာဂျီနဲ့ ကားငယ်များပါ နေ့စဉ်ကူးသန်းသွားလာမှုရှိပါတယ်။ ယခုမေးခွန်းနဲ့ပတ်သက်ပြီးတော့ ၂၅-၁-၂၀၁၂ ရက်နေ့မှာ ရန်ကုန်-မန္တလေးအမြန်လမ်း စီမံကိန်းတာဝန်ခံအင်ဂျင်နီယာမှ ၎င်းနေရာသို့သွားရောက်ပြီးမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ရာသွားလာမှု အခြေအနေများလည်း ကောင်းမွန်နေကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ၎င်းအခက်အခဲများကိုလည်း ဆက်လက်ပြီးတော့ လိုအပ်ချက်အရ ရှင်းလင်းပေးသွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူးမြစ်ကူးတံတားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်း(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်လည်ဘူး-အင်ကုန်းမူးမြစ်ကူးတံတားနဲ့ပတ်သက်ပြီး တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်တို့ ပင်လည်ဘူးမြို့နယ်ဟာ လူဦးရေတစ်သိန်းကျော်နေထိုင်တဲ့ ကုန်းတွင်းပိတ်မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့နယ်အတွင်းစီးဆင်းနေတဲ့မူးမြစ်ကြီးဟာ ပင်လည်ဘူးမြို့နယ်ရဲ့ အလယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ မူးမြစ်ကူးတံတားမရှိသည့်အတွက် ဒေသခံပြည်သူများမှာ နှစ်စဉ်ယာယီတံတားထိုး၍ သွားလာနေကြရပါတယ်။ မူးမြစ်ကူးတံတားမရှိသည့်အတွက် သွားလာရေးအလွန်ခက်ခဲလှပါတယ်။ ပင်လည်ဘူး-ဖောင်းပြင်လမ်းဟာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းလျက်ရှိပါတယ်။ လာမည့်ဘတ်ဂျက်နှစ်များမှာလည်း လမ်းအဆင့်မြှင့်တင်ခြင်း၊ အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာ

ဖြစ်ကြောင်းသိရှိရပါတယ်။ ပင်လည်ဘူး-ဖောင်းပြင်လမ်းပေါ်မှာရှိတဲ့ ပင်လည်ဘူး-အင်ကုန်းမူးမြစ်ကူး တံတားတည်ဆောက်ပေးမည်ဆိုပါက ပင်လည်ဘူးမြို့နယ်မှ ဒေသခံပြည်သူများသွားလာရေး လွယ်ကူ ချောမွေ့စေရေးဖြစ်သည့်အပြင် အထက်ချင်းတွင်းဒေသဖြစ်သော ဖောင်းပြင်၊ ဟုမ္မလင်း၊ ထမံသီ၊ ခန္တီးမြို့များနှင့်အခြားမြို့နယ်များသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်မှာဖြစ်တဲ့အတွက် ပင်လည်ဘူး-အင်ကုန်းမူးမြစ်ကူးတံတားတည်ဆောက်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ကာလမှာ တည်ဆောက်ပေးမည်ကိုသိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းကနေပြီးတော့ ကျွန်တော်တို့ ပင်လည်ဘူး-ဖောင်းပြင်လမ်းပေါ်မှာရှိတဲ့ ပင်လည်ဘူး-အင်ကုန်းမူးမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ် ဖောင်းပြင်လမ်းမိုင်တိုင် ၆၅ အနီးမှာ မူးမြစ်ဖြတ်သန်းလျက်ရှိပါတယ်။ ပင်လည်ဘူး-ဖောင်းပြင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီး ဌာနက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တာဝန်ယူထိန်းသိမ်းခဲ့တာ ဖြစ်ပါတယ်။ ယခုအခါ မှာတော့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများသာ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ပင်လည်ဘူး-ဖောင်းပြင်လမ်းပေါ်မှာရှိတဲ့ မူးမြစ်ကူးတံတားတည်ဆောက်ပေးပါက ပင်လည်ဘူးမြို့နယ်ရှိ လုပ်သား ပြည်သူများအပြင် အထက်ချင်းတွင်းဒေသဖြစ်သော ဖောင်းပြင်၊ ဟုမ္မလင်း၊ ထမံသီ၊ ခန္တီးမြို့နယ်များရှိ ပြည်သူများပါ သွားလာရေးချောမွေ့မှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပင်လည်ဘူး-ဖောင်းပြင်လမ်းပေါ်ရှိ မူးမြစ်ကူးတံတားတည်ဆောက်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၃၀၀ လျာထားတင်ပြထားပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းအစီအစဉ် များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**လမ်းများပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြား၍ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ မြင်းခြံ-နွားထိုးကြီး-မြစ်သား-ရေဝန်း-မန္တလေးလမ်းပိုင်းဟာ မိုင် ၁၀၀ ဝေးကွာပြီး ယခင်က မြင်းခြံမြို့မှ မန္တလေးသွားရာမှာ ယာဉ်မောင်းချိန် ၃ နာရီနဲ့ရောက်ရှိ ပါတယ်။ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို နေ့ချင်းပြန်သွားရတဲ့ခရီး ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ အဆိုပါလမ်းအား အာရှမြန်မာစီးပွားရေးလုပ်ငန်းစု ဆောက်လုပ်ရေးကုမ္ပဏီကို လမ်း ဖြတ်သန်းခကောက်ခံခွင့် ချထားပေးခဲ့သော်လည်း လမ်းအား လုံးဝထိန်းသိမ်းခြင်း၊ ပြုပြင်ဆောင်ရွက် ခြင်းမရှိဘဲ လမ်းဖြတ်သန်းခ ကောက်ခံရရှိငွေကို ကုမ္ပဏီအကျိုးအမြတ်အဖြစ် ရယူဆောင်ရွက်သွား ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ မြင်းခြံ-နွားထိုးကြီး-မြစ်သား-ရေဝန်းလမ်း မိုင်တိုင် ၂/၃ မှ ၅၆/၂ ထိ ၅၃.၇မိုင်ကို Gulf Power Construction Co.,Ltd အား ၁-၄-၂၀၁၁ နေ့မှ စ၍ ချထားပေးခဲ့ပြီး လမ်းဖြတ်သန်းခများ ကောက်ခံလျက်ရှိပါတယ်။ လမ်းများပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ လမ်းအင်္ဂါရပ် နှင့်အညီ ဆောင်ရွက်ခြင်း အားနည်းသဖြင့် ယာဉ်တိုက်မှုများစွာဖြစ်ရခြင်း၊ မြင်းခြံ-ရေဝန်း-မန္တလေးသို့ သွားရာမှာ မိုင် ၁၀၀ ခရီးကို ခြောက်နာရီမျှ ကားမောင်းရခြင်း၊ မြင်းခြံမှ အမြန်လမ်းဆုံရာဖြစ်တဲ့ ပြင်စီ Underpass အထိ မိုင် ၄၀ ခရီးကို နှစ်နာရီမျှ အချိန်ယူ၍ ကားမောင်းရခြင်း စသည့်အခက်အခဲများ ကြုံတွေ့နေရပါတယ်။ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ခရိုင်မြို့နယ် အင်ဂျင်နီယာများမှ ဤလမ်းကို အကြိမ်ကြိမ်ကွင်းဆင်းစစ်ဆေးသော်လည်း လမ်းမှာတိုးတက်ကောင်းမွန် လာခြင်းမရှိပါ။ ဒါကြောင့် မြင်းခြံ-နွားထိုးကြီး-မြစ်သား-ရေဝန်းလမ်း ၅၃.၇ မိုင်အား စာချုပ်ပါစည်းကမ်း များနှင့်အညီ အမြန်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါ၍ ဒေသခံပြည်သူများ၏ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကနေပြီးတော့ မေးမြန်းထားတဲ့ မြင်းခြံ-

နွားထိုးကြီး-မြစ်သား-ရေဝန်း-မန္တလေး မိုင်တိုင် ၂/၃ မှ ၅၆/၂ ထိ ၅၃မိုင်နဲ့ ၇ ဖာလုံကို Gulf Power Construction Co.,Ltd ကို ကျွန်တော်တို့ပေးခဲ့သော်လည်း လမ်းပြုပြင်မှုအားနည်းမှုနဲ့ ပတ်သက်လို့ စည်းကမ်းနဲ့အညီဆောင်ရွက်နိုင်မှုအခြေအနေ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဒီလမ်းပိုင်းဟာဆိုလို့ရှိရင် သက်ဆိုင်ရာ ဒေသအာဏာပိုင် ထောက်ခံချက်နဲ့ အာရှမြန်မာကုမ္ပဏီကို ပေးခဲ့ပါတယ်။ အာရှမြန်မာကုမ္ပဏီရဲ့ လုပ်ဆောင်မှုအားနည်းတဲ့အတွက် ဒီကုမ္ပဏီကို ကျွန်တော်တို့ ပြန်လည်ရုပ်သိမ်းလိုက်ပြီးတဲ့အခါမှာ သက်ဆိုင်ရာနယ်မြေရဲ့ထောက်ခံချက်နှင့်အညီ ယခုကျွန်တော်တို့ ပင်လယ်ကွေ့စွမ်းအား ဆောက်လုပ်ရေးကုမ္ပဏီကို ပေးခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း ဒီကုမ္ပဏီရဲ့လုပ်ဆောင်မှုဟာ အားနည်းတဲ့အတွက် မန္တလေးတိုင်းဒေသကြီးမှာရှိကြတဲ့ အဖွဲ့အစည်းအသီးသီးကတင်ပြချက်အရလည်း သိရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဒီလမ်းနဲ့ပတ်သက်လို့ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးအင်ဂျင်နီယာနှင့် ခရိုင်မြို့နယ် အင်ဂျင်နီယာများမှ အကြိမ်ကြိမ်စစ်ဆေးကြပ်မတ်ခဲ့ပါတယ်။ သို့သော်လည်း ပင်လယ်ကွေ့စွမ်းအား ဆောက်လုပ်ရေးကုမ္ပဏီအနေနဲ့ ပြန်လည်သိမ်းဖို့ အားလုံးဆောင်ရွက်ပြီးတဲ့အခါမှာ အချိန်တစ်ခုကို သတ်မှတ်ပေးထားပါတယ်။ ၎င်းရဲ့ အားရဖွယ်ရာမရှိတဲ့ဟာကို ဒီအချိန်အတွင်းမှာ ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ဆက်လက်ဆောင်ရွက်ပေးပြီးတော့ ဆောင်ရွက်နိုင်ခြင်းမရှိပါက ပြန်လည်ရုပ်သိမ်းဖို့အတွက် သတိပေးပြီးလည်း ဖြစ်ပါတယ်။ ၎င်းကိစ္စနဲ့ပတ်သက်လို့လည်း ၈-၁-၂၀၁၂ ရက်နေ့မှာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ခရိုင်အင်ဂျင်နီယာများမှ သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင် ၂၀ က နေပြီးတော့ ၃၆ မိုင် ၅ ဖာလုံအတွင်းမှာ လမ်းပေါက်ဖာထေးခြင်းများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ယခုလာမည့် မတ်လအထိ တိုးတက်မှုမရှိပါက ၎င်းကုမ္ပဏီအား ပြန်လည်ရုပ်သိမ်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-နွားထိုးကြီး-မြစ်သား-ရေဝန်း ၅၃ မိုင် ၇ ဖာလုံဟာ စာချုပ်ပါစည်းကမ်းချက်နှင့်အညီ ပြုပြင်ဆောင်ရွက်ရန် စီစဉ်ညွှန်ကြားထားပါကြောင်းနှင့် လုပ်ငန်းတိုးတက်မှုမရှိပါက ၎င်းလုပ်ပိုင်ခွင့်အား ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်ထောင်စုလမ်းမကြီး ပြန်လည်ပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်လှ(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ တောင်နှင့်မြောက်လမ်းအရှည် ၅၁၂ မိုင် ၆ ဖာလုံရှိသော ပြည်ထောင်စုလမ်းမကြီးသည် တောင်ဘက်ကော့သောင်းမြို့မှ မြောက်ဘက် ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့နယ်ခွဲ မလွှဲတောင်နယ်စပ်အထိဖြစ်ပါသည်။ ပြည်ထောင်စုလမ်းမကြီးသည် တိုင်းရင်းသားညီအစ်ကို သွေးချင်းများချစ်ကြည်ရင်းနှီးကူးလူးဆက်ဆံသွားလာနိုင်ရန် မြန်မာနိုင်ငံတောင်ဘက်မှ မြောက်ဘက်အဆုံးသွေးချင်းညီအစ်ကိုများဖြစ်သည့် မွန်၊ ကရင်မှစ၍ ရှမ်း၊ ကချင်အဆုံး တစ်နိုင်ငံလုံးဆက်စပ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးဖြစ်ပါသည်။ ၎င်းပြည်ထောင်စုလမ်းမကြီးသည် တိုင်းရင်းသားညီအစ်ကိုများနေထိုင်သော အခြားပြည်နယ်/တိုင်းဒေသကြီးတွေမှာ လမ်းအပိုင်းများကောင်းမွန်၍ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ တောင်ဘက်ကော့သောင်းမြို့မှ ခမောက်ကြီးမြို့နယ်ခွဲ ယုဇနဆီအုန်းစိုက်ခင်းအထိ မိုင်၅၀ကိုသာ ကတ္တရာလမ်းအချောခင်းထားပြီး ခရသီရိမြို့နယ်ခွဲမှ ဘုတ်ပြင်း၊ ဘုတ်ပြင်းမှ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲမှ တနင်္သာရီ-မြိတ်အပိုင်း၊ မြိတ်မှ ပုလော၊ ပုလောမှပလောက်၊ ပလောက်မှ သရက်ချောင်းမြို့နယ်အပိုင်း၊ ရေဖြူ-ကလိန်အောင်၊ မလွှဲတောင်နယ်စပ်အထိ လမ်းအပိုင်းမှာ ပျက်စီးနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးသည် မိုးရေချိန်လက်မများသည့်အပြင် တစ်နှစ်လျှင် မိုးရှစ်လခန့် ရွာသွန်းသည့်အတွက် ကြောင့်လမ်းများသည် ချိုင့်မှချောက်များ ဖြစ်သွားရပါသည်။ ကလိန်အောင်နှင့်ထားဝယ် နှစ်နာရီခရီးကို ငါးနာရီလောက်သွားရသဖြင့် အချိန်ကြာမြင့်ပြီး အခြားလမ်းအပိုင်းတွေမှာလည်း ယခုအတိုင်းဖြစ်နေ၍ တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်ထောင်စုလမ်းမကြီးသည် အခြားသော ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ပြည်သူများနှင့်ကုန်စည်များ တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ကုန်စည်များကို အခြားပြည်နယ်တိုင်းဒေသကြီး အသီးသီးသို့လည်းကောင်း ကူးလူးဆက်သွယ်ပို့ဆောင်ရာတွင် အသုံးပြုလျက်ရှိသည့် တစ်ခုတည်းသော ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါတယ်။ မိုးရာသီရောက်တိုင်း ရာသီဥတုဆိုးရွားမှုကြောင့် ကုန်ပစ္စည်းများအား ရေကြောင်းလမ်းမှ သယ်ယူရန် ကန့်သတ်ချက်များရှိပါသဖြင့် ပြည်ထောင်စုလမ်းမကြီးကိုသာ အားကိုးအားထားပြုလျက် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရပါတယ်။ အကယ်၍ မိုးရာသီတွင်

အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုလမ်းမကြီးပြတ်တောက်သွားပါက ကုန်စည်စီးဆင်းမှု ရပ်တန့်သွားနိုင်ပြီး အကျိုးဆက်များအဖြစ် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ကုန်ပစ္စည်းရှားပါးပြတ်လပ်ခြင်း နှင့် ဒေသခံစီးပွားရေးထိခိုက်နစ်နာမှုများဖြစ်ပေါ်လာနိုင်ပါသည်။ ရေး-ချောင်း-ထားဝယ်-ရေဖြူပိုင်းမှာ သွားလာနိုင်သည့်အဆင့်ရှိပြီး ရေး-ချောင်း-ပုလော-မြိတ်-ထားဝယ်-ဘုတ်ပြင်း-ခမောက်ကြီးလမ်းပိုင်းမှာ ယိုယွင်းပျက်စီးနေသဖြင့် ရန်ကုန်-မြိတ်တစ်ညအိပ်နှစ်ရက်ခရီးကို နှစ်ညအိပ်သုံးရက်ခရီးသွားလာ နေရ၍ ခရီးသွားပြည်သူများအချိန်ကြာမြင့်သဖြင့် ပင်ပန်းဒုက္ခကြီးစွာသွားလာနေရပါသည်။ လမ်း အပိုင်းအလိုက် ထိန်းသိမ်းပြီး B.O.T စနစ်မရှိသဖြင့် အလွန်ပျက်စီးလျက်ရှိနေကြောင်း တွေ့ရှိရ ပါသည်။ ပြည်ထောင်စုလမ်းမကြီး၏ ထားဝယ်-ရေးကားလမ်းမိုင်တိုင်အမှတ် ၄၆/၁ အနီးရှိ ၆၀၄ ပေအရှည်တံတားအမှတ် ၁/၄၇ က လိန်အောင်တံတား၊ မိုင်တိုင်အမှတ် ၄၆/၃ အနီးရှိ ၁၆၀ ပေ အရှည်တံတားအမှတ် ၃/၄၇ တံတားဖြူတံတားတို့သည် အင်္ဂလိပ်လက်ထက် ၁၉၃၉ ခုနှစ်ကတည်းက တည်ဆောက်ထားသော အောက်ခြေအမျိုးအစားကွန်ကရစ်၊ အပေါ်ထပ်အမျိုးအစား သံပေါင် သစ်သားခင်းတံတားများ ဖြစ်ကြပါသည်။ အဆိုပါတံတားနှစ်စင်း၏ကြံ့ခိုင်မှုအား နှစ်စဉ်စိစစ်လျက် လိုအပ်ချက်များအား ပြင်ဆင်ပေးလျက်ရှိပါသော်လည်း တံတားများမှာသက်တမ်းအားဖြင့် ၇၃ နှစ် ရှိပြီဖြစ်ကြောင်းနှင့် ကြံ့ခိုင်မှုအခြေအနေမှာအန္တရာယ်ရှိနိုင်သည့် အနေအထားတွင်ရောက်ရှိနေ ပါသည်။ အဆိုပါတံတားသည် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးနှင့် အခြားပြည်နယ်/တိုင်း ဒေသကြီးများဆက်သွယ်ရာတစ်ခုတည်းသော ပြည်ထောင်စုလမ်းမကြီးအပေါ်တွင်ရှိပြီး ၎င်းတံတား ပြိုကျပျက်စီးခဲ့မည်ဆိုပါက လမ်းလွှဲပြုလုပ်ရန် အလွန်ပင်ခက်ခဲကြောင်း အဆိုပါတံတားနှစ်စင်းအား အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ်အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ ပြည်ထောင်စု လမ်းမကြီးကိုလည်း အခြားပြည်နယ်/တိုင်းဒေသကြီးလမ်းများကဲ့သို့ အဆင့်မြင့်လမ်းမကြီးများအဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ အကယ်၍အစီအစဉ်ရှိပါကမည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်။ ပြည်ထောင်စုလမ်းမကြီးဖြစ်သဖြင့် ပြည်ထောင်စုအစိုးရမှ ဦးစားပေးဆောင်ရွက်ပေးပါရန် တနင်္သာရီ တိုင်းဒေသကြီး ပြည်သူလူထုရဲ့ဆန္ဒအရ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှ(ခ) ဦးလှမြင့်ကနေပြီး တင်ပြသွားသော တနင်္သာရီတိုင်းဒေသကြီး တောင်နှင့်မြောက်လမ်းအရှည် ၅၁၂ မိုင် ၆ ဖာလုံကို ပြည်ထောင်စုလမ်းမကြီးအဖြစ် ကော့သောင်းမြို့ကနေပြီး မလွှဲတောင်နယ်စပ်အထိဖောက်လုပ်ထား တဲ့ လမ်းမကြီးကို ပြည်ထောင်စုအစိုးရကနေပြီး ဦးစားပေးဆောင်ရွက်ပေးရန်အခြေအနေရှိ၊ မရှိ သိလိုတဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီးဟာ မလွှဲတောင်မှ ကော့သောင်းမြို့အထိ မြောက်မှတောင်သို့ ၅၁၂ မိုင် ၆ ဖာလုံ ရှည်လျားပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတွင်းကာလ မိုးရွာသွန်းမှုများပြားခြင်းကြောင့်မို့ လမ်းတွေ၊ တံတားတွေဟာ လွန်စွာမှပျက်စီးခဲ့ပါတယ်။ ဒီဟာတွေကို စစ်ဆေးနိုင်ဖို့အတွက် ရုံးချုပ်ကနေပြီးတော့ပုဂ္ဂိုလ်များနှင့် ပြည်နယ်အတွင်းမှာရှိတဲ့ အင်ဂျင်နီယာများပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့တွေဖွဲ့စည်းပြီးတော့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ၎င်းစစ်ဆေးချက်အရ ရန်ကုန်-မြိတ်လမ်း ပျက်စီးမှုများပြုပြင်ပြီး လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီ မိုးတွင်းပျက်စီးမှုများကို အချိန်တိုကာလအတွင်းမှာ ပြုပြင်ပေးတဲ့အတွက် လက်ရှိခရိုင်အထူးအဖွဲ့များအပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ရန်ကုန်မှာရှိနေသော လမ်းအထူးအဖွဲ့ ၁၆ ကို ထားဝယ်သို့ အပြီးရွှေ့ပြောင်းလိုက်ပြီ ဖြစ်ပါတယ်။ ထို့အတူပဲ တံတားတည်ဆောက်ရေးလုပ်ငန်းအထူးအဖွဲ့ ၁၆ ဟာ အမ်းမြို့မှာရှိပါတယ်။ ၎င်း အဖွဲ့ကိုပဲ အမ်းမြို့ကနေပြီးတော့ မြိတ်ကိုအပြီးရွှေ့ပြောင်းလိုက်ပြီ ဖြစ်ပါတယ်။ အထူးအဖွဲ့ ၂ဖွဲ့ကို တနင်္သာရီတိုင်းဒေသကြီးမှာ အားဖြည့်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ထားဝယ်-မလွှဲတောင်အပိုင်း ၀/၀ မိုင်ကနေပြီးတော့ ၃၀/၀ မိုင်အထိ မိုင် ၃၀ ကို ထားဝယ်ခရိုင်က လည်းကောင်း၊ မိုင်တိုင် ၃၀/၀ ကနေပြီးတော့ ၈၁/၆ အထိ ၅၁ မိုင် ၆ ဖာလုံကို လမ်းဖောက်လုပ်ရေး အထူးအဖွဲ့ ၁၆ က လည်းကောင်း၊ ထားဝယ်-မြိတ်အပိုင်း ၀/၀ မိုင်မှ ၄၅/၀ အထိ ၄၅ မိုင်ကို ထားဝယ်ခရိုင်ကလည်းကောင်း၊ မိုင်တိုင် ၄၅/၀ မှ ၉၅/၀ အထိ ၅၀ မိုင်ကို လေယာဉ်ကွင်းဆောက်လုပ်ရေးအထူးအဖွဲ့ ၆ က လည်းကောင်း၊ မိုင်တိုင် ၉၅/၀ မှ ၁၅၄/၆ အထိ ၅၉ မိုင် ၆ ဖာလုံကို မြိတ်မြို့ရှောင် ကွင်းလမ်း ၅၀ မိုင် ၄ ဖာလုံကို မြိတ်မြို့အဖွဲ့ကလည်းကောင်း ၁-၁၁-၂၀၁၁ ရက်နေ့မှာ လမ်းတိုးတက်ရေးအတွက်

အားလုံးတာဝန်တွေခွဲပေးပြီးဖြစ်ပါတယ်။ မလွှဲတောင်မှ ကော့သောင်းအထိလမ်းပိုင်းများကို ဆောင်ရွက်ရန်အတွက်လည်း ယန္တရား ၉၄ စီးပို့ထားပြီးဖြစ်ပါတယ်။ မြေထိုးစက် ၈ စီး၊ မြေတူးကော်တင်စက် ၅ စီး၊ မြေတင်စက် ၆ စီး၊ မြေညှိစက် ၇ စီး၊ မြေသယ်ယာဉ် ၃၁ စီး၊ လမ်းကြိတ်စက် ၃၃ စီး၊ မြေသိပ်သည်း စက် ၂ စီး၊ ရေသယ်ယာဉ် ၂ စီးတို့ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေ ရန်ပုံငွေအရ ငွေလုံးငွေရင်းရန်ပုံငွေကနေပြီးတော့ လုပ်ခဲ့တဲ့လုပ်ငန်းများကို တင်ပြလိုပါတယ်။ ထားဝယ်နဲ့ မလွှဲတောင်လမ်းအပိုင်းမှာ တံတားအမှတ် ၄/၇၀ လော့သိုင်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးခဲ့တာ တစ်စင်းရှိပါတယ်။ ထို့အတူပဲ တံတားအမှတ် ၁/၁၃ ကျောက်ကညာတံတားကိုလည်း သံကူကွန်ကရစ်တံတားအဖြစ်တစ်စင်းတည်ဆောက်ပေးခဲ့ပါတယ်။ ထားဝယ်နှင့် မြိတ်လမ်းအပိုင်းမှာတော့ ၃၄ ပေအကျယ်မြေလမ်းတာပေါင်ချဲ့တာက ၁ မိုင် ၅ ဖာလုံဆောင်ရွက်ပေးခဲ့ပြီး ကတ္တရာလမ်းအနိမ့်အမြင့်ညှိဖို့အတွက် ရေပိတ်လွှာလောင်းခြင်းက ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်းထပ်ပိုးလွှာတင်တာက ၁ မိုင် ၁ ဖာလုံ၊ တံတားအမှတ် ၂/၆၁၊ ၂/၆၃၊ ၁/၁၁၁ တို့မှာ သံကူကွန်ကရစ်တံတားသုံးစင်းတည်ဆောက်ပေးခဲ့ပါတယ်။ ထို့အတူပဲ တနင်္သာရီနဲ့ ဘုတ်ပြင်းကြားမှာဆိုရင် ၁၂ ပေအကျယ် ကျောက်လမ်းကနေ ကတ္တရာလမ်းအဖြစ်တိုးချဲ့ပေးတာ ၁ မိုင် ၁ ဖာလုံဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေရန်ပုံငွေမှာ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ လုပ်ခဲ့တဲ့လုပ်ငန်းများလည်းရှိပါတယ်။ အဲ့ဒီလုပ်ငန်းတွေကတော့ ထားဝယ်နဲ့ မလွှဲတောင်ကြားမှာ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းတာ ၃ မိုင် ၂ ဖာလုံ၊ လမ်းချိုင့်များအား ကျောက်ကတ္တရာလောင်းပြင်ဆင်တာ ၃၉ မိုင် ၃ ဖာလုံ၊ ကျောက်၊ ဂဝံနဲ့ချိုင့်ပေါက်ဖာထေးတာက ၂၃ မိုင် ၆ ဖာလုံ၊ မြင့်တက်နေသောလမ်းပခုံးများကို မြေညှိစက်ဖြင့်ညှိတာက ၈ မိုင် ၄ ဖာလုံ၊ ရေပြွန်များတည်ဆောက်ခြင်းက ၇ စင်း၊ သစ်သားတံတားများကြမ်းခင်းများနဲ့ ဘီးလမ်းများ၊ ယက်မများပြင်ဆင်တာ ၉ စင်းတို့လုပ်ခဲ့ပါတယ်။ ထို့အတူပဲ ထားဝယ်နှင့် မြိတ်လမ်းအပိုင်းမှာဆောင်ရွက်မှုကတော့ လမ်းအနိမ့်အမြင့်ညှိရာမှာ ကတ္တရာရေပိတ်လွှာလောင်းတာက ၆ မိုင် ၃ ဖာလုံ၊ ကျောက်ဂဝံနဲ့ချိုင့်ပေါက်များဖာထေးတာက ၃၉ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာတင်တာက ၂ ဖာလုံ၊ လမ်းပခုံးများမြေညှိစက်ဖြင့်ဖြတ်ညှိတာက ၄၆ မိုင် ၁ ဖာလုံ၊ လမ်းဘေးဝဲယာရေနုတ်မြောင်းများတူးတာက ၃၇ မိုင် ၇ ဖာလုံ၊ ရေပြွန်များတည်ဆောက်တာက ၂၉ စင်းနှင့် သစ်သားတံတားတွေရဲ့ကြမ်းခင်း၊ ဘီးလမ်း၊ ယက်မများပြင်ဆင်တာက ၂၆ စင်းတို့ဖြစ်ပါတယ်။ ဒါ့အပြင် တနင်္သာရီနှင့် ဘုတ်ပြင်းလမ်းအပိုင်းဆောင်ရွက်ချက်ကတော့ လမ်းပေါက်များအား ကျောက်ကတ္တရာဖာထေးတာက ၁၄ မိုင် ၆ ဖာလုံ၊ တောင်ပြိုမြေဖယ်ရှားတာက ကျင်း ၂၀၀၀၊ ကျောက်ရော

မြေခင်းပြီး လမ်းချော်တာက ၂၃ မိုင် ၆ ဖာလုံ၊ သံကူကွန်ကရစ်တံတားတည်ဆောက်တာက ၄ စင်း၊ သစ်သားတံတားငယ်များတည်ဆောက်တာက ၈ စင်း၊ လမ်းသားပြိုကျတဲ့နေရာများမှာ မျှောတိုင်ဖြင့် မြေထိန်းနံရံလုပ်တာက နှစ်နေရာ၊ သစ်သားတံတားများနှင့် တိုင်စင်အသစ်များလဲလှယ်တာက ၇ စင်း တို့လုပ်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ကနေပြီးတော့ ဆက်သွယ်သွားလာမှုမပြတ်တောက်စေရေးအတွက် လမ်းချောမွေ့စွာသွား လာနိုင်ရေး ဦးစားပေးဆောင်ရွက်ခဲ့တဲ့အခြေအနေကို စုပေါင်းတင်ပြရရင် လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းက ၁၁ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်းက ၁ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းတာက ၁ မိုင် ၁ ဖာလုံ၊ လမ်းပေါက်လွှာများအား ကျောက်သဲဖာထေးတာက ၁၁၇ မိုင် ၃ ဖာလုံ၊ လမ်းတာပေါင် ၃၄ ပေအကျယ်ချဲ့တာက ၁ မိုင် ၅ ဖာလုံ၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းက ၁၁၆ မိုင်၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းက ၉ စင်း၊ သစ်သားတံတားများပြုပြင်တာက ၄၂ စင်း၊ ရေထုတ်ပြွန်များလုပ်တာ ၃၆ စင်းတို့ကို ယခုပွင့်လင်း ရာသီမှာ အပြီးဆောင်ရွက်ခဲ့တဲ့အတွက် အဆင်ပြေစွာသွားလာနိုင်တာဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေကို မလွှဲတောင်ကနေ ကော့သောင်းအထိ ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၄၁၄၂ သန်း၊ တစ်နည်းအားဖြင့်ပြောရင် ၁၄.၁၄၂ ဘီလီယံ တင်ပြထားပြီး ဖြစ်ပါ တယ်။ ၎င်းငွေရရှိမယ်ဆိုရင် ပေ ၄၀ အကျယ်လမ်းတာပေါင်ချဲ့ခြင်းက ၈၃ မိုင် ၄ ဖာလုံ၊ ကျောက်စီ ရေမြောင်းနှင့် မြေထိန်းနံရံဖြတ်လမ်းငယ်များနှင့် ပေ ၅၀ အောက်တံတားများတည်ဆောက်ခြင်းက ၁၄၉ စင်း၊ ကတ္တရာလမ်းအနိမ့်အမြင့်တည်ဆောက်ခြင်းက ၆၂ မိုင် ၆ ဖာလုံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြိတ်-တနင်္သာရီလမ်းအပိုင်း ၅၀ မိုင်နှင့် ၅ ဖာလုံကိုတော့ ကော့သောင်းကနေ ခမောက် ကြီးမြို့နယ်ခွဲအဆုံး ၅၀ မိုင်ကိုတော့ ယုဇနဆောက်လုပ်ရေးကုမ္ပဏီကနေပြီးတော့ B.O.T စနစ်နဲ့ လမ်းတံတားမြှင့်တင်ခြင်းများဆောင်ရွက်နေပါတယ်။ လမ်းတစ်လျှောက်မှာရှိတဲ့ အဖွဲ့အစည်းအသီးသီး ဟာကတ္တရာလမ်းအဆင့်ထိန်းတဲ့နေရာမှာပြင်ဆင်ခြင်း၊ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးတော့ ကတ္တရာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ယခင်ဘဏ္ဍာရေးနှစ် တွေက ရန်ပုံငွေအခြေအနေအရလုပ်ငန်းအပေါ်မူတည်ပြီးငွေလုံးငွေရင်းရန်ပုံငွေနှင့်ပြင်ဆင်ထိန်းသိမ်း ရေးရန်ပုံငွေတို့ဖြင့် တစ်လမ်းလုံးချောမွေ့စွာသွားလာနိုင်ရေးအတွက် လုပ်ငန်းကိုသာ ဦးစားပေး ဆောင်ရွက်ရတဲ့အတွက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကတော့ အားနည်းခဲ့တာဖြစ်

ပါတယ်။ လမ်းများအဆင့်မြှင့်တင်ခြင်းဟာလည်း တဖြည်းဖြည်းနိမ့်ကျခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စီမံကိန်းအလိုက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုတင်ပြခဲ့တဲ့လမ်းပိုင်းဟာ မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်တာနှင့်အညီ ၂၄ ပေအကျယ်ကတ္တရာလမ်းမကြီးအဖြစ်မျှော်မှန်းပြီးတော့ အိမ်နီးနားချင်းနိုင်ငံများနှင့် အဆင့်မီလမ်းမကြီးဖြစ်ရန်အတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရပ်စောက်-ပင်းတယလမ်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နှင့် ပင်းတယမြို့ဆက်သွယ်သောလမ်းပိုင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေးဆိုင်ရာမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်မြို့၊ ပင်းတယမြို့၊ အောင်ပန်းမြို့များသို့ဆက်သွယ်ထားသော လမ်းတံတားများကောင်းမွန်ပြီး ခရီးသည်များသွားလာမှုအဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှုလျင်မြန်လွယ်ကူစေရန်အတွက် မြို့နယ်အချင်းချင်းဆက်သွယ်သော လမ်းတံတားများကောင်းမွန်ရန်လိုအပ်လျက်ရှိပါတယ်။ ရပ်စောက်-ပင်းတယ-အောင်ပန်းလမ်းအပိုင်းရှိ ရပ်စောက်-ပင်းတယလမ်းအရှည် ၃၂ မိုင်တွင် ကတ္တရာလမ်း ၅ မိုင်ခင်းပြီးဖြစ်၍ ကျန် ၂၇ မိုင်ကို ကျောက်ကြမ်းလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်များကိုသိရှိလိုပါ၍ အစီအစဉ်ရှိ၊ မရှိ လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က မေးမြန်းထားသော ရပ်စောက်-ပင်းတယ-အောင်ပန်းလမ်းအပိုင်း၊ ရပ်စောက်-ပင်းတယလမ်း ၃၂ မိုင်မှာ ကတ္တရာလမ်း ၅ မိုင် ခင်းပြီးဖြစ်ပါတယ်။ ကျန် ၂၇ မိုင်ကျောက်ကြမ်းလမ်းကနေ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မှုအခြေအနေ မေးမြန်းချက်ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းဟာ ပင်းတယ-ရပ်စောက်လမ်းအပိုင်း ၂၄/၀ မိုင်ကနေပြီးတော့ ၅၆/၀ မိုင်အထိစုစုပေါင်း ၃၂ မိုင်ရှည်လျားတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းနဲ့ပတ်သက်လို့ ၃၁-၅-၂၀၁၁ ရက်နေ့လမ်းအခြေအနေကို နည်းနည်းတင်ပြလိုပါတယ်ခင်ဗျား။ ကတ္တရာလမ်းကတော့ ၈ မိုင် ၂ ဖာလုံပဲရှိပါတယ်။ ကျောက်လမ်းကတော့ ၁၃ မိုင် ရှိပါတယ်။ အမာခံလမ်းကတော့ ၁၀ မိုင်နဲ့ ၆ ဖာလုံရှိပြီး အားလုံး ၃၂ မိုင်ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရန်ပုံငွေအရ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ လမ်းချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းအနိမ့်အမြင့်ဖြည့်ညှိခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ လုပ်ငန်းများကို ၃ မိုင်နှင့် ၃ ဖာလုံ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ အောင်ပန်း-ပင်းတယ- ရပ်စောက်လမ်းရဲ့ ပင်းတယ-ရပ်စောက်လမ်းပိုင်းကို ၂၉/၀ မိုင်ကနေပြီးတော့ ၂၉/၄ဖာလုံ ၊ ၃၀/၀ မိုင်ကနေ ၃၀/၄ ဖာလုံအထိ စုစုပေါင်းတစ်မိုင်ဟာ မိုးများတဲ့ဒေသအတွက် မိုးများသောကြောင့် လမ်းပေါ်မှာရေကျော်လေ့ရှိပါတယ်။ ၎င်းလမ်းဟာလည်း ပျက်စီးမှုများပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအစိုးရရဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်း ၅၀၀ တင်ပြထားပြီးဖြစ်ပါတယ်။ ၎င်းငွေရရှိလာပါက ဆောင်ရွက်သွားမယ့်လုပ်ငန်းတွေကတော့ ရေကျော်သည့်အပိုင်းအား လမ်းတာပေါင်မြှင့်တင်ခြင်း၊ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းက တစ်မိုင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ သတ်မှတ်လမ်းတာပေါင်အကျယ်ရရှိပြီး အမာခံလမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းက ၃ မိုင် နဲ့ ၅ ဖာလုံ၊ သတ်မှတ်လမ်းတာပေါင် အကျယ်ရရှိပြီး ကျောက်လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း က ၃ မိုင် ၄ ဖာလုံ ၊ ယာယီသစ်သားတံတား ၅x၃၀ ပေ၊ကွန်ကရစ်တံတားတည်ဆောက်ခြင်းက ၈ စင်း၊ ယာယီသစ်သားတံတား ၁၀ x ၃၀ ပေ၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁ စင်း၊ ယာယီသစ်သားတံတား ၁၅ x ၃၀ ပေ၊ ကွန်ကရစ်တံတား ၁ စင်းတို့ တည်ဆောက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းရဲ့ ပင်းတယ-

ရပ်စောက်လမ်းပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံထားတဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ခွင့်ပြုချက်ရပါက အမာခံလမ်းကျောက်လမ်းအဆင့် ၇ မိုင် ၁ ဖာလုံကို ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၅၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးရပ်နားစဉ် တစ်နာရီအတွင်းမှာ နေ့လယ်စာသုံးဆောင်ရန်ဖြစ်ပါတယ်ခင်ဗျား။ အစည်းအဝေးကို နေ့လယ် တစ်နာရီမှာ ပြန်လည်စတင်မှာဖြစ်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်အားလုံး အစည်းအဝေးခန်းမ အတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၃ း ၀၀ ။**

**အခမ်းအနားမှူး**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင် တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသူရိန်ဇော်(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသူရိန်ဇော်ဖြစ်ပါတယ်။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော်

တတိယပုံမှန် အစည်းအဝေးကို ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာအဖြစ် အပိုင်း(၁)မှာ မြစ်ရေတင်စီမံကိန်းများနှင့် အပိုင်း(၂)မှာ ရေလှောင်တမံ၊ ရေလွှဲဆည်များနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့အစီရင်ခံစာအပေါ်မှာ ပြည်သူ့ငွေစာရင်းကော်မတီမှ လေ့လာသုံးသပ် တင်ပြသွားမှာဖြစ်ပါတယ်။

အပိုင်း(၁)အနေနဲ့ တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်းနဲ့ မြစ်ရေတင်လုပ်ငန်း ၆၇ ခုနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ကနေ စစ်ဆေးခဲ့ရာမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်ပြီးတဲ့ မြစ်ရေတင် စီမံကိန်းနှင့် မြစ်ရေတင်လုပ်ငန်း ၆၇ ခုရဲ့ အကျိုးသက်ရောက်မှုနှင့် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုရှိ၊ မရှိကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးတော့ စာရင်းစစ်ချုပ်ရုံးရဲ့ ၃၀-၉-၂၀၁၁ ရက်စွဲပါစာနဲ့ နိုင်ငံတော်သမ္မတရုံးသို့တင်ပြပြီးတော့ ငွေစာရင်း ကော်မတီကို မိတ္တူပေးထားခဲ့ပါတယ်။ ကော်မတီအနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများကို ခေါ်ယူ မေးမြန်းကြားနာခြင်း၊ သက်ဆိုင်ရာဌာနများအား စာဖြင့်ရေးသားရှင်းလင်းတင်ပြစေခြင်းများ ပြုလုပ်ပြီး နောက် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် လောကနန္ဒာမြစ်ရေတင်စီမံကိန်းကိုသွားရောက် လေ့လာရန် စီစဉ်ခဲ့သော်လည်း အခြေအနေတစ်ခုကြောင့် လေ့လာခြင်းမပြုလုပ်ခဲ့ရပါ။ သို့ပါ၍ စာရင်းစစ်ချုပ်နှင့် သက်ဆိုင်ရာဌာနများရဲ့ မေးမြန်းချက်နှင့် စာဖြင့်ရေးသားတင်ပြချက်ပေါ်မှာ မူတည် ပြီးတော့မှ ကော်မတီရဲ့အစီရင်ခံစာတွေ့ရှိချက်၊ သုံးသပ်ချက်နဲ့အကြံပြုချက်များကို ပြည်သူ့လွှတ်တော် သို့ တင်ပြခြင်းဖြစ်ပါတယ်။ စာရင်းစစ်ချုပ်စစ်ဆေးခဲ့တဲ့ မြစ်ရေတင်စီမံကိန်း ၆၇ ခုဟာ မြစ်ရေတင် အထူးစီမံကိန်းက ၂၆ ခုနဲ့ မြစ်ရေတင်လုပ်ငန်းဌာနအစီအစဉ် ၄၁ ခု ဖြစ်ပါတယ်။ အထူးစီမံကိန်း၂၆ ခုရဲ့ လျာထားအကျိုးပြုဧကဟာ ၂၁၈၇၀၀ ဧက၊ လုပ်ငန်း ၄၁ ခုရဲ့ လျာထားအကျိုးပြုဧကဟာ ၈၁၁၉၅ ဧကဖြစ်တဲ့အတွက် စုစုပေါင်း ၂၉၉၈၉၅ ဧကဖြစ်ပါတယ်။ ဒီလုပ်ငန်း ၆၇ ခုရဲ့ စုစုပေါင်း ကုန်ကျငွေပေါင်းဟာ မြန်မာကျပ်ငွေ ၃၇.၅၉၃ ဘီလီယံကျပ်၊ အမေရိကန်ဒေါ်လာ ၂၀.၆၄ သန်း၊ ယူရို ၁.၅၃ သန်းနဲ့ အာအမ်ဘီ ၅.၅၅ သန်းတို့ဖြစ်ပါတယ်။ လျာထားအကျိုးပြုဧက စုစုပေါင်းကတော့ ၂၈၅၇၀၀ ဧကဖြစ်တဲ့အတွက် တစ်ဧကအပေါ်မှာ နိုင်ငံခြားငွေမပါ မြန်မာကျပ်ငွေဖြင့် ပျမ်းမျှ ကုန်ကျစရိတ်ဟာ ၁၃၁၅၈၃ ကျပ်ဖြစ်ပါတယ်။ မြစ်ရေတင်လုပ်ငန်းများမှာ ရေသုံးစွဲသူများအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ၎င်းအဖွဲ့များမှရေတင်ခတွေ ကောက်ခံပေမယ့်လည်း ၂၀၁၁ ခုနှစ်

အောက်တိုဘာလကုန်အထိ တောင်သူများထံမှ ရေတင်ခရရန်အကြွေးဟာ ၉၂၉.၁၇၅ ကျပ်သန်းကျန်ရှိကြောင်းသိရှိရပါတယ်။

ကော်မတီရဲ့တွေ့ရှိသုံးသပ်ချက်ကို တင်ပြပါ့မယ်။ ၆၇ ခုရဲ့ လျာထားအကျိုးပြုဧက ၂၉၉၀၀၀ ကျော်မှာ အမှန်ရေပေးဝေနိုင်တာက ၄၈၈၃၃ဧကသာ ဖြစ်တဲ့အတွက်ကြောင့် စီမံကိန်းလျာထားချက်အပေါ်တွင် ၁၆.၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ကြောင်း စာရင်းစစ်ချုပ်ရုံးမှ တင်ပြထားပါတယ်။ ၂၅ ရာခိုင်နှုန်းအထက် အကောင်အထည်ဖော်နိုင်တာက လုပ်ငန်း ၁၉ ခု၊ ၂၅ ရာခိုင်နှုန်းအောက်က ၄၃ ခု၊ လုံးဝရေမပေးနိုင်တာက ၅ ခုဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အဲဒီမှာ တစ်ချက်က စိုက်ခင်းများသို့ ရေရောက်ရှိမှုနည်းရသည့်အကြောင်းရင်းက သဲမြေဆန်တဲ့မြေတွေမှာ ရေသွယ်မြောင်းတွေဟာ မြေသားမြောင်းများသာ ဖောက်လုပ်ထားတဲ့အတွက်ကြောင့်ဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတကာမှာတော့ ရေပိုက် သို့မဟုတ် ကွန်ကရစ်မြောင်းများနဲ့သွယ်တာ သိရှိရပါတယ်။ ၆၇ ခုရဲ့ လျာထားတစ်ဧကအပေါ် ပျမ်းမျှကုန်ကျစရိတ်ဟာ ၁၃၁၅၈၃ ကျပ် ဖြစ်ပါတယ်။ သို့သော် ၁၆.၃ ရာခိုင်နှုန်းသာ ရေပေးဝေနိုင်တဲ့အတွက်ကြောင့် ရေပေးနိုင်တဲ့တစ်ဧကအပေါ် ပြန်လည်တွက်ချက်တဲ့အခါမှာ ၇၆၉၈၃၄ ကျပ် ကျသင့်ပါတယ်။ နောက်တစ်ခါ မြစ်ရေတင်စီမံကိန်းများမှာ စီမံကိန်းမစတင်မီ ကွင်းဆင်းတိုင်းတာမှုအားနည်းတဲ့အတွက်ကြောင့် စုစုပေါင်းလျာထား ဧကအပေါ်မှာ ၂၁၃၂၅ ဧကလျော့နည်းနေခြင်းနဲ့ ၁၁၂၂၅ ဧကမှာလည်း ကုန်းမြေမြင့်များ ဖြစ်တဲ့အတွက်ကြောင့် ရေပေးဝေနိုင်မှုမရှိကြောင်းကို တွေ့ရှိရပါတယ်။ မြစ်ရေတင်လုပ်ငန်းများမှာ ၂၀၀၀ ဧကနှင့်အထက်ကို မြစ်ရေတင်အထူးစီမံကိန်းလို့ ဆောင်ရွက်ပါတယ်။ အထူးစီမံကိန်းများ ဆောင်ရွက်ပြီး ၂၆ ခုနှင့် ဆောင်ရွက်ဆဲ ၁၆ ခုရဲ့ တစ်ဧက ပျမ်းမျှကုန်ကျစရိတ်က ကျပ်ငွေ ၁၈၄၀၀၀ နဲ့ အမေရိကန်ဒေါ်လာ ၁၀၅.၁၂ ဖြစ်ပြီးတော့ အမှန်ရေပေးနိုင်မှုဟာ ၈.၉ ရာခိုင်နှုန်းပဲဖြစ်ပါတယ်။ ၂၀၀၀ ဧကနဲ့ အောက်ကျတော့ ဌာနကတာဝန်ယူဆောင်ရွက်တဲ့လုပ်ငန်းတွေလို့ပြောပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီး ၃၁၁ ခုနဲ့ ဆောင်ရွက်ဆဲ ၂၅ ခု သူ့ရဲ့တစ်ဧက ပျမ်းမျှကုန်ကျစရိတ်ဟာ ၄၈၇၄၈ ကျပ်နဲ့ နောက် အမေရိကန်ဒေါ်လာ ၂၄.၁၅ ဖြစ်တဲ့အတွက်ကြောင့် လျာထားဧကအပေါ် အမှန်ရေပေးဝေနိုင်မှုဟာလည်း ၁၅.၂၀ ရာခိုင်နှုန်းဖြစ်ကြောင်းသိရှိရပါတယ်။ ဒါကြောင့် နှိုင်းယှဉ်ကြည့်ရင် လုပ်ငန်းပမာဏသေးငယ်တဲ့ ဧက ၂၀၀၀ နဲ့အောက် လုပ်ငန်းများဟာ ကုန်ကျစရိတ်သက်သာပြီးတော့ အောင်မြင်မှု ပိုမိုကောင်းမွန်တာကိုတွေ့ရှိရပါတယ်။ Asia Development Bank ရဲ့ တွေ့ရှိချက်အရလည်း မြေပေါ်ရေပေးဝေမှုစနစ်တွေမှာဆိုရင် သေးငယ်တဲ့စီမံကိန်းတွေဟာ ပိုမိုအောင်မြင်နိုင်

ကြောင်းတွေ့ရှိရပါတယ်။ ၆၇ ခုမှာ ၆၃ ခုဟာ လျှပ်စစ်မီး အသုံးပြုတဲ့မြစ်ရေတင်လုပ်ငန်းတွေ ဖြစ်ပါတယ်။ အဲတော့ ၆၇ ခုမှာ ၂၀၁၀-၂၀၁၁ အထိ လျှပ်စစ်ခတ်အားကို ၅၉ ရာခိုင်နှုန်းပဲရရှိခဲ့ပါတယ်။ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ၁၆၈ ခုရဲ့ လျှပ်စစ်ခတ်အားလိုအပ်ချက်က ၁၁၁.၅၀ အမ်ဗွီအေဖြစ်တဲ့အတွက် ရရှိမှုဟာ ၈၆ အမ်ဗွီအေ ဖြစ်တဲ့အတွက် ၂၇.၆၀ ရာခိုင်နှုန်းပဲ လျှပ်စစ်ရပါတယ်။ လျှပ်စစ်ခတ်အားအပြည့်အဝရရှိနိုင်သော နေရာများတွင်သာ အဓိကလုပ်ဆောင်သင့်ကြောင်း တွေ့ရှိရပါတယ်။ ပြီးတော့ မြစ်ရေတင်လုပ်ငန်းတွေမှာ ရေပေးနေတဲ့ လယ်ယာတစ်ဧက အမှန်တကယ်ဘယ်လောက်ပဲ ကုန်ကျကုန်ကျ နိုင်ငံတော်အနေနဲ့ တစ်ဧကကို ၉၀၀၀ ကျပ်နှုန်းနဲ့ကောက်ခံပါတယ်။ ဒါကြောင့် ၂၀၁၀- ၂၀၁၁ခု စာရင်းများအရ စိုက်ပျိုးမြေတစ်ဧကအပေါ်မှာ နိုင်ငံတော်က ၂၃၄၉၀ ကျပ်စိုက်ထုတ်ခဲ့ရပါတယ်။ အမှန်စိုက်ဧက ၄၈၀၀၀ ကျော်မှာဆိုရင် နိုင်ငံတော်က ကျပ်သန်းပေါင်း ၁၁၄၇.၀၉ သန်း စိုက်ထုတ်ခဲ့ရကြောင်းသိရပါတယ်။ ဒါတစ်ယူနစ်ကို ၂၅ ကျပ်နဲ့ တွက်ထားခြင်း ဖြစ်ပါတယ်။ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနရဲ့ တင်ပြချက်အရ ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၄၁ ခု လျာထားအကျိုးပြုဧက ၂၅၀၀၀၀ကျော်ကို စီမံကိန်းတန်ဖိုးဟာ ၁၃၉.၄၀၁ ဘီလီယံကျပ်၊ အမေရိကန် ဒေါ်လာ ၆၆.၅၅၁ သန်း ဖြစ်ပါတယ်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အထိ ရရှိလာတဲ့ ၅၀.၃၄၅ ဘီလီယံနဲ့ အမေရိကန်ဒေါ်လာ ၂၀.၆၈၀ သန်း ရရှိသုံးစွဲပြီးကြောင်းကိုလည်း သိရှိရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပေါင်းလောင်းမြစ်ရေတင်စီမံကိန်းအသစ်အတွက် လျာထားငွေကျပ် ၁၆၉၉ သန်း၊ အမေရိကန်ဒေါ်လာ ၁.၀၃၈ သန်း အပါအဝင်စုစုပေါင်း ကျပ် ၁၂.၃၀၃ ဘီလီယံကျပ်သန်း နဲ့ အမေရိကန်ဒေါ်လာ ၁၁.၈၄၆သန်းတောင်းခံထားကြောင်းသိရှိရပါတယ်။

နိုင်ငံတကာဆည်မြောင်းလုပ်ငန်းတွေမှာ စီမံကိန်းအတွက် ကွင်းဆင်းလေ့လာမှုများ စတင်လုပ်ဆောင်ချိန်မှစ၍ နယ်မြေခံလူထု၏ စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ခြင်းများကြောင့် စီမံကိန်းတည်ဆောက်ပြီးချိန်မှာလည်း ဆက်လက်ကုန်ကျရမယ့် Operation and Maintenance နဲ့ ကုန်ကျစရိတ်တွေကို ရေသုံးစွဲသူအဖွဲ့ကနေပဲ ကြွေးကျန်မရှိကောက်ခံပေးကြောင်း သိရှိရပါတယ်။ ထိုသို့ဖြစ်စေရန်လည်း စီမံကိန်းစတင်ရေးဆွဲကတည်းက ရေတင်ခကုန်ကျစရိတ်တွေကို နယ်မြေခံ များမှ ရေသုံးစွဲကျခံနိုင်တဲ့ အတိုင်းအတာအတွင်း ရှိ၊ မရှိ ကြိုတင်တွက်ချက်ညှိနှိုင်းခြင်းများ ပြုလုပ် ပါတယ်။ မိမိနိုင်ငံက အဲဒီလိုလုပ်ဆောင်မှုမရှိတဲ့အတွက် ရေတင်ခကုန်ကျငွေဟာ နိုင်ငံတော်က နှစ်စဉ်စိုက်ထုတ်ပေးနေရတာတွေ ရေတင်ခကြွေးကျန်တွေကောက်ခံနေရခြင်းတွေ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။ ရေသုံးစွဲတဲ့ပြည်သူများ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်လာစေရန်မှာ ၎င်းတို့စီးပွား

တွက်ခြေကိုက်သည့် သီးနှံမျိုးကို စိုက်ပျိုးခွင့်ရစေရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတကာ ဆည်မြောင်းစီမံကိန်းတွေ ရေးဆွဲရာမှာ စီးပွားရေးတွက်ခြေကိုက်မှုရှိ၊ မရှိကို သုံးသပ်စိစစ်ခြင်း Economic Rate of Return (ERR) တွက်ချက်ခြင်း၊ နောက် ငွေကြေးရင်းနှီးမြှုပ်နှံမှုအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ Internal Rate of Return(IRR) တွက်ချက်ခြင်း၊ Net Present Value(NPV) တွက်ချက်ခြင်း၊ payback Period တွက်ချက်ခြင်းတို့ လုပ်ဆောင်ချက်ရှိသော်လည်း မြစ်ရေတင်စီမံကိန်းများမှာ ထိုကဲ့သို့ တွက်ချက်ထားခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ Asia Development Bank ရဲ့ အစီရင်ခံစာတွေအရလည်း Economic Rate of Return at Appraisal ပျမ်းမျှ ၃၂ ရာခိုင်နှုန်းရှိတဲ့ စီမံကိန်းများသာ အောင်မြင်ကြောင်း အစီရင်ခံစာအရ သိရှိရပါတယ်။ နိုင်ငံတကာမြေပေါ်ရေပေးဝေစနစ်မှာလည်း အောင်မြင်သောစီမံကိန်းများဟာ လျာထားချက်အပေါ် အကောင်အထည်ဖော်မှုဟာ ၅၆ ရာခိုင်နှုန်းပဲရှိကြောင်း ADB အစီရင်ခံစာအရသိရှိရပါတယ်။ ဒါကြောင့်နိုင်ငံမှာလည်း ကြိုတင်တွက်ချက်မှုများပြုလုပ်ရန်လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ လယ်မြေတစ်ဧကကို စပါးစိုက်ပျိုးဖို့ရေပေးဝေရင် ၂ ဧကပေပေးရပါတယ်။ ယာမြေတစ်ဧကဆိုရင် စပါးစိုက်ရင် ၆ ဧကပေအထိပေးရပါတယ်။ မူလရေတင်စီမံကိန်းတွေမှာ စပါးစိုက်ရန်ဧကတွေရဲ့ တောင်ယာသီးနှံစိုက်ရန် ဧကများသတ်မှတ်ထားသော်လည်း ဆန်ဖူလုံရေးအတွက်စီမံကိန်းမှာ တောင်ယာသီးနှံစိုက်တဲ့ ဒေသများကို စပါးစိုက်ရန်ရေပေးရတဲ့အတွက် တစ်ဧကပေါ်မှာ ရေတွေပိုပြီးတော့ ကုန်ကျတာတွေ၊ လျှပ်စစ်ဓာတ်အားခတွေပိုမိုကုန်ကျခြင်းများကျသင့်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ စတင်တည်ဆောက်စဉ်တွက်ချက်စဉ်ကတော့ ရေစုပ်စက်တစ်လုံးကို တစ်ရက်ကို ၁၈ နာရီ မောင်းနှင်ရန် နွေစပါးတစ်ဧကကို ရေ ၆ ဧကပေ၊ မိုးစပါးတစ်ဧကကို ရေ ၄ ဧကပေ၊ အခြားသီးနှံတစ်ဧကကို ရေ ၂ဧကပေပေးရန် အခြေခံတွက်ချက်ခဲ့ပါတယ်။ ဒါပေမယ့် အမှန်ရေပေးဝေတဲ့အခါမှာတော့ သဲဆန်တဲ့မြေတွေကို ပြုပြင်ခြင်းမရှိဘဲနဲ့ စပါးစိုက်ပျိုးရန်ရေပေးဝေတာကြောင့် တစ်ဧကလျှင် ၈ ဧကပေကနေ ၁၂ ဧကပေအထိ ရေတွေပေးခဲ့ရတဲ့အတွက် မူလသီးနှံ၊ သတ်မှတ်သီးနှံ ပုံစံအတိုင်း မဟုတ်ဘဲစပါးကို ဦးစားပေးရေပေးဝေရခြင်းကြောင့် ပိုမိုကုန်ကျခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ ကမ္ဘာ့နိုင်ငံတွေ မှာတော့ မိမိနိုင်ငံ၏အားနည်းချက်၊ အားသာချက်တွေကို သုံးသပ်ပြီးတော့ မိမိနိုင်ငံအတွက် Comparative Advantage ရဲ့ အကျိုးရှိဆုံးကုန်ပစ္စည်းသီးနှံကိုသာ ထုတ်လုပ်စိုက်ပျိုးကြပါတယ်။ ဒါကြောင့် စပါးမစိုက်သင့်သောနေရာတွေမှာ စပါးစိုက်တော့ နိုင်ငံတော်အနေနဲ့ဆုံးရှုံးပြီး စိုက်ပျိုးသောပြည်သူများအနေနဲ့လည်း အကျိုးမရှိနစ်နာလျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ပြည်သူတို့

ရဲ့ စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် စီမံကိန်းများအောင်မြင်မှာ ဖြစ်ကြောင်း သုံးသပ်ရတဲ့အတွက်ကြောင့် ဇဟိုမှချမှတ်သည့်စီမံကိန်းထက် ပြည်သူမှလိုလားသည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါတယ်။

အကြံပြုတိုက်တွန်းချက်ဖြစ်ပါတယ်။ လျာထားအကျိုးပြုဧက ၂၀၀၀နဲ့အောက် မြစ်ရေတင် လုပ်ငန်းတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်မတိုင်မီ တိုင်းဒေသကြီးနှင့်ပြည်နယ်များကို လွှဲပြောင်းပေးသင့်ပါတယ်။ မြစ်ရေတင်စီမံကိန်းအသစ်များကိုထပ်မံဆောင်ရွက်ခြင်းမပြုတော့ဘဲနဲ့ဆောင်ရွက်ဆဲ လုပ်ငန်းများကိုပါ စနစ်တကျဖြစ်စေရေးအတွက် အချိန်ယူဆောင်ရွက်သင့်ပါတယ်။ ဆောင်ရွက်ပြီးတဲ့ လုပ်ငန်းတွေကိုလည်း စွမ်းရည် Efficiency တိုးမြှင့်စေရေးအတွက် ဆောင်ရွက်သင့်ပါတယ်။ ဒေသ ဝမ်းစာဖူလုံရေးအတွက် စီးပွားရေးတွက်ခြေမကိုက်သော ရေတင်အဆင့်များသောနေရာများတွင် စပါးစိုက်ပျိုးခြင်းမပြုဘဲ ပြည်သူကြိုက်သည့် သီးနှံများကိုလည်း စိုက်ခွင့်ပြုသင့်ပါတယ်။ နိုင်ငံတော်က ဓာတ်အားခစိုက်ထုတ်ကုန်ကျ ကျခံရခြင်းကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ခွင့်မပြုရန်နှင့် ကျသင့်တဲ့လျှပ်စစ်ဓာတ်အားခပေးချေနိုင်ရေးအတွက် ကြိုက်နှစ်သက်သည့်သီးနှံကိုသာ စိုက်ပျိုးခွင့်ပြုပြီး ကျသင့်သောလျှပ်စစ်ဓာတ်အားခကို ကောက်ခံသင့်ကြောင်း အကြံပြုအပ်ပါတယ်။ မြစ်ရေတင် စီမံကိန်းများမှာ ရေသုံးစွဲသူများ ၊ အဖွဲ့များစနစ်တကျ ဖွဲ့စည်းပေးပြီးဌာနမှ ရေတင်ပေးတောင်သူမှ ကျသင့်သော လျှပ်စစ်ဓာတ်အားခ သို့မဟုတ် စပါးခွံကိုပေးချေစေပြီးတော့ စပါးခွံသုံးဓာတ်ငွေ့ အင်ဂျင်ရေတင်ပန့်များ အသုံးပြုသင့်ပါတယ်။ လောလောဆယ် ရေအသုံးချရေးဦးစီးဌာန အဲဒါတွေ တီထွင်အသုံးပြုနေကြောင်း သိရှိရပါတယ်။ ပထမပိုင်းနိဂုံးချုပ်အနေနဲ့ မြစ်ရေတင်စီမံကိန်းကို နိုင်ငံတော်မှ ရန်ပုံငွေအမြောက်အမြားကျခံတည်ဆောက်ခဲ့သော်လည်း လျှပ်စစ်မီးအပြည့်အဝမရတာ၊ မြောင်းများဖောက်လုပ်ရန်၊ ပြုပြင်ရန်လိုအပ်တာ၊ ရေတင်ပန့်များတပ်ဆင်ရန်လိုအပ်တာ ဒီဇယ်သုံး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေတင်စနစ်များများတဲ့အတွက်ကြောင့် ကုန်ကျစရိတ်များပြားခြင်း တို့ကြောင့် အပြည့်အဝရေပေးနိုင်မှုမရှိခဲ့ပါ။ သို့သော် အကျိုးအနေနဲ့လည်း သောက်သုံးရေ အဆင်ပြေ တာတို့၊ ဒေသစိမ်းလန်းစိုပြေခြင်းတို့စတဲ့ အကျိုးကျေးဇူးတွေလည်း ထိုက်သင့်သလောက်ရရှိပါတယ်။ ဒါကြောင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသောကာလမှာ နိုင်ငံတော်မှ မြစ်ရေတင်စီမံကိန်းများကို စွမ်းရည်မြှင့်တင်ပေးသလို သုံးစွဲသူတောင်သူများကလည်း ကျသင့်သည်များကို ပေးချေခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသောလုပ်ငန်းများဖြစ်စေရန် ရည်ရွယ်၍ တင်ပြရခြင်းဖြစ်ပါကြောင်း လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။

အပိုင်း(၂)ကို ဆက်လက်တင်ပြပါမယ်။ အပိုင်း(၂)အနေနဲ့ကတော့ တည်ဆောက်ပြီး ရေလှောင်တမံ၊ ရေလွှဲဆည် ၂၃၇ ခုနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့စစ်ဆေးတွေ့ရှိချက်အပေါ် လေ့လာသုံးသပ်ချက်အစီရင်ခံစာဖြစ်ပါတယ်။ ဒါဟာလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပါတယ်။ ဒါကို စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးတော့ ၇-၁၀-၂၀၁၁ ရက်စွဲပါစာနဲ့ နိုင်ငံတော်သမ္မတရုံးကိုတင်ပြပြီးတော့ ပြည်သူ့ငွေစာရင်းကော်မတီကို မိတ္တူပေးပို့ခဲ့ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများကို ခေါ်ယူမေးမြန်းကြားနာခြင်းများပြုလုပ်ခဲ့ပြီး စာဖြင့်ရေးသားရှင်းလင်းစေပြီးတော့ ၂၃၇ ခုနဲ့ပတ်သက်၍ ကော်မတီရဲ့ တွေ့ရှိသုံးသပ်ချက်ကို တင်ပြရခြင်းဖြစ်ပါတယ်။ ရေလှောင်တမံ၊ ရေလွှဲဆည် ၂၃၇ ခုရဲ့စုစုပေါင်း ကုန်ကျငွေဟာ ၃၀၈.၄၈၃ ဘီလီယံကျပ်ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်က တစ်ဧကကုန်ကျစရိတ်များ သီးခြားရှိသော်လည်း ပျမ်းမျှအားဖြင့် တစ်ဧကကုန်ကျစရိတ်ဟာ ၇၇၈၃၇ကျပ် ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စာရင်းစစ်ချုပ်ရုံး၏စစ်ဆေးချက်အရ စီမံကိန်းလျာထားအကျိုးပြုဧကဟာ ၃၅၃၀၉၆၂ ဧကဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ မှာ အမှန်ရေပေးဝေနိုင်တဲ့ ဧကဟာ ၂၃၃၈၀၀၀ ဖြစ်တဲ့အတွက်ကြောင့် ၆၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ရေလှောင်တမံ၊ ရေလွှဲဆည် ၂၃၇ ခုအနက် ၂၉ ခုဟာ လျာထားချက်ထက်ပိုလွန်နေပါတယ်။ ၁၀ ခုဟာ ၉၀ ရာခိုင်နှုန်းနီးပါးနှင့် ၉၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ပါတယ်။ ၁၃၂ ခုဟာ လျာထားဧကထက်များစွာ လျော့နည်းရေပေးဝေလျက်ရှိကြောင်းနဲ့ ရေလှောင်တမံ၊ ရေလွှဲဆည် ၆၄ ခုဟာ စိုက်ပျိုးရေလုံးဝမပေးနိုင်ကြောင်းကို စာရင်းစစ်ချုပ်ရုံးက ဖော်ပြထားပါတယ်။ စာရင်းစစ်ချုပ်ရုံးမှလည်း ဆည်တမံများတည်ဆောက်ပြီးစီးခြင်းနှင့် ဖွင့်ပွဲများကျင်းပပြီးစီးသော်လည်း ရေပေးဝေနိုင်ခြင်းမရှိတဲ့ဆည်တမံ၊ ၄ နှစ် မှ ၁၀ နှစ်ကျော်အထိ ဆည်ရေသောက်စနစ်များ မပြီးသေးတဲ့အတွက် ရေပေးဝေနိုင်ခြင်းမရှိသေးသော ရေလှောင်တမံ ရေလွှဲဆည် ၁၄ ခုကို တင်ပြပါတယ်။ ကျွန်တော်တို့ ခေါ်ယူမေးမြန်းတဲ့အခါမှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလကုန်အထိမှာတော့ ကော်လိယ၊ ပြိုင်းချောင်း၊ ဇီးချောင်း၊ မုံးရင်၊ ဘော်ပင်၊ မင်းလှ၊ ကွန်းချောင်းရေလှောင်တမံ ၇ ခုကတော့ ရေလှောင်တမံဆည်ရေသောက်စနစ်များ ပြီးစီးပြီ ဖြစ်ကြောင်း ဌာနမှသိရှိရပါတယ်။ ကျန်ရေလှောင်တမံတွေကို အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်ရန် လျာထားစီစဉ်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ကော်မတီ၏ တွေ့ရှိသုံးသပ်ချက်ဖြစ်ပါတယ်။ စာရင်းစစ်ချုပ်ရုံးဟာ ၂၀၀၈-၂၀၀၉ ကနေ ၂၀၁၀-၂၀၁၁ အထိ သုံးနှစ်အထိစစ်ဆေးခဲ့တဲ့အခါမှာ ၂၀၁၀-၂၀၁၁မှာ ရေအများဆုံးပေးနိုင်ပါတယ်။

လျာထားဧကေ၏ ၆၆.၈ ရာခိုင်နှုန်းပေးနိုင်ပါတယ်။ ၂၃၇ ခုမှာ ရေလှောင်တမံ ၄၈ ခုဟာ လျာထားဧကေ၏ ၈၀ ရာခိုင်နှုန်းနဲ့အထက် ပေးနိုင်ပါတယ်။ ၃၁ ခုဟာ ၂၀၁၀-၂၀၁၁ စီမံကိန်းလျာထားဧကေ၏ ၅၀ ရာခိုင်နှုန်းနှင့်အထက်ပေးနိုင်ပါတယ်။ ၉၃ ခုကတော့ ၅၀ ရာခိုင်နှုန်းအောက်ရေပေးဝေနိုင်ပါတယ်။ ၆၅ ခုဟာ ၂၀၁၀-၂၀၁၁တွင် ရေလုံးဝပေးနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ရေလှောင်တမံများ အနက်စိုက်ပျိုးရေပေးဝေမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျာထားဆောင်ရွက်ထားတဲ့ ရေလှောင်တမံ ၂၃ ခုရဲ့ ၂၀၁၀-၂၀၁၁ ခုနှစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း စစ်ဆေးခဲ့ရာမှာ ၂၃ ခုမှာ ၇ခုဟာ လုံးဝထုတ်လုပ်နိုင်ခြင်းမရှိဘဲ ရပ်နားထားရပြီး ၇ ခုဟာ လျာထားချက်ထက်လျော့နည်းထုတ်လုပ်ပြီး ၇ ခုဟာ လျာထားချက်အတိုင်းထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ စီမံကိန်းအကျိုးအမြတ်ရရှိမှုကို အချိန်ပေးလေ့လာဆန်းစစ်၍ ဆောင်ရွက်ခဲ့သောစီမံကိန်းများတွင် မျှော်မှန်းထားသည့်အကျိုးကျေးဇူးများကို ရာနှုန်းပြည့်နှင့်ရာနှုန်းပြည့်နီးပါးရရှိခဲ့တဲ့အတွက် လုံလောက်သော လေ့လာဆန်းစစ်မှုများ မဆောင်ရွက်ခဲ့ရဘဲ အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့စီမံကိန်းများမို့ အကျိုးကျေးဇူးရရှိမှုတွင် မျှော်မှန်းထားသည်ထက်လျော့နည်းခဲ့ရမှုများ တွေ့ကြုံခဲ့ရပါတယ်။ ရေလှောင်တမံ၊ ရေလွှဲဆည်များကို စီမံကိန်းမစတင်မီကုန်ကျငွေနှင့် အကျိုးအမြတ်ရရှိမှုများကို အချိန်ယူအသေးစိတ်လေ့လာတွက်ချက်ပြီးမှ လုပ်ဆောင်ရန်လိုအပ်ကြောင်း သုံးသပ်ရပါတယ်။ ဖွင့်ပွဲအခမ်းအနားများကျင်းပသော်လည်း ဆည်ရေသောက်စနစ်များမပြီးတဲ့အတွက် ၄ နှစ်မှ ၁၀ နှစ်ကြာရေပေးဝေနိုင်မှုမရှိခြင်းမှာ မဖြစ်သင့်ကြောင်းသုံးသပ်ရပါတယ်။

အကြံပြုတိုက်တွန်းချက်ဖြစ်ပါတယ်။ ၂၃၇ ခုအနက် ၅၀ ရာခိုင်နှုန်းအထက်ရေပေးဝေနိုင်သော ရေလှောင်တမံ၊ ရေလွှဲဆည် ၇၉ခု သည် လက်ခံနိုင်ဖွယ်ရာရှိပါတယ်။ ၉၃ ခုဟာ ၅၀ ရာခိုင်နှုန်းအောက်သာ ရေပေးဝေနိုင်ပြီး ၆၅ ခုဟာ လုံးဝရေပေးဝေနိုင်မှုမရှိတဲ့အတွက် တာဝန်ရှိသူများမှ ပြန်လည်စိစစ်၍ တိုးတက်မှုအခြေအနေကို တစ်နှစ်ကြာလျှင် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြသင့်ပါတယ်။ ရေလှောင်တမံ၊ ရေလွှဲဆည်များအသစ်တည်ဆောက်ခြင်းကို ရပ်တန့်ထားသင့်ပါတယ်။ စီမံကိန်းအသစ်များကို အချိန်ယူအသေးစိတ်လေ့လာဆန်းစစ် တွက်ချက်မှုပြုလုပ်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိမှသာ ဆောင်ရွက်သင့်ပါတယ်။ ဆောင်ရွက်ပြီးတဲ့ ရေလှောင်တမံ၊ ရေလွှဲဆည်တွေကိုတော့ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်သင့်ပါတယ်။ ဆောင်ရွက်ဆဲရေလှောင်တမံ၊ ရေလွှဲဆည်များကို စွမ်းဆောင်ရည်မြင့်မားစေရန် အချိန်ယူဆောင်ရွက်သင့်ပါတယ်။

နိုဂုံးချုပ်အနေနဲ့ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ထူထောင်ရာမှာ ရေလှောင်တမံ၊ ရေလွှဲဆည်စီမံကိန်းများသည် အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်ပါတယ်။ နိုင်ငံတော်မှ ငွေကြေးအမြောက်အမြားကုန်ကျခံပြီး ပြည်သူလူထု၏ အကျိုးငှာတည်ဆောက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တချို့မှာအပြည့်အဝ အသုံးမချနိုင်ခြင်း၊ အချို့မှာလုံးဝအသုံးမပြုနိုင်ခြင်းများရှိခဲ့ခြင်းအပေါ် သက်ဆိုင်ရာဌာနများမှ ယခင်ကထက်ပိုမို၍ လေ့လာဆန်းစစ်မှုများပြုလုပ်ခြင်း၊ အဆင့်ဆင့်ကြီးကြပ်စေခြင်း၊ စီမံကိန်းလုပ်ငန်းများမှ အကျိုးကျေးဇူးများသည် စီးပွားရေးအရကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်ခြင်းများ ပြုလုပ်သွားသင့်ကြောင်း ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ယခုဒီအစီရင်ခံစာကို ပြည်သူ့လွှတ်တော်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပါ။ ပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ကိုလည်း အသိပေးအကြောင်းကြားပါ။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၄ နည်းဥပဒေခွဲ (က)အရ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ယခု ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာတင်သွင်းမှာ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းတဲ့ကာလကတော့ ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်နေ့အထိ ဖြစ်ပါတယ်။ ယခု ကျွန်တော်ဖတ်ကြားတင်သွင်းပါမယ်။

**နိဒါန်း**

ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ (က)နှင့် ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍

ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ ပုံမှန်အစည်းအဝေးကာလဖြစ်သော ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့်ဖွဲ့စည်းကာ လုပ်ငန်း တာဝန်များ သတ်မှတ်ပေးခဲ့ပါတယ်။

**ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးကာလဖြစ်သော ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၁ ဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းသို့ဖွဲ့စည်းရာတွင် အတွင်းရေးမှူးဖြစ်သူ ဦးလှမြင့်ဦးသည် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ တာဝန်ယူရသဖြင့် ဒေါက်တာစိုးရင်အား အတွင်းရေးမှူး တာဝန်ပေးအပ် ပြီး ကော်မတီဝင်သုံးဦးမှာ အခြားကော်မတီများတွင် အတွင်းရေးမှူးများအဖြစ် ပြောင်းရွှေ့တာဝန် ပေးခြင်းခံရသဖြင့် ယင်းတို့ကိုယ်စားအဖွဲ့ဝင် လေးဦးဖြည့်စွက်တာဝန်ပေးခဲ့ပါတယ်။

**ကော်မတီ၏ တာဝန်များ**

ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ပေးထားပါတယ်-

(က) ကော်မတီသည် မိမိထံလွှဲအပ်ထားသော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေး ဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသည့် အချက်များကို အခြေပြု ၍ ပြည်သူ့လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက်၊ မရောက် စဉ်းစား ဆုံးဖြတ်ခြင်း၊

(၂) မည်ကဲ့သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က မည်ကဲ့သို့အရေးယူသည်များ ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ခ) အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်။ လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့်အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန်နှင့် သက်တမ်းအတွင်း ဆက်လက်ကျင်းပမည့်အစည်းအဝေးသို့ တက်ရောက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုပေးရန်တာဝန်များကိုလည်း ပေးအပ်ထားပါ သည်။

**အစီရင်ခံသည့်ကာလအတွင်းဆောင်ရွက်ချက်များ**

အစီရင်ခံသည့်ကာလအတွင်း လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ကြောင်း လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်က တာဝန်ပေးအပ်ခြင်းများမရှိသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ရခြင်းမရှိပါ။ လွှတ်တော်အစည်းအဝေးများ ကျင်းပနေချိန်တွင် လွှတ်တော်ကိုယ်စားလှယ်အချို့၏ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်း ဆောင်ရွက်ရာတွင် အခွင့်အရေးများရရှိလိုမှုအတွက် လွှတ်တော်အခွင့်အရေးကော်မတီသို့ တင်ပြလာမှုများကို သက်ဆိုင်ရာအစည်းအဝေးဌာနသို့ ညှိနှိုင်းဆောင်ရွက်ဖြေရှင်းပေးခဲ့ရပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ တင်ပြစာများနှင့် တိုင်ကြားစာများကိုလည်း လေ့လာသုံးသပ်ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ရပါသည်။ လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများတွင် ဖော်ပြပါရှိသော လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်သည့်အချက်အလက်များကို ရှာဖွေဖော်ထုတ်ပြီး လိုအပ်သည့်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကော်မတီအဖွဲ့ဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြံပေးချက်များကိုရယူခဲ့ပါသည်။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာကြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့်တွေ့ဆုံပြီး ယင်းတို့ထံမှ အကြံပေးချက်များကိုလည်းရယူခဲ့ပါသည်။ အလားတူပင် အခြားလွှတ်တော်ကော်မတီများတွင် ပါဝင်သော အဖွဲ့ဝင်များထံမှ အကြံပေးချက်များကိုလည်း ရယူခဲ့ကြပါသည်။ လွှတ်တော်အခွင့်အရေး ကော်မတီအနေဖြင့်

လွှတ်တော်ကိုယ်စားလှယ်အများစုက တင်ပြကြသည့်အကြံပြုချက်ထဲမှ သက်ဆိုင်ရာမဲဆန္ဒနယ် အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများဖွင့်လှစ် ဆောင်ရွက်ခွင့်ရရှိရေး၊ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်များ အဆင်ပြေချောမွေ့စွာရှိစေရေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်များ တွင် လွှတ်တော်အတွေ့အကြုံများ အဆင်ပြေချောမွေ့စွာ ရှင်းလင်းတင်ပြနိုင်ရေးဆိုင်ရာကိစ္စများကို အလေးထားသုံးသပ်ပြီး ဥပဒေအစိတ်အပိုင်းဖြင့် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များကို အကြံပြုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မ ၁၄၇ ပုဒ်မခွဲ(ဃ)တို့နှင့်အညီ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေအခန်း (၁)ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီနှင့် ကော်မရှင်တို့တွင် တာဝန် ထမ်းဆောင်ကြသော လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ဖြစ်ကြသည်နှင့်အညီ ယင်းတို့ ထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်နှင့် လျော်ညီသော ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များကို ချီးမြှင့်နိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင် ဆိုင်ရာ အခွင့်အရေးများကို လွှတ်တော်အခွင့်အရေးကော်မတီက လေ့လာဆွေးနွေးကြပြီး ဥပဒေ မူကြမ်းတစ်ရပ် ရေးဆွဲတင်ပြရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လွှတ်တော်ကော်မတီများ အရည်အသွေးမြှင့်တင်ရေးဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်း**

၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂၃ ရက်နေ့အထိ လွှတ်တော်ရုံးတွင် ကျင်းပခဲ့သော လွှတ်တော်ကော်မတီဝင်များ၏ အရည်အသွေးမြှင့်တင်ရေးဆွေးနွေးပွဲတွင် လွှတ်တော်အခွင့်အရေး ကော်မတီဝင်များ တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြပါသည်။ လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပေါ်ထွန်းလာသော လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းမှု တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို နိုင်ငံတကာလွှတ်တော်များ၏ ဖွဲ့စည်းတည်ဆောက်မှု များနှင့် ချိန်ထိုးလေ့လာခြင်း စာတမ်းကိုပြုစုပြီး ဆွေးနွေးပွဲသို့တင်ပြခဲ့ပါသည်။ လွှတ်တော်အခွင့်အရေး ကော်မတီသည် အဆိုပါစာတမ်းကိုပြုစုခဲ့ရာတွင် အောက်ဖော်ပြပါနိုင်ငံများရှိ လွှတ်တော်များတွင် ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းမှုများနှင့် လေ့လာတွေ့ရှိချက်၊ ချိန်ထိုးသုံးသပ် ချက်များကို အကြံပြုချက်များနှင့်တကွ ပြုစုတင်ပြနိုင်ခဲ့ပါသည်။ ဗြိတိန်နိုင်ငံလွှတ်တော်၊ ပြင်သစ်နိုင်ငံ လွှတ်တော်၊ အိန္ဒိယနိုင်ငံလွှတ်တော်၊ ထိုင်းနိုင်ငံလွှတ်တော်၊ စင်ကာပူနိုင်ငံလွှတ်တော်၊ လာအိုနိုင်ငံ

လွှတ်တော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံလွှတ်တော်၊ ကမ္ဘောဒီးယားနိုင်ငံလွှတ်တော်နှင့် ကိုရီးယားသမ္မတနိုင်ငံလွှတ်တော်တို့ဖြစ်ပါတယ်။ အဆိုပါစာတမ်းကို ပြုစုတင်ပြရာတွင် လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် အထက်ပါနိုင်ငံများ၏ လွှတ်တော်များတွင် ဖွဲ့စည်းထားသော လွှတ်တော်အခွင့်အရေးကော်မတီဝင်များ၊ Parliament Privilege Committees ဖွဲ့စည်းမှုတာဝန်များနှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း၊ အလေးထားပြီး နှိုင်းယှဉ်လေ့လာ တင်ပြခဲ့ပါသည်။ လွှတ်တော်အခွင့်အရေးကော်မတီသည် အခြားနိုင်ငံများရှိ လွှတ်တော်များဖွဲ့စည်းမှု၊ ကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ဆက်လက်လေ့လာပြီး စာတမ်းများတင်ပြရန် ဆောင်ရွက်လျက်ရှိပါသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့်ဆွေးနွေးခြင်း**

ပြည်သူ့လွှတ်တော်က လွှတ်တော်ကော်မတီများ၏ အရည်အသွေးမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများကိုပါ ဖိတ်ကြားခဲ့ရာ လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်အဆင့်ဆင့် ဆက်သွယ်ဆောင်ရွက်မှုဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စများနှင့်ပတ်သက်သည့် တွေ့ရှိချက်၊ အကြံပြုချက်များမှ လွှတ်တော်ဥပဒေကြမ်းပြုစုရာတွင် ဆွေးနွေးထည့်သွင်းရန် အထောက်အကူများစွာရရှိခဲ့ပါသည်။ အလားတူပင် ဥက္ကဋ္ဌများသည် ကော်မတီအစည်းအဝေးများတွင် ပါဝင်ဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို အကြံပြုချက်များပြုခဲ့ရာ ဥပဒေကြမ်း ပြုစုရေးဆွဲရာတွင် အထောက်အကူများစွာရရှိခဲ့ပါသည်။

**ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခြင်း**

၂၈-၁၀-၂၀၁၁ ရက်နေ့တွင်ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်အမှတ်စဉ် ၁၃ တွင် ပါရှိသော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးအတွက် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူသည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားယူရာတွင် သဘောမတူသည့်အကြောင်းကို ဆွေးနွေးခွင့်မရရှိခဲ့သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုပါဆုံးဖြတ်ချက်ကို သဘောမတူကန့်ကွက်လိုပါကြောင်းဖြင့် လွှတ်တော်အခွင့်အရေးကော်မတီသို့ စာဖြင့်တင်ပြလာခဲ့ကြပါသည်။ လွှတ်တော်အခွင့်အရေး

ကော်မတီသည် ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းအစည်းအဝေးကျင်းပပြီး အဆိုပါတင်ပြချက်များကို စိစစ်လေ့လာ ဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့စိစစ်သည့်အခါ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအချက်အလက်များနှင့် ညီညွတ်ခြင်း မရှိဘဲ လွှတ်တော်ကသာဆောင်ရွက်ရမည့် ဥပဒေပြုရေးကဏ္ဍတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံးကဏ္ဍကို ရောထွေးထည့်သွင်းလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိခဲ့ကြပါတယ်။ သို့ဖြစ်၍ အဆိုပါပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ရန်နှင့် ပယ်ဖျက်ပေးရန်အတွက် ပြည်သူ့လွှတ်တော်သို့ အရေးတကြီးအဆိုတစ်ရပ်အဖြစ် တင်သွင်းခွင့်ပြုရေးအတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရန်ဆုံးဖြတ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ လွှတ်တော်အခွင့်အရေး ကော်မတီက တင်ပြလွှာဖြင့်တင်ပြခဲ့ရာ ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းရန် ခွင့်ပြုချက်ရရှိခဲ့ ပါတယ်။ ၁-၁၁-၂၀၁၁ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော် (၄၄) ရက်မြောက်နေ့ အစည်းအဝေးတွင် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက ပြည်ထောင်စုလွှတ်တော်တွင် ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်းနှင့် အဆိုပါဆုံးဖြတ်ချက်ကိုပယ်ဖျက်ပေးရန်အတွက် အဆိုကို တင်သွင်းခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးကထောက်ခံဆွေးနွေးကြပြီး အဆိုပါပြည်သူ့ လွှတ်တော်အဆိုကို ပြည်သူ့လွှတ်တော်တစ်ရပ်လုံးက ကန့်ကွက်သူမရှိထောက်ခံအတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က အဆိုပါအတည်ပြုထားသောအဆိုကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက် ပေးပို့ခဲ့ပါတယ်။ ၁၈-၁၁-၂၀၁၁ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော် စတုတ္ထနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က ၂၈-၁၀-၂၀၁၁ ရက်နေ့ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ် ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ပယ်ဖျက်ပေးခဲ့ပါသည်။

**ဥပဒေကြမ်းများတင်သွင်းခြင်း**

လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ၂၁-၉-၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်းပြီး ရေးဆွဲတင်သွင်းခြင်းဖြစ်ပါသည်။ လက်ရှိ ပြဋ္ဌာန်းထားသော ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပနိုင်ရေးအတွက် ရေးဆွဲ

ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ယခုရေးဆွဲသော ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှာ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်အစည်းအဝေးများကို တာဝန်ယူကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်၊ စည်းကမ်းများ၊ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို ပိုမိုပြည့်စုံစွာ ထည့်သွင်းပြဋ္ဌာန်းနိုင်ရန်အတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် လည်းကောင်း၊ လွှတ်တော်က လွှတ်တော်ရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲနိုင်ရေးအတွက်လည်းကောင်း ဥပဒေအစိတ်အပိုင်းများဖြည့်စွက်ပြီး ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ကလည်း ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီးဖြစ်ပါသဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပြဋ္ဌာန်းမှာဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေး ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ၂၂-၉-၂၀၁၁ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တင်သွင်းခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်းပြီး ရေးဆွဲတင်ပြခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ အကြံပြုချက်များကိုလည်း ထည့်သွင်းရေးဆွဲခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲထားသည်နှင့်အလားတူ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ ရပိုင်ခွင့်နှင့်အခွင့်အရေးများကိုလည်း ပိုမိုပြည့်စုံစွာထည့်သွင်း ရေးဆွဲထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်နိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်မြေရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သည့်ဥပဒေအစိတ်အပိုင်းများကို ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ကလည်း ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီးဖြစ်ပါသဖြင့်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

**လွှတ်တော်ကိစ္စနှင့်ဆက်စပ်၍ ပြည်ပနိုင်ငံရှိလွှတ်တော်များသို့ သွားရောက်လေ့လာခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ပလွှတ်တော်များ၏ ဖိတ်ကြားချက်အရ ပြည်ပနိုင်ငံများသို့ အောက်ပါအတိုင်းသွားရောက်ခဲ့ကြပါသည်-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၆ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိသွားရောက်ခဲ့ရာ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးသည် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားပြီး ရုရှားဖက်ဒရေးရှင်းလွှတ်တော်အခွင့်အရေးကော်မတီ၏ ဖွဲ့စည်းမှု၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် အခွင့်အရေးများကို လေ့လာခဲ့ပါတယ်။

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ သွားရောက်ခဲ့ပြီး အိန္ဒိယအောက်လွှတ်တော်နှင့် အထက်လွှတ်တော်ရှိ လွှတ်တော်လုပ်ငန်းများကို လေ့လာခဲ့ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးသည် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားပြီး အိန္ဒိယ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ရှိ လွှတ်တော်အစည်းအဝေးကျင်းပမှုလုပ်ငန်းများကိုလည်းကောင်း၊ လွှတ်တော်အမတ်များနှင့် လွှတ်တော် အမြဲတမ်းကော်မတီများ၊ လွှတ်တော်အတွင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လွှတ်တော်ဖွဲ့စည်းမှု၊ လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းမှု၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ၊ လွှတ်တော်အမတ်များ ခံစားခွင့်ရရှိထားသည့် အခွင့်အရေးများကိုလည်း လေ့လာခဲ့ပါတယ်။

(ဂ) ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့်အတူ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးလိုက်ပါသွားပြီး လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကိစ္စများကို လေ့လာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ နိုင်ငံခြားအစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်

အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်အကြီးအကဲများ၊ သံတမန်များနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးပါဝင်တက်ရောက်ပြီး လေ့လာခွင့်များရရှိခဲ့ပါတယ်။

**နိဂုံး**

ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်လျက်ရှိပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာ ဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန်လိုအပ်မည့်အချက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လွှတ်တော်က အခါအားလျော်စွာတာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားတာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ ပုဒ်မခွဲ(ခ)အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကိုတင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီရဲ့အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ ပုဒ်မခွဲ (က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၁နှင့် ၇၃ တို့အရ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်း သည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ နောက်တစ်ကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းရန် ပြဋ္ဌာန်းထားပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ ကော်မတီအနေဖြင့် အစီရင်ခံစာပြုစုပြီး တင်ပြရခြင်းဖြစ်ပါတယ်။

**ရည်ရွယ်ချက်**

၂၂-၈-၂၀၁၁ မှ ၂၄-၁၁-၂၀၁၁ ထိ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများကို ဝန်ကြီးဌာနများ နှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဆောင်ရွက်ချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးသို့တင်ပြရန်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင်ကော်မတီ၏လုပ်ဆောင်ချက်**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၂-၈-၂၀၁၁ မှ ၂၄-၁၁-၂၀၁၁ ထိကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ မေးခွန်းများမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၃၃၇ ခု မေးမြန်းခဲ့ပြီး ဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်ဌာနအလိုက် ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

သမ္မတရုံး နှစ်ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ငါးခု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး တစ်ခု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တစ်ခု၊ ပြည်ထဲရေးဝန်ကြီးဌာန ၁၀ ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ခုနစ်ခု၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခု၊ နိုင်ငံခြားရေးဝန်ကြီးဌာန တစ်ခု၊ ပြန်ကြားရေးဝန်ကြီးဌာန ရှစ်ခု၊ ယဉ်ကျေးမှုဝန်ကြီးဌာန လေးခု၊ လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန ၃၆ ခု၊ သာသနာရေးဝန်ကြီးဌာန နှစ်ခု၊ သမဝါယမဝန်ကြီးဌာန နှစ်ခု၊ စက်မှုဝန်ကြီးဌာန လေးခု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၁၁ ခု၊ သတ္တုတွင်းဝန်ကြီးဌာန သုံးခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ၅၃ ခု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၁၂ ခု၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခု၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ခြောက်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန သုံးခု၊ အလုပ်သမားဝန်ကြီးဌာန လေးခု၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှစ်ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာန ၁၃ ခု၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ကိုးခု၊ စွမ်းအင်ဝန်ကြီးဌာန ခုနစ်ခု၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခြောက်ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုံးခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ခုနစ်ခု၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၆ ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၁၁ ခု၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တစ်ခု၊ အားကစားဝန်ကြီးဌာန နှစ်ခု၊ ပညာရေးဝန်ကြီးဌာန ၃၅ခု၊ ကျန်းမာရေးဝန်ကြီးဌာန ၃၁ခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ၃ ခု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး တစ်ခု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တစ်ခု ဖြစ်ပါတယ်။

အထက်အပိုဒ်ပါဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များမှ အာမခံချက်၊ ကတိများနှင့်တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့်မေးခွန်းများမှာ ၁၈၇ ခုဖြစ်ပြီး အာမခံမဖြစ်သည့် မေးခွန်းများမှာ ၁၅၀ ဖြစ်ပါတယ်။ ၎င်းတို့မှာအောက်ပါအတိုင်းဖြစ်ပါသည် -

သမ္မတရုံး ကတိမဖြစ်တာ နှစ်ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ကတိဖြစ်တာနှစ်ခု၊ ကတိမဖြစ်တာသုံးခု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ကတိဖြစ်တာတစ်ခု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ကတိဖြစ်တာတစ်ခု၊ ပြည်ထဲရေးဝန်ကြီးဌာန ကတိဖြစ်တာ ငါးခု၊ ကတိမဖြစ်တာငါးခု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကတိဖြစ်တာလေးခု၊ ကတိမဖြစ်တာသုံးခု၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ကတိမဖြစ်တာနှစ်ခု၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကတိမဖြစ်တာ တစ်ခု၊ ပြန်ကြားရေးဝန်ကြီးဌာန ကတိဖြစ်တာတစ်ခု၊ ကတိမဖြစ်တာခုနစ်ခု၊ ယဉ်ကျေးမှုဝန်ကြီးဌာန ကတိဖြစ်တာတစ်ခု၊ ကတိမဖြစ်တာသုံးခု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကတိဖြစ်တာ ၂၃ ခု၊ ကတိမဖြစ်တာ ၁၃ ခု၊ သာသနာရေးဝန်ကြီးဌာန ကတိမဖြစ်တာနှစ်ခု၊ သမဝါယမဝန်ကြီးဌာန ကတိဖြစ်တာနှစ်ခု၊ စက်မှုဝန်ကြီးဌာန ကတိဖြစ်တာသုံးခု၊ ကတိမဖြစ်တာတစ်ခု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကတိဖြစ်တာခြောက်ခု၊ ကတိမဖြစ်တာ ငါးခု၊ သတ္တုတွင်းဝန်ကြီးဌာန ကတိဖြစ်တာတစ်ခု၊

ကတိမဖြစ်တာနှစ်ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကတိဖြစ်တာ ၃၈ ခု၊ ကတိမဖြစ်တာ ၁၅ ခု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ကတိဖြစ်တာခြောက်ခု၊ ကတိမဖြစ်တာ ခြောက်ခု၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကတိဖြစ်တာတစ်ခု၊ ကတိမဖြစ်တာတစ်ခု၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ကတိဖြစ်တာ ငါးခု၊ ကတိမဖြစ်တာတစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ကတိဖြစ်တာ တစ်ခု၊ ကတိမဖြစ်တာ နှစ်ခု၊ အလုပ်သမားဝန်ကြီးဌာန ကတိဖြစ်တာနှစ်ခု၊ ကတိမဖြစ်တာ နှစ်ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနကတိဖြစ်တာ ၁၁ ခု၊ ကတိမဖြစ်တာနှစ်ခု၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ကတိဖြစ်တာရှစ်ခု၊ ကတိမဖြစ်တာတစ်ခု၊ စွမ်းအင်ဝန်ကြီးဌာန ကတိဖြစ်တာလေးခု၊ ကတိမဖြစ်တာသုံးခု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကတိမဖြစ်တာခြောက်ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကတိမဖြစ်တာသုံးခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကတိဖြစ်တာနှစ်ခု၊ ကတိမဖြစ်တာငါးခု၊ အမှတ်(၂)လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ကတိဖြစ်တာ ၁၁ ခု၊ ကတိမဖြစ်တာ ၁၅ ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကတိဖြစ်တာငါးခု၊ ကတိမဖြစ်တာခြောက်ခု၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကတိဖြစ်တာတစ်ခု၊ အားကစားဝန်ကြီးဌာန ကတိဖြစ်တာနှစ်ခု၊ ပညာရေးဝန်ကြီးဌာန ကတိဖြစ်တာ ၁၆ ခု၊ ကတိမဖြစ်တာ ၁၉ ခု၊ ကျန်းမာရေးဝန်ကြီးဌာန ကတိဖြစ်တာ ၂၂ ခု၊ ကတိမဖြစ်တာ ၉ ခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ကတိမဖြစ်တာသုံးခု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ကတိဖြစ်တာတစ်ခု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကတိဖြစ်တာတစ်ခု၊ စုစုပေါင်းကတိဖြစ်တာ ၁၈၇ ခု နှင့်ကတိမဖြစ်တာ ၁၅၀ ဖြစ်ပါတယ်။ အဲဒီအာမခံချက်၊ ကတိနှင့်တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် နောက်ဆုံးဖြေကြားချက်များကို အသေးစိတ်နောက်ဆက်တွဲ(က)ဖြင့်တင်ပြထားပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို ၅၁ ခုတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အဆိုများအနက် လွှတ်တော်မှ အဆို ၁၈ ခုကို အတည်ပြုခဲ့ပြီး မှတ်တမ်းတင်သည့်အဆို ၁၈ ခု၊ ရုပ်သိမ်းသည့် အဆို ၁၃ ခုနှင့် အတည်မပြုသည့်အဆို နှစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ၎င်းတို့မှာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်အလိုက်အတည်ပြုခဲ့သော အဆိုများနှင့်ပတ်သက်၍ အောက်ပါ အတိုင်းဖြစ်ပါတယ် -

လွှတ်တော်ရုံး အတည်ပြုတဲ့အဆို တစ်ခု၊ မှတ်တမ်းတင်တဲ့ အဆို တစ်ခု၊ ရုပ်သိမ်းတဲ့အဆို တစ်ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး မှတ်တမ်းတင်သည့်အဆို တစ်ခု၊ ပြည်ထဲရေးဝန်ကြီးဌာန

အတည်ပြုသည့်အဆိုနှစ်ခု၊ အတည်မပြုသည့်အဆိုတစ်ခု၊ မှတ်တမ်းတင်သည့်အဆို တစ်ခု၊ ရုပ်သိမ်းသည့်အဆိုတစ်ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ မှတ်တမ်းတင်သည့်အဆိုတစ်ခု၊ ပြန်ကြားရေးဝန်ကြီးဌာန မှတ်တမ်းတင်သည့်အဆိုတစ်ခု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အတည်ပြုသည့်အဆိုနှစ်ခု၊ မှတ်တမ်းတင်သည့်အဆိုနှစ်ခု၊ ရုပ်သိမ်းသည့်အဆိုတစ်ခု၊ သတ္တုတွင်းဝန်ကြီးဌာန မှတ်တမ်းတင်သည့် အဆိုတစ်ခု၊ ရုပ်သိမ်းသည့်အဆို တစ်ခု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ မှတ်တမ်းတင်သည့်အဆိုနှစ်ခု၊ ရုပ်သိမ်းသည့် အဆိုလေးခု၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မှတ်တမ်းတင်သည့်အဆိုတစ်ခု၊ အလုပ်သမားဝန်ကြီးဌာန မှတ်တမ်းတင်သည့်အဆိုတစ်ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မှတ်တမ်းတင်သည့်အဆိုနှစ်ခု၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ မှတ်တမ်းတင်သည့်အဆိုတစ်ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ ရုပ်သိမ်းသည့်အဆိုတစ်ခု၊ အားကစားဝန်ကြီးဌာန အတည်ပြုသည့်အဆိုတစ်ခု၊ ပညာရေးဝန်ကြီးဌာန အတည်ပြုသည့်အဆိုနှစ်ခု၊ မှတ်တမ်းတင်သည့်အဆိုနှစ်ခု၊ ရုပ်သိမ်းသည့်အဆိုသုံးခု၊ ကျန်းမာရေးဝန်ကြီးဌာန အတည်ပြုသည့်အဆို နှစ်ခု၊ ရုပ်သိမ်းသည့်အဆိုတစ်ခု၊ ပြည်ထောင်စုရွေးကောက်ပွဲနေချုပ်ရုံး အတည်ပြုသည့်အဆိုတစ်ခု၊ အတည်မပြုတာတစ်ခု၊ မှတ်တမ်းတင်တာတစ်ခု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အတည်ပြုသည့်အဆိုတစ်ခု၊ အားလုံးစုစုပေါင်း အတည်ပြုသည့်အဆို ၁၈ ခု၊ အတည်မပြုသည့်အဆိုနှစ်ခု၊ မှတ်တမ်းတင်သည့်အဆို ၁၈ ခု၊ ရုပ်သိမ်းသည့်အဆို ၁၃ ခု၊ စုစုပေါင်း ၅၁ ခုဖြစ်ပါတယ်။ အတည်ပြုခဲ့သည့်အဆိုများနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု အသေးစိတ်ကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြထားပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၄၆ ခု မေးမြန်းခဲ့ပြီး အာမခံချက်၊ ကတိနှင့်တာဝန်ခံချက် ဖြစ်ပေါ်ခဲ့သည့် မေးခွန်း ၁၃ ခု သာရှိခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၃၃၇ ခု မေးမြန်းခဲ့ပြီး ကတိနှင့်တာဝန်ခံချက် ၁၈၇ ခု ဖြစ်ပေါ်ခဲ့ပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်း ၂၉၁ ခုပို့ခဲ့ပြီး အာမခံချက်၊ ကတိနှင့် တာဝန်ခံချက် ၁၇၄ ခု ပို့ခဲ့ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အဆို ၁၇ ခု တင်သွင်းခဲ့ပြီး၊ ၄ ခု သာ အတည်ပြုခဲ့ပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို ၅၁ ခု တင်သွင်းခဲ့ပြီး ၁၈ ခု အတည်ပြုခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးထက် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို ၃၄ ခု ပိုပြီး အတည်ပြုချက်မှာ ၁၄ ခု ပိုခဲ့ပါတယ်။

**ကော်မတီ၏တွေ့ရှိချက်**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသည် ၂ လခန့် ကြာခဲ့သော်လည်း ၎င်းကာလတွင် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ရွေးချယ်ခန့်အပ်ခြင်းတို့ကြောင့် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်း အရေအတွက် နည်းပါးခဲ့ရပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသည် ၃ လနှင့် ၃ ရက် ကြာမြင့်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အတွေ့အကြုံများ ရရှိလာခြင်းတို့ကြောင့် မေးခွန်းများနှင့် အဆိုများ ပိုမိုမေးမြန်းခြင်း၊ တင်သွင်းခြင်းတို့ကို ပြုလုပ်လာသည်ကို တွေ့ရှိရပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မှ ၎င်းတို့၏ မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု၏ တင်ပြချက်များ၊ လိုအပ်ချက်များနှင့် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကို ပြုလုပ်လာသည်ကို တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်မှာလည်း ပိုမိုတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါတယ်။

**နိဂုံး**

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်ခဲ့ပြီး ပုံမှန်အစည်းအဝေးနှစ်ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ တစ်ကြိမ်နှင့်တစ်ကြိမ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များ တိုးတက်လာခဲ့ပြီး ပြည်သူ့လွှတ်တော်မှာလည်း အစည်းအဝေးများကို စနစ်တကျ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ခဲ့သည်ကိုတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းရှိအောင် ပညာရှင်များမှဆွေးနွေးဟောကြားခြင်း၊ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာ ခြင်း၊ အင်တာနက်မှထုတ်နုတ်၍ လေ့လာခြင်း၊ နိုင်ငံတကာလွှတ်တော်များမှ ဆောင်ရွက်ချက်များ လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ အနာဂတ်တွင်လည်း ဆက်လက်ပြီးတိုးတက်အောင်

အဆက်မပြတ် ဆောင်ရွက်သွားပါက လွှတ်တော်အစည်းအဝေးများ ပိုမိုပီပြင်လာမည်ဟု သုံးသပ် ရရှိပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအစီရင်ခံစာသုံးမျိုးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အစီရင်ခံစာသုံးမျိုး နှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ဆွေးနွေးအတည်ပြုမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

## ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ်၏ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ရန်ပုံငွေစာရင်းဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေး အဆို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ပါမယ်။ မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား လွှတ်တော်ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာ ဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကိုမတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါ တယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန် ရန်ပုံငွေစာရင်း ခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကို တင်သွင်းဖို့ ဦးသိန်းဇော်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော် (မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်သည် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှာလည်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးရန်ပုံငွေ ငွေစာရင်းခေါင်းစဉ် တစ်ရပ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကို တင်သွင်း

သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လွတ်လပ်ရေးရပြီးခါစ ကနေစပြီးတော့မှ ယနေ့ထက်တိုင် အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လျက်ရှိပါတယ်။ ယခုအခါမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီးတော့ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးအတွက် လွှတ်တော်အသီးသီးမှာလည်း တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီများ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း သက်ဆိုင်ရာနယ်မြေဒေသများအလိုက် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဆင့်ဆင့်ကို အမိန့်ထုတ်ပြန်ဖွဲ့စည်းပြီးတော့မှ ငြိမ်းချမ်းရေးအတွက် နည်းလမ်းများရှာဖွေလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ငန်းများဆောင်ရွက်တဲ့အချိန်မှာ တစ်ဖက်နှင့်တစ်ဖက်ကြိုတင်ဆက်သွယ်ရခြင်း ကိုယ်စားလှယ်တွေစေလွှတ်ခြင်း၊ တာဝန်ပေးအပ်ခြင်း သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့လိုအပ်ချက်များ၊ နယ်မြေဒေသရဲ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများဆောင်ရွက်ရပါတယ်။ ညှိနှိုင်းဆွေးနွေးပွဲများအတွက်လည်း သွားလာစရိတ်၊ ညှိနှိုင်းဆွေးနွေးပွဲစရိတ် အစရှိသည့်အားဖြင့် စရိတ်စကများ ကုန်ကျမှုများရှိပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြေလည်လာတဲ့အချိန်မှာလည်း အပစ်အခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းမှုများဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီနယ်မြေဒေသတွေကို ပြန်ကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက်က ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မှုအားနည်းခဲ့တဲ့ နယ်မြေဒေသတွေပဲဖြစ်ပါတယ်။ ဒါကြောင့် ပစ်ခတ်တိုက်ခတ်မှုများ ရပ်ဆိုင်းသွားပြီးတော့မှ ငြိမ်းချမ်းရေး ဖော်ဆောင်နေတဲ့ နယ်မြေဒေသတွေမှာလည်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အထူးအလေးထားပြီး ဆောင်ရွက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ သို့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်တစ်ရပ်အဖြစ် ရန်ပုံငွေတစ်ရပ်သတ်မှတ်ခွင့်ပြုပေးနိုင်ရေး အဆိုကို လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးသိန်းဇော်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် တင်သွင်းသွားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကို ကချင်ပြည်နယ်၊

အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ဒွဲဘူက လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တင်သွင်းတဲ့အဆိုဟာ လွှတ်တော်ကသာ ဆွေးနွေးဆုံးဖြတ်အတည်ပြုရမယ့်အဆို ဖြစ်တဲ့အတွက် ယခု လွှတ်တော်မှာပဲ ဆွေးနွေးဆုံးဖြတ်ခြင်းများကို တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် တင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုနှင့် စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာနယ်မြေဒေသများတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီများ အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း သိရှိရပါတယ်။ အဆိုပါ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့တွေဟာ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ပထမအဆင့်အဖြစ် ပြည်နယ်အဆင့်မှ နားလည်မှုများ သဘောတူညီချက်တွေ ညှိနှိုင်းနေကြပြီဖြစ်ပါတယ်။ ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေပြုလုပ်နေကြပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့နေရာမှာ အချို့လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ သဘောတူညီချက်လက်မှတ်တွေ ရေးထိုးပြီးဖြစ်ကြောင်း မင်္ဂလာသတင်းတွေ ကြားသိနေရလို့ ပြည်သူတွေအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းနေကြတာဖြစ်ပါတယ်။ သို့သော်လည်း ထာဝရငြိမ်းချမ်းရေးရရှိရန်လုပ်ငန်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့် စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ထာဝရငြိမ်းချမ်းမှု တည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေး လိုအပ်ချက်တွေရှိလာမှာ ဖြစ်ပါတယ်။ ရေတိုရေရှည်လုပ်ငန်းစဉ်များအတွက် ငွေလုံးငွေရင်းနှင့် သာမန်အသုံး

စရိတ်များ လိုအပ်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် အဆိုပါအသုံးစရိတ်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေမှခွဲဝေသုံးစွဲခွင့် သို့မဟုတ် ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပေးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေး အဆိုကို အလေးအနက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ထောက်ခံဆွေးနွေးမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် အဆိုတင်သွင်းသော ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်နဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ပေါ်ထွန်းရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူတကွ လွှတ်တော်အသီးသီးက ပြည်သူ့ကိုယ်စားပြုကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာကဏ္ဍအသီးသီးကနေ အကောင်အထည်ဖော် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံလွတ်လပ်ရေးရစကတည်းက အယူဝါဒရေးရာကြောင့်လည်းကောင်း၊ ပါတီဂိုဏ်းဂဏစွဲများကြောင့်လည်းကောင်း၊ လူမျိုးရေးကြောင့်လည်းကောင်း ပေါ်ပေါက်လာခဲ့တဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများဟာ နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဆောင်ရွက်လာနိုင်မှသာ နိုင်ငံတော်တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းပြီး ကျွန်တော်တို့လိုလားတောင့်တနေတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရရှိဘဲနဲ့ ကျွန်တော်တို့ လျှောက်လှမ်းချင်တဲ့ ပန်းတိုင်ကို အလွယ်တကူနဲ့ရောက်ရှိနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ အမြော်အမြင်ကြီးမားစွာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီများကို ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်နဲ့ ပြည်ထောင်စုအဆင့်များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး

ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြတာကို မြင်တွေ့နေရတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ အပေါ်ထားရှိတဲ့ သန့်ရှင်းစင်ကြယ်သော စိတ်ရင်းစေတနာအမှန်ကို ကျွန်တော့်အနေနဲ့ ယုံကြည်လေးစားမိပါတယ်။ ယခုလို ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီများအနေနဲ့ လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းအဆင့်ဆင့်တိုင်းမှာ လုပ်ငန်းအောင်မြင်စေရေးအတွက် ကျခံသုံးစွဲရမယ့်ရန်ပုံငွေများ အမှန်တကယ် လိုအပ်ပါကြောင်း လေးစားစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီများ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်စားလှယ်တော်ကြီး ဦးသိန်းဇော် အဆိုတင်သွင်းရာမှာပါရှိတဲ့အတိုင်း ကြိုတင်အဆက်အသွယ်ယူခြင်း၊ ကိုယ်စားလှယ်စေလွှတ်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လိုအပ်ချက် များ၊ နယ်မြေဒေသများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပွဲဆောင်ရွက်ရာတွင်လည်း အဖွဲ့ဝင်များ၏ သွားလာရေးစရိတ်များ၊ အုပ်ချုပ်မှုကိစ္စရပ်များ၊ သတင်းထုတ်ပြန်မှတ်တမ်းတင်ရေးကိစ္စရပ်များနှင့် အခြားကိစ္စရပ်များအတွက် ရန်ပုံငွေများလိုအပ်ပြီး အမှန်တကယ်ကျခံသုံးစွဲရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိရှိနားလည်သလောက် တင်ပြရလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်ရဲ့ အရိပ်အာဝါသအောက် ရောက်ရှိလာရင်လည်း ညီရင်းအစ်ကိုသဖွယ် ၎င်းတို့ရဲ့ဘဝ ဆက်လက်ရပ်တည်မှုအဆင်ပြေစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးသင့်သည်များ ဆောင်ရွက်ပေးပြီး ကူညီစောင့်ရှောက်ပေးသွားရမှာဖြစ်ပါတယ်။ စားဝတ်နေရေးအတွက် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ငွေကြေး၊ ရိက္ခာ၊ ဝတ္ထုပစ္စည်းများကူညီထောက်ပံ့ပေးခြင်း၊ နေရာအဆောက်အဦများ စီစဉ်ပေးခြင်း၊ လယ်သစ်၊ ယာသစ်၊ ဥယျာဉ်ခြံမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ အခြားသော အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးခြင်းစသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များပါမကျန် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားရမှာဖြစ်သလို ဒေသဖွံ့ဖြိုးရေးပါ ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လုပ်ငန်းအဆင့်ဆင့်တိုင်းမှာ ငွေကြေးလိုအပ်ချက်များ အမှန်တကယ်လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြရလျှင် စောစောကတင်ပြခဲ့သလို ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာ ငွေကြေးလိုအပ်ချက်များ အမှန်တကယ်ရှိလာမှာဖြစ်

ပါတယ်။ ဒါကြောင့် မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် အဆို တင်သွင်းသော ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေ စာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကို အလေးအနက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုဟာ ကျွန်တော် တို့နိုင်ငံအတွက် အမှန်တကယ်လိုအပ်တဲ့ ရန်ပုံငွေတစ်ရပ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ဆောင်တဲ့နေရာမှာ အချိန်များစွာ ပေးဆောင်ရွက်ရမှာဖြစ်သလို ငွေကြေးလည်းများစွာ သုံးစွဲရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် တင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် အပါအဝင် လေးဦးက ဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အတည်ပြုချက် တစ်ပါတည်းရယူသွားမှာဖြစ်ပါတယ်။ ဦးသိန်းဇော်ရဲ့အဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘော မတူသူမရှိတဲ့အတွက် မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တင်သွင်းတဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ စက်မှုကုန်ထုတ်လုပ်ငန်းများတွင်ကုန်ကြမ်း သွင်းကုန်နှင့်ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား တစ်ပြေးညီနေခြင်းကို ပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော် သင့်ပါကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့်ကို လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းအား စက်မှုကုန်ထုတ် လုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား တစ်ပြေးညီနေခြင်းကို ပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စက်မှုကုန်ထုတ်လုပ်ငန်းများမှာ ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်ခွန်နှုန်းထားတစ်ပြေးညီဖြစ်နေခြင်း၊ ကုန်ကြမ်းသွင်းကုန်က ကုန်ချောသွင်းကုန်ထက် ကုန်သွယ်ခွန်ပိုမိုကျခံနေရခြင်းတို့နဲ့ ပတ်သက်ပြီးတော့မှ လိုအပ်တဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲပြီးတော့မှ ပြဋ္ဌာန်းအကောင်အထည်ဖော်ပြင်ဆင်ရန်အတွက် အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးမှာ အခွန်အခဟာ အဓိကဝင်ငွေဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန်မှာ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပြည်သူများနေ့စဉ်ထိတွေ့နေရတဲ့အခွန် ဖြစ်တဲ့အလျောက် နိုင်ငံတော်အတွက် အများဆုံးရရှိတဲ့အခွန်ငွေ ဖြစ်ပါတယ်။ ယနေ့ကာလဟာ နိုင်ငံတော် ဈေးကွက်စီးပွားရေးမူဝါဒအရ ပြည်တွင်းထုတ်လုပ်မှုကို အားပေးသည့်အနေဖြင့် ပြည်ပ စက်မှုပို့ကုန်မြှင့်တင်ရေးကိုလည်းကောင်း ရည်ရွယ်ပြီးတော့မှ အားပေးဆောင်ရွက်နေတာကို အားလုံး အသိပဲ ဖြစ်ပါတယ်။ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အခွန်အရပ်ရပ်ကလည်း တိုးတက် ရရှိစေခဲ့တာဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံတော်က စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးအားမြှောက်ပြုသကဲ့သို့ ယင်းစက်မှုလုပ်ငန်းများနှင့်ဆက်စပ်နေတဲ့ ကုန်ချော၊ ကုန်ကြမ်း တင်သွင်းရာတွင် အခက်အခဲများဖြစ်ပေါ်နေသည့် ကုန်သွယ်ခွန်နှုန်းထားများကို ပြန်လည်၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်၏ လက်ရှိကျင့်သုံးနေသော Commercial Tax သည် ထုတ်လုပ်ခွန်၊ ရောင်းချခွန် သဘောမျိုးထုတ်လုပ်သူများ၊ ကုန်စည်ဖြန့်ဖြူးရောင်းချသူများ၊ အရောင်းဆိုင်များမှ တစ်ဆင့်

အဆင့်ဆင့်စည်းကြပ်ကောက်ခံလျက်ရှိသဖြင့် နောက်ဆုံးတွင် စားသုံးသူများအပေါ် ဈေးနှုန်းတိုးမြင့်သွားသဖြင့် စားသုံးသူများက ယင်းအခွန်ကိုကျခံသည့်သဘော သက်ရောက်လျက်ရှိပါတယ်။ စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံရာမှာ ကုန်ပစ္စည်းအမျိုးအစားခွဲခြားပြီး အခွန်နှုန်းဇယားရေးဆွဲပြီးတော့မှ အခွန် ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း အစရှိသဖြင့် သတ်မှတ်ကောက်ခံနေခြင်းကြောင့် ထပ်ဆင့်တန်ဖိုးမြှင့်ထုတ်လုပ်မှု Value Added Products ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်တာနဲ့အမျှ အခွန်နှုန်းထားများလည်း ပိုမိုမြင့်မားစွာ ကောက်ခံပေးသွင်းနေရပါတယ်။ အဲ့ဒီလိုဆောင်ရွက်ခြင်းဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များချမှတ်ဆောင်ရွက်ရာမှာ အခက်အခဲတစ်ခုအဖြစ် တွေ့မြင်နိုင်ပါတယ်။ တစ်နည်းအားဖြင့် ပြည်တွင်းထုတ်လုပ်သူအနေနဲ့ ပြည်ပမှကုန်ချောတင်သွင်းသူများပေးဆောင်ရတဲ့ အခွန်ငွေထက် များစွာပိုနေတာကိုတွေ့ရှိရပါတယ်။ အခြေခံမူအားဖြင့် အခွန်များပြဋ္ဌာန်းရာမှာ ပြည်ပမှစက်မှု ကုန်ကြမ်းပစ္စည်း Raw Material ပေါ်မှာ အနည်းဆုံးကုန်သွယ်ခွန်ကို ကောက်ခံသင့်ပြီး တစ်ဝက်တစ်ပျက်ကုန်ပစ္စည်းများ Semi Finished Goods များပေါ်တွင် သင့်တင့်သော နှုန်းထားများဖြင့် ကောက်ခံခြင်း၊ ပြည်ပသွင်းစက်မှုကုန်ချော (Finished Goods) များတွင် အမြင့်ဆုံးသွင်းကုန်တိုးတက်ခြင်းတို့ကို လေ့လာဆောင်ရွက်ရမယ်ဆိုပါက ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် များစွာအကျိုးရှိမှာဖြစ်ပါတယ်။ နိုင်ငံတကာတွင် သွင်းကုန်အခြေခံကုန်ကြမ်းကို ကုန်သွယ်ခွန် သုညရာခိုင်နှုန်းသတ်မှတ်ပြီး ထပ်ဆင့်ပြုပြင်ပြီးကုန်ပစ္စည်းများကို သင့်တင့်သောကုန်သွယ်ခွန်နှုန်း ၅ ရာခိုင်နှုန်းကောက်ခံကာ သွင်းကုန်ကုန်ချောများကို အခွန်နှုန်း ၁၀ ရာခိုင်နှုန်းထိ ကောက်ခံနေတာကို တွေ့ရှိရပါတယ်။ အလားတူပုံစံမျိုးကို မလေးရှားနှင့် ဖိလစ်ပိုင်တို့မှာလည်း တွေ့ရှိနိုင်ပါတယ်။ မိမိတို့နိုင်ငံမှာတော့ တချို့သောကုန်စည်များကို ကုန်ချောသွင်းကုန်ထက် ကုန်ကြမ်းသွင်းကုန်ပေါ်မှာ အခွန်နှုန်းထားပိုမိုကောက်ခံနေတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် လူသုံးဆေးဝါး၊ တိရစ္ဆာန်သုံးဆေးဝါးထုတ်လုပ်သော ဓာတုဗေဒဆေးဝါးကုန်ကြမ်းများကို ကုန်သွယ်ခွန်နှုန်း ၁၀ ရာခိုင်နှုန်းကောက်ခံပြီး အဆိုပါလူသုံးဆေးဝါး၊ တိရစ္ဆာန်သုံးဆေးဝါး ကုန်ချောများအတွက်ကိုတော့ ကုန်သွယ်ခွန် ၀.၅ ရာခိုင်နှုန်းသာ ကောက်ခံနေကြောင်း တွေ့ရှိရပါတယ်။ အလားတူအိမ်မိုးသွပ် ကုန်ချောအတွက် ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်းသာကောက်ခံပြီး ကုန်ကြမ်းအတွက် ၂၀ ရာခိုင်နှုန်း ကောက်ခံနေတာကို တွေ့ရှိရပါတယ်။ အလားတူပဲ Plastic ၊ ကော်စေး၊ ခဲဆန်၊ စာရွက်၊ စက္ကူ ဖန်ချောင်း အစရှိသည့် ကုန်ချောက ကုန်ကြမ်းထက် ကုန်သွယ်ခွန်သက်သာနေသည်များကိုလည်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုကုန်ကြမ်းများ ပြည်ပမှတင်သွင်းတဲ့အချိန် အခွန်လျှော့နည်းစေရန် စဉ်းစားသကဲ့သို့ ပြည်တွင်းစက်မှုလုပ်ငန်းရှင်များထံမှ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ဝင်ငွေလုပ်ငန်းခွန်များ ထပ်မံပေးသွင်းပြီး ဖြန့်ဖြူးရောင်းချသူများထံမှလည်း ထပ်မံကောက်ခံပေးသွင်းခြင်းကိုလည်း ထပ်မံ စဉ်းစားသင့်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြန်ကြည့်လျှင် ပြည်ပမှတင်သွင်းတဲ့ စက်မှု ကုန်ကြမ်းများနှင့် စက်မှုကုန်ချောတို့၏ ကုန်သွယ်လုပ်ငန်းခွန်အားလုံးဟာ ကွာဟမှုမရှိခြင်း၊ တချို့ကုန်ကြမ်းများတွင် ကုန်ကြမ်းက ကုန်ချောထက် အခွန်ပိုပေးနေရခြင်းရှိတဲ့အတွက် ပြည်တွင်း စက်မှုလုပ်ငန်းများကို အားပေးမှုမရှိသည့် သဘောသက်ရောက်ပြီး နစ်နာမှုများကို တွေ့ရှိနေရပါတယ်။ စက်မှုဇုန်တွေအတွက် ထုတ်ပြန်ထားတဲ့အမိန့်ကြော်ငြာစာအမှတ် စက်မှုဇုန်အခွန်သက်သာခွင့် ၁၄၃/၉၉ ဆိုတာရှိပါတယ်။ အဲဒီ ၁၄၃/၉၉ ကတော့ ကိုယ်တိုင်ထုတ်လုပ်တဲ့စက်ရုံတွေအတွက် ကုန်ထုတ်လုပ်ခွန်ကို ၁၀၀ ရာခိုင်နှုန်းမကောက်ခံဘဲနဲ့ ယာယီအားဖြင့် ၂၀ ရာခိုင်နှုန်းသာ ပေးဆောင် စေတဲ့ အမိန့်ဖြစ်ပါတယ်။ ဒီအမိန့်ကလည်း တစ်နှစ်ပြီးတစ်နှစ် ယာယီတိုးပေးနေတာ ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုမှာ အထိုက်အလျောက်အဟန့်အတား ဖြစ်နေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်တွင်းထုတ်ကုန်လုပ်ငန်းရှင်အများစုမှာ စက်မှုကုန်ကြမ်းပစ္စည်းများ ပြည်ပကနေတင်သွင်းရာမှာ မကျွမ်းကျင်ခြင်း၊ ငွေလုံးငွေရင်းရင်းနှီးငွေကို လက်ဝယ်ကြာကြာမထားနိုင်ခြင်းတို့ကြောင့် ပြည်ပမှ တင်သွင်းသူများမှတစ်ဆင့် ဝယ်ယူတင်သွင်းမှုကပိုမိုများတဲ့အတွက်ကြောင့် အကြောင်းအမျိုးမျိုးကြောင့် အခွန်နှစ်ထပ်ပေးဆောင်ရတာကို တွေ့ရှိရပါတယ်။ အမိန့်ကြော်ငြာစာအမှတ် ၁၄၃/၉၉ က ယာယီ တိုးမပေးခဲ့ရင် ပြည်ပလုပ်ငန်းရှင်အများစုဟာ ကမောက်ကမ ဖြစ်သွားနိုင်တဲ့ အနေအထားရှိပါတယ်။ ပြည်ပသွင်းကုန်နဲ့ ပြည်တွင်းထုတ်ကုန်က ကုန်သွယ်လုပ်ငန်းခွန်ကို ပိုမိုပေးဆောင်ရတဲ့ အခြေအနေမျိုး မှာ အခွန်နှုန်းထားကြောင့် တစ်ခုတည်းမဟုတ်ဘဲနဲ့ Custom Exchange Rate ကြောင့် ဖြစ်ကြောင်း ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်များကို ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ၏ ကုန်စည်တွင် ပြည်ပစက်မှုကုန်ချောနှင့် အပြိုင်ရောင်းချနေချိန်မှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ အခွန်နှုန်း ထားသတ်မှတ်ထားတဲ့ ကုန်ကြမ်းများကိုသွင်းပါက များစွာအခက်အခဲဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဆေးဝါးကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်းများ၊ အိမ်မိုးသွပ်၊ သံပြားလိပ်အစရှိတဲ့ ကုန်ကြမ်း များဟာ ကုန်ကြမ်းအတွက် ကုန်သွယ်ခွန်က ကုန်ချောအတွက် ကုန်သွယ်ခွန်ထက် ပိုများနေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်ရေးကို အားပေးနေတဲ့အချိန်မှာ လုပ်ငန်းရှင်များက ပြည်တွင်းမှာမရှိတဲ့ ပြည်ပကုန်ကြမ်းကိုဝယ်ယူတင်သွင်းပြီး ကုန်ချောအဖြစ်

ထုတ်လုပ်ပြီး ပြည်ပကို ပြန်လည်တင်ပို့နိုင်အောင် ကြိုးစားနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရတဲ့လုပ်ငန်းမှာ စက်မှုကုန်ကြမ်းနဲ့ သွင်းကုန်ကုန်ချောအခွန်နှုန်းတူညီနေခြင်း၊ စက်မှုကုန်ချောက စက်မှုကုန်ကြမ်းထက် အခွန်နှုန်းနည်းနေခြင်းတို့ဟာ ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားရေးကို အားပေးရာမရောက်ဘဲ ပြည်ပမှကုန်ချောများ တိုက်ရိုက်တင်သွင်းရောင်းချရေး ကို အားပေးရာရောက်နေပါတယ်။ ကုန်ချောတင်သွင်းရောင်းချခြင်းက ကုန်သွယ်ခွန်နှုန်း သက်သာ သဖြင့် ကုန်ကြမ်းတင်သွင်းထုတ်လုပ်သူထက် ဈေးကွက်မှာ ဈေးနှုန်းယှဉ်ပြိုင်ရောင်းချနိုင်တဲ့အတွက် ရေရှည်မှာ စက်ရုံထူထောင်၍ ကုန်ပစ္စည်းများမထုတ်လုပ်ကြတော့ဘဲ ကုန်ချောကိုပဲ တင်သွင်း ရောင်းချခြင်းကိုသာ အားပြုလာလို့ရှိရင် စက်ရုံ၊ အလုပ်ရုံများ ထုတ်လုပ်မှုများ ရပ်ဆိုင်းသွားပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနဲ့ လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုဟာ တဖြည်းဖြည်းကျဆင်း လာမှာပဲဖြစ်ပါတယ်။ ဒါကြောင့်ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကုန်သွယ်ခွန်နှုန်းထားကို ပြန်လည်ထိန်းသိမ်း ပေးသင့်တဲ့အပြင် အခွန်အခစည်းမျဉ်းဥပဒေနှင့် အမိန့်ကြော်ငြာများကိုလည်း အခွန်ထမ်းများ အလွယ်တကူသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ကြေညာ သွားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စက်မှုကုန်ထုတ်လုပ်ငန်းများမှာ ကုန်ကြမ်းသွင်းကုန်နဲ့ ကုန်ချောသွင်းကုန်တို့မှာ ကုန်ချောသွင်းကုန်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားနည်းခြင်းမှာ ယခင်ကိုလိုနီနယ်ချဲ့ လက်အောက်ကျရောက်ခဲ့စဉ်က နယ်ချဲ့အနေနဲ့ သူတို့ထုတ်လုပ်တဲ့ကုန်ချောများအပေါ်တွင်သာ မိမိ တို့ကို မှီခိုစေခြင်းဖြင့် မိမိနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက တားဆီးပိတ်ပင်လိုသော စိတ်စေတနာနဲ့ ထုတ်ပြန်သောအခွန်နှုန်းဥပဒေအတိုင်း ယနေ့လိုက်နာကျင့်သုံးနေသလားလို့တောင်မှ ထင်မှတ်မှားစရာဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ စက်မှုကုန်ထုတ်လုပ်ငန်းများမှာ ကုန်ကြမ်းသွင်းကုန်နဲ့ ကုန်ချောသွင်းကုန်တို့ ကုန်သွယ်လုပ်ငန်းခွန်တစ်ပြေးညီဖြစ်နေခြင်း ကုန်ကြမ်းသွင်းကုန်က ကုန်ချော သွင်းကုန်ထက် ကုန်သွယ်လုပ်ငန်းခွန် သက်သာရမည့်အစားကုန်ကြမ်းသွင်းကုန်ပေါ် ကုန်ချော သွင်းကုန်ထက် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား ပိုမိုသတ်မှတ်ကောက်ခံနေခြင်းကို ပြန်လည်သုံးသပ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ရေးဆွဲ၍ ပြဋ္ဌာန်း အကောင်အထည်ဖော်သင့်ကြောင်းတင်သွင်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(ဒဂုံဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာနေလင်းဖြစ်ပါတယ်။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ရဲ့အဆိုဟာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားနဲ့ ပတ်သက်နေတဲ့အတွက်ကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ရန်းဆောင်ရွက်သင့်တဲ့အတွက်ကြောင့် လက်ခံဆွေးနွေးပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးအောင်သိန်းလင်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းတင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဌကကြေညာခြင်း

**ဥက္ကဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းတင်သွင်းတဲ့အဆိုကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (တနင်္လာနေ့) ပြည်သူ့လွှတ်တော် တတိယနေ့အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။ အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၄း၂၀**။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို မွန်းလွဲ ၁၄း၅၀ နာရီမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၄ း ၅၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ)အရ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုတင်သွင်းဖို့ ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို လွှတ်တော်က ခွင့်ပြုတဲ့ဥပဒေကြမ်းများ တင်သွင်းတဲ့အခါမှာ အားလုံးတူညီတဲ့အချက်တစ်ချက်ကို ဥက္ကဋ္ဌကြီးခွင့်ပြုချက်နဲ့ ကျွန်တော် ဦးစွာဆွေးနွေးပါရစေ။ အဲဒါကဘာလဲဆိုတော့ ကျွန်တော် ဥပဒေကြမ်းလွှတ်တော်ကိုတင်ပြတဲ့အခါမှာ ဒီဥပဒေကြမ်း တင်သွင်းတဲ့ရည်ရွယ်ချက်နဲ့ ကျိုးကြောင်းဖော်ပြချက်ပါ ကျွန်တော်တစ်ပါတည်း ရေးသားဖော်ပြထားခဲ့ပါတယ်။ သို့သော် အကြောင်းကြောင်းကြောင့် လွှတ်တော်ရုံးက ဖြန့်ဝေတဲ့အခါမှာ ရည်ရွယ်ချက်နဲ့ အကျိုးအကြောင်း

ဖော်ပြချက်မပါတဲ့အတွက်ကြောင့် တော်တော်များများသော လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပညာရှင်များမဟုတ်တဲ့အတွက် သဘောပေါက်ဖို့အတွက် အားနည်းတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် နောင်အခြေအနေပေးရင် ကျွန်တော်တင်ပြတဲ့ဥပဒေကြမ်းများရဲ့ ရည်ရွယ်ချက်နဲ့ ကျိုးကြောင်းဖော်ပြချက်ကိုပါ ပြင်ဆင်ချက်ဥပဒေမူကြမ်းနှင့်အတူ ပူးတွဲပေးပို့နိုင်ပါက ပူးတွဲပေးပို့ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးစားစား တင်ပြလိုပါတယ်။ နောက်ဒုတိယတစ်ချက် ကျွန်တော်တင်ပြလိုတဲ့အချက်ကတော့ ခုန ကတိကဝတ်ခံဝန်ချက်များ ဥက္ကဋ္ဌကြီး ပြောပြသလို လွှတ်တော်လုပ်ငန်းတွေဟာ တစ်ပတ်နှင့်တစ်ပတ်ပိုပြီးတော့ ပီပြင်လာပါပြီ။ နောက် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုစံနှုန်းကို လေ့လာစောင့်ကြည့်နေတဲ့ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များကိုလည်း ကျွန်တော်တို့လွှတ်တော်က တစ်ပတ်နှင့်တစ်ပတ်ပြောင်းလဲမှု ဘယ်လောက်မြင့်မားလာတာကို ဖော်ပြဖို့လိုတဲ့အတွက် အခုကျွန်တော့်ဥပဒေကြမ်းများနဲ့ပတ်သက်ပြီးတော့ ဆန္ဒရယူတဲ့ အခါမှာမနက်ကလည်း ဖြန့်ဝေထားတဲ့အရပေါ့ စက်ခလုတ်များဟာ ကောင်းမွန်လာပြီလို့သိရတဲ့အတွက် စက်ခလုတ်များ သုံးပြီးတော့ဆန္ဒခံယူပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျွန်တော် အနူးအညွတ်လေးလေးနက်နက် မေတ္တာရပ်ခံပါရစေ။

လေးစားအပ်သောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်မပါတဲ့အတွက် ကျွန်တော်ပဲဦးစွာ ဒီဥပဒေကို ဘာကြောင့်ပြင်ဆင်ဖို့ တင်ရလဲဆိုတဲ့အချက် ကျွန်တော် ရှင်းလင်းတင်ပြပါမယ်။ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးက မူဝါဒမိန့်ခွန်းပေးတဲ့အခါမှာ အရေးကြီးတဲ့အချက် တစ်ချက်ထောက်ပြသွားခဲ့ပါတယ်။ ဒါကတော့ ဘာလဲဆိုတော့ လာဘ်ပေးလာဘ်ယူမှုဟာ သမ္မတကြီးရဲ့ ပြောကြားချက်အတိုင်းပဲ ကျွန်တော်ဖတ်ပြပါရစေ။ လာဘ်ပေးလာဘ်ယူမှုဟာ လူတစ်ဦးချင်းကို ထိခိုက်စေသည်သာမက နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာကိုပါ ထိခိုက်စေတဲ့အတွက် ပြည်သူတွေရဲ့အကူအညီကိုရယူပြီး ထိရောက်စွာတားဆီးသွားပါမယ်ဆိုတဲ့ လမ်းညွှန်စကားပြောကြားခဲ့ပါတယ်။ ဒါကြောင့် လာဘ်ပေးလာဘ်ယူမှုကို ထိရောက်စွာတားဆီးနိုင်ဖို့ တရားမဝင်တဲ့နည်းလမ်းဖြင့် ရရှိတဲ့ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်ရန် လိုအပ်သဖြင့် အခုဒီဥပဒေကြမ်းကို ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ အုမ မတောင့်၍ သီလမစောင့်နိုင်တဲ့ အောက်ခြေနှင့်အလယ်အလတ်ဝန်ထမ်းများရဲ့ ဘဝအခြေအနေကို ကျွန်တော်တို့နားလည်ပါတယ်။ ဒါပေမယ့်

ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၀၅ ခုနှစ်၊ တရားဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လေ့လာတဲ့ အခါမှာ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ပုဂ္ဂိုလ်ကိုပင် လာဘ်ပေးလာဘ်ယူမှုနဲ့ အရေးယူ ခဲ့ရတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် လာဘ်ပေးလာဘ်ယူမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လို ထိန်းချုပ်ကြမလဲ။ ကျွန်တော်တို့ နိုင်ငံမှာကိုလိုနီခေတ်ထဲက ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီး အခန်း(၉)မှာ ပြည်သူ့ဝန်ထမ်းကို ကျူးလွန်သော သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းနဲ့ သက်ဆိုင်သော ပြစ်မှုများ လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်ရင် ပုဒ်မ ၁၆၁ ကနေ ၁၆၉ အထိ ပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ရဲ့ လာဘ်ပေးလာဘ်ယူမှုဟာ ကျယ်ပြန့်နက်ရှိုင်းလာသဖြင့် ဒီပြစ်မှုဆိုင်ရာ ဥပဒေနဲ့ မလုံလောက်ခဲ့တော့ပါဘူး။ ဒါကြောင့် ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ၊ အက်ဥပဒေအမှတ် ၆၇ ကို ပြဋ္ဌာန်းပြီးတော့ ပြစ်ဒဏ်တွေကို တိုးခဲ့ပါတယ်။ မူလ ထောင်နှစ်နှစ်သာ ချမှတ်နိုင်တဲ့ ရာဇသတ်ကြီးကနေ အခု ထောင်ခုနစ်နှစ်အထိ ချမှတ်နိုင်တဲ့အထိ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှုနဲ့ ပတ်သက်ပြီး အရေးယူ ကိုင်တွယ်ခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်အားလုံးသိတဲ့အတိုင်းပဲ ယနေ့အချိန်အထိ လာဘ်ပေးလာဘ်ယူမှုဟာ ကင်ဆာရောဂါသဖွယ် အင်မတန်မှနက်နက်ရှိုင်းရှိုင်း စွဲကပ်နေပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြီးခဲ့တဲ့အပိုင်းတွေနဲ့ ပတ်သက်ရင်နားလည်နိုင်ပါတယ်။ သို့သော် နိုင်ငံတော် သမ္မတကြီး က မူဝါဒမိန့်ခွန်းပြောပြီး မတ်လ ၃၀ ရက်နေ့နောက်ပိုင်းမှာလည်း တော်တော်များများသော နယ်ပယ်တွေမှာ အင်မတန်မှစည်းစိမ်ဥစ္စာချမ်းသာပြည့်စုံနေတဲ့ အရှေ့ရောက်နေတဲ့သူတွေပင် ဒီအဂတိလိုက်စားမှုနဲ့ မကင်းလွတ်တဲ့သတင်းတွေကို တော်တော်များများ ကြားသိလာတဲ့အတွက် အထူးသဖြင့် ကျွန်တော်တို့ဒီမိုကရေစီအသွင်ကူးပြောင်းမှုအောင်မြင်ဖို့အတွက် လာဘ်ပေးလာဘ်ယူမှုကို ကျွန်တော်တို့ နှိမ်နင်းဖို့လိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ရ/သုံးခန့်မှန်းခြေ ငွေစာရင်းကာလဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့အခွန်တော် ၇၀ ရာခိုင်နှုန်းလောက်ဟာ Budget ရဲ့ဘဏ္ဍာငွေဟာ အခွန်တော်ကရပါတယ်။ သို့သော် လာဘ်ပေးလာဘ်ယူမှုကို မထိန်းချုပ်ရင် နိုင်ငံတော်ကို ဝင်လာမယ့်ဝင်ငွေတွေဟာ နိုင်ငံတော်ဆီမရောက်ဘဲနဲ့ အာဏာရှိသူလုပ်ပိုင်ခွင့်ရှိသူ လူနည်းစုလက်ထဲရောက်သွားတယ်ဆိုတာကိုလည်း အားလုံးကြားရ၊ သိနေရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာပါတော့မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလာတဲ့အခါမှာ နိုင်ငံတိုင်းကတိုင်းတာတဲ့အချက်ကသူတို့သွားရောက်ရင်းနှီးမြှုပ်နှံမယ့်နိုင်ငံဟာ လာဘ်ပေးလာဘ်ယူမှု ဘယ်အဆင့်မှာရှိပါသလဲ။ ဒါကိုအဓိက စူးစမ်းရှာဖွေလေ့ရှိကြပါတယ်။ နောက်တစ်ခါကျွန်တော်တို့အခု

ဒီအင်တာနက်သတင်းတွေရဲ့ ဖော်ပြချက်အရဆိုရင် CPI ရဲ့ ထုတ်ပြန်ချက်အရဆိုရင် ကျွန်တော်တို့ဟာ အဂတိလိုက်စားမှုနဲ့ပတ်သက်ရင် နာမည်ကောင်းမရတဲ့ နိုင်ငံစာရင်းထဲမှာ ပါနေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ လာဘ်ပေးလာဘ်ယူသူများကို တည်ဆဲရာဇသတ်ကြီးဥပဒေ၊ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ အဲဒီဥပဒေလောက်နဲ့တော့ မလုံလောက်တော့ပါဘူး။ အဲဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်နည်းနဲ့ဟန့်တားမှာလဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၂၊ တရားမဝင်တဲ့နည်းလမ်းဖြင့်ရရှိတဲ့ ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေဟာ ပုဒ်မ ၁ ကနေ ပုဒ်မ ၄၁ အထိ ပါဝင်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေ ပုဒ်မ ၂ မှာ ဒီဥပဒေအရ အရေးယူနိုင်တဲ့ဟာ ပြည်တွင်းမှာ မည်သူမဆို ကျူးလွန်ရင် အရေးယူနိုင်တယ်။ ပြည်ပမှာ မြန်မာနိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူ ကျူးလွန်ရင်အရေးယူနိုင်တယ်။ နောက်ဆုံးမှတ်ပုံတင်ထားတဲ့ ရေယာဉ်၊ လေယာဉ်ပေါ်မှာ ကျူးလွန်လျှင်လည်း အရေးယူနိုင်တယ်။ အခုဆိုရင် နိုင်ငံခြားမှာသွားပြီးတော့ လာဘ်ယူတဲ့သတင်းတွေဟာလည်း ကျွန်တော်တို့ ကြားနေကြရပါတယ်။ အဲဒီတော့ ပြည်ပမှာ လာဘ်ယူတာကိုလည်း အရေးယူနိုင်ဖို့ ကျွန်တော်တို့ လောလောဆယ်ဆယ် ဘာလုပ်သင့်လဲဆိုရင် အခုပြဋ္ဌာန်းထားတဲ့ ဥပဒေအမှတ် ၆/၂၀၀၂ ပုဒ်မ ၅ မှာ ဘာတွေပြဋ္ဌာန်းထားလဲဆိုတော့ (က)မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ဥပဒေ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ရောင်းဝယ်ဖောက်ကားမှုနှင့် တရားမဝင်လူကုန်ကူးမှု၊ မြန်မာနိုင်ငံဗဟိုဘဏ်က ထုတ်ဝေတဲ့လုပ်ငန်း လိုင်စင်မရှိဘဲ ငွေကြေးအဖွဲ့အစည်းရဲ့လုပ်ငန်းလုပ်ကိုင်မှု၊ ရှေးဟောင်းပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ခိုးယူမှု၊ ခိုးထုတ်မှု၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများကို တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ ငွေကြေးအတုပြုလုပ်မှု၊ သုံးစွဲမှုနှင့်လက်ဝယ်ထားမှု၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို အပိုင်စီးမှု၊ ညစ်ညမ်းလွဲထွက်နှင့် နည်းပညာဖြင့်ကျူးလွန်သည့်ပြစ်မှု၊ အကြမ်းဖက်၍ ကျူးလွန်သည့်ပြစ်မှုများ၊ (၁၀)မှာတော့ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့်ပြစ်မှုများ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အခါအားလျော်စွာ သတ်မှတ်ထားတဲ့ပြစ်မှုများကို လေ့လာတဲ့အခါမှာ လာဘ်ပေးလာဘ်ယူမှု ကျူးလွန်တဲ့ပြစ်မှုများကို ကြော်ငြာထားတာ ကျွန်တော်တော့ မတွေ့ပါဘူး။ ဒါကြောင့် ဒီဥပဒေမှာပဲ လာဘ်ပေးလာဘ်ယူကိစ္စ ကျူးလွန်တဲ့သူများကို ကျွန်တော်တို့က ဒီဥပဒေမှာ ပုဒ်မ ၅၊ အပိုဒ် ၁၁ မှာ

ထပ်မံဖြည့်ပေးလိုက်မယ်ဆိုရင် လာဘ်ပေးလာဘ်ယူမှုကို ကျွန်တော်တို့ တားဆီးနိုင်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်သမ္မတကြီး ပြောကြားတဲ့အတိုင်း ပြည်သူလူထုဝိုင်းပြီးတော့ ကူညီဖို့ဆိုရင် ဤဥပဒေမှာဘာပါသလဲဆိုတော့ ဒီလိုပြစ်မှုမျိုးကျူးလွန်တဲ့သူများကို အရေးယူဖို့ သတင်းပေးတဲ့ ပုဂ္ဂိုလ်များကို ဒီဥပဒေက ဆုချီးမြှင့်ထားပါတယ်။ အဲဒီတော့ ပြည်သူလူထုဟာ လာဘ်ပေးလာဘ်ယူမှု ကျူးလွန်နေတဲ့သူတွေကို သတင်းပေးနိုင်ဖို့ဆိုရင် သူတို့ကိုဆုငွေချီးမြှင့်မယ်ဆိုရင် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ လက်တွေ့မှာပိုပြီးတော့ ပါဝင်လာပါမယ်။ ဒါကြောင့် ဒီတရားဥပဒေနဲ့ ဆန့်ကျင်တဲ့နည်းနဲ့ အာဏာအလွဲသုံးစားလုပ်ပြီးတော့ လာဘ်ပေးလာဘ်ယူပြစ်မှု ကျူးလွန်သူများကို အထူးသဖြင့် ၂၀၁၀ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နောက်ပိုင်းမှာ လာဘ်ပေးလာဘ်ယူကျူးလွန်ထားတဲ့ သူတွေရဲ့ ငွေကြေးနဲ့ပစ္စည်းများကို ထိန်းချုပ်ပြီး ထိရောက်စွာအရေးယူနိုင်ဖို့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ပြန်လည်အသုံးပြုနိုင်ဖို့ လိုအပ်တဲ့အတွက် ဤပြင်ဆင်ချက်ဥပဒေအား တင်ပြရခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တင်ပြပါတယ်။ ဒီအဆိုရဲ့အတိမ်အနက်ကို တိုင်းပြည်ရဲ့အနာဂတ် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုပေါ်မှာ စဉ်းစားပြီးတော့ လေးလေးနက်နက် အဆုံးအဖြတ်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ထပ်မံပြီးတော့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ပတ်သက်တဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်တင်သွင်းတဲ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့လည်း လုပ်ထုံးလုပ်နည်းများအတိုင်း အစိုးရအဖွဲ့ကိုလည်း ပေးပို့ပါတယ်။ ပြီးတဲ့အခါမှာ ကိုယ်စားလှယ်များ ကိုလည်း ဖြန့်ဝေပေးထားပါတယ်။ အစိုးရအဖွဲ့က ဒီအဆိုကို ပြန်လည်ဆွေးနွေးဖို့ အသင့်ဖြစ်ကြောင်း လည်း လွှတ်တော်ကို အကြောင်းကြားလာပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ သင့်၊ မသင့်၊ ဆက်လက်ဆွေးနွေးသင့်၊ မဆွေးနွေးသင့်ကိစ္စကို ပိုမိုပြည့်စုံစွာဆောင်ရွက်နိုင်ဖို့အတွက် ဦးစွာ တင်ပြတဲ့အဆိုပေါ်မူတည်ပြီးတော့မှ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဦးစွာရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ ယခုအဆိုရှင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ အခု ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိတဲ့ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေဆိုတာ Control of the Money Laundering Law ဖြစ်ပါတယ်။ ဒီဥပဒေကို ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၆/၂၀၀၂ ဖြင့် ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ပုဒ်မ ၅ ပုဒ်မခွဲ(က)မှာ ကျူးလွန်ရာမှရရှိတဲ့ ငွေကြေးနှင့်ပစ္စည်း တွေကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် တရားမဝင်သောနည်းလမ်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းစတဲ့ ပြစ်မှုတွေဟာ ဤဥပဒေနဲ့ သက်ဆိုင်တယ်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီဥပဒေစတင်ပြဋ္ဌာန်းစဉ်တုန်းကတော့ ဒီမူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအပါအဝင်ကျူးလွန်တဲ့ ပြစ်မှုပေါင်း ဟာ ၁၀ မျိုးပြဋ္ဌာန်းထားပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဖတ်ကြားသွားတဲ့ ပြစ်မှုတွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ Control of the Money Laundering Law မှာ မူရင်း ဥပဒေတွေရှိပါတယ်။ ဒီမူရင်းဥပဒေတွေကို စီရင်ပြီးတဲ့နောက်ပိုင်းမှာ တရားမဝင်တဲ့ငွေကြေးနဲ့ ပစ္စည်းတွေကို ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်လို့ရအောင် ပြဋ္ဌာန်းထားတဲ့ ဥပဒေ ဖြစ်ပါ တယ်။ အဲဒီတော့ ပြောရမယ်ဆိုလို့ရှိရင်တော့ ဒီဥပဒေဟာ ဒါနောက်ဆက်တွဲ Secondary Law ဖြစ်ပါ တယ်။ ရှေ့ဥပဒေအရ အရေးယူစီရင်ပြီးလို့ရှိရင် နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ကိစ္စရပ်တွေကို

စီရင်တာ ပါ။ ငွေကြေးနဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒီဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် ၁၀ မှာ အစိုးရအဖွဲ့ က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့်ပြစ်ဒဏ်များဆိုပြီးတော့ ဖော်ပြ ပေးထားပါတယ်။ ဒီပြဋ္ဌာန်းချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရရဲ့ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၀၄နဲ့ ခုနက ပြစ်မှု ၁၀ မျိုး အပြင် လိမ်လည်မှုဆိုတာကို ထပ်ထည့်လိုက်ပါတယ်။ အဲဒါအပြင်၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ မှာပဲ ပြည်ထောင်စုအစိုးရရဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၀၇ နဲ့ အဂတိလိုက်စားမှု အပါအဝင် ပြစ်မှု ၁၀ မျိုးကို ထပ်ထည့်လိုက်ပါတယ်။ အဂတိလိုက်စားမှုဆိုတာ ခုနက လာဘ်ပေးလာဘ်ယူမှုမျိုးပဲ ဖြစ်ပါတယ်။ ၁၀ မျိုးထပ်ပြီးတော့ အမိန့်ကြော်ငြာစာနဲ့ထုတ်ပြန်လိုက်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သိရှိနိုင်အောင်တင်ပြရမယ်ဆိုလို့ရှိရင် နောက်ထပ် ထပ်ထည့်လိုက်တဲ့အမှု ၁၀ မျိုးဟာ (၁) အဂတိလိုက်စားမှုများ၊ (၂) တရားမဝင်သစ်ခိုးထုတ်မှုများ၊ (၃) လူကုန်ကူးမှုများ၊ (၄) စာတမ်းအမှတ်အသား လိမ်လည်အတုပြုလုပ်မှုများ၊ (၅) လူနဲ့တရားမဝင်ပစ္စည်းမှောင်ခိုမှုများ၊ (၆) လူပြန်ပေးမှု၊ (၇) ခြောက်လှန့်တောင်းယူမှု၊ (၈) ကုန်အမှတ်တံဆိပ်နဲ့မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများ၊ (၉) အခွန်တိမ်းရှောင်မှုများ၊ (၁၀) တရားမဝင်သောနည်းလမ်းဖြင့်ရတဲ့ငွေကြေးများ ထိန်းချုပ်ရေးဥပဒေနှင့် ပတ်သက်တဲ့ပြစ်မှုတစ်ခုခုကို ဂိုဏ်းဖွဲ့ကျူးလွန်သူများဆိုပြီးတော့ ထပ်ထုတ်လိုက်ပါတယ်။ အဲ့ဒါအပြင် ဒါနဲ့မလုံလောက်သေးတဲ့အတွက် ၂၀၁၀ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၀ နဲ့ ထပ်ပြီးတော့ပြစ်မှု ၁၀ မျိုးကို ထပ်ထုတ်လိုက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေမှာ ပြစ်မှုအမျိုးပေါင်း ၃၀ တိတိ အရေးယူလို့ ရတယ်ဆိုတဲ့ဟာကို တွေ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ဒီဥပဒေမှာလည်း ပုဒ်မ ၄၁ ပုဒ်မခွဲ(က)မှာ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့နည်းဥပဒေတွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အစိုးရအဖွဲ့ရဲ့သဘောတူညီချက်နဲ့ ထုတ်ပြန်ပြဋ္ဌာန်းနိုင်တယ်ဆိုပြီးတော့လည်းပါပါတယ်။ ထို့အတူပဲ ဒီဥပဒေရဲ့ ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)မှာ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းတွေ က လိုအပ်တဲ့အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ညွှန်ကြားချက်တွေကိုလည်း ထုတ်ပြန်နိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ မူလ မူရင်းဥပဒေတွေဖြစ်တဲ့ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၃မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မတွေ ပုဒ်မ ၁၆၁၊ ပုဒ်မ ၁၆၂၊ ပုဒ်မ ၁၆၃၊ ပုဒ်မ ၁၆၄ စသည်ဖြင့် ဖော်ပြပြီးတော့မှ ပြည်သူ့ဝန်ထမ်းတွေဟာ ဥပဒေနှင့်အညီ ခံစားထိုက်တဲ့အခကြေးငွေတွေကနေပြီး

တော့မှတစ်ပါးအခြား လာဘ်ပေးလာဘ်ယူတာတွေ၊ လက်ခံရန် သဘောတူတာတွေ၊ ဒါတွေကို အရေးယူဖို့ ပြဋ္ဌာန်းထားတဲ့ မူရင်းဥပဒေဖြစ်ပါတယ်။ ထို့အတူပဲ ၁၈၆၁ ခုနှစ်တုန်းက ပြဋ္ဌာန်းထားတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေအခန်း(၉)ရဲ့ ပုဒ်မ ၁၆၁မှာပါတဲ့ ပြည်သူ့ဝန်ထမ်းရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုအတွက် ဥပဒေနှင့်ညီတဲ့ အခကြေးငွေနဲ့ပတ်သက်ပြီးတော့ တံစိုးလက်ဆောင်တွေ ယူတဲ့အမှုတွေကို အရေးယူဖို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းနဲ့ရတဲ့ ငွေကြေးနှင့် ပစ္စည်းဆိုင်ရာ ထိန်းချုပ်ရေးဥပဒေဟာ ခုနကဖော်ပြထားတဲ့ မူရင်းဥပဒေတွေကို ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်လို့ ရပြီးသားဖြစ်ပါတယ်။ ထို့အတူပဲ ခုနပြောတဲ့ လာဘ်ပေးလာဘ်ယူမှုကဲ့သို့ အဂတိ လိုက်စားမှုဟာလည်း ပြစ်မှုအဖြစ် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ခုနက အမိန့်ကြော်ငြာစာ အမှတ်(၃၀/၂၀၀၄)၊ (၁၃/၂၀၀၇)၊ (၄၁/၂၀၁၀)မှာ ပါရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး အဂတိလိုက်စားမှု ကျူးလွန်လို့ရှိရင် ကျွန်တော်တို့ရဲ့ ဒီ ၂၀၀၂ ခုနှစ်၊ တရားမဝင်နည်းလမ်းနှင့်ရတဲ့ ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေနဲ့ အရေးယူလို့ရပြီး ဖြစ်နေပါတယ်။ အကျုံးဝင်ပြီးသားလည်းဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီ၂၀၀၂ ခုနှစ် တရားမဝင် နည်းလမ်းနှင့် ရတဲ့ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဟာ သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းနှင့် အမိန့်၊ ညွှန်ကြားချက်တွေဟာ လက်ရှိအခြေအနေမှာ ပြဋ္ဌာန်းပြည့်စုံပြီးဖြစ်တဲ့အတွက် ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ထပ်မံပြီးတော့ထည့်သွင်းဖြည့်စွက်ဖို့ ပြင်ဆင်ဖို့လိုအပ်မှာ မဟုတ်တော့ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဒီဥပဒေများနှင့်ပတ်သက်ပြီးတော့ စီမံခန့်ခွဲရတဲ့ ဌာနရဲ့အကြီးအကဲလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ ထပ်မံထည့်သွင်းဖြည့်စွက်ရန် မလိုဘူးဆိုတာကို ရှင်းလင်းပြသွားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆိုရှင် ဦးသိန်းညွှန့်ကိုထောက်ခံထားတဲ့ ကိုယ်စားလှယ်များအနေနဲ့ ဒီအပေါ်မူတည်ပြီးတော့ ဘာများ ဆွေးနွေးဆောင်ရွက်စရာရှိပါသလဲ။

**ဦးသိန်းညွှန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စောစောက ကျွန်တော်ဆွေးနွေးတဲ့အထဲမှာကိုက ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် ၁၀ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သောပြစ်မှုများမှ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီးတော့ အတိအလင်းသတင်းစာထဲမှာ သို့မဟုတ် အများပြည်သူသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ထားခြင်းမရှိတဲ့အတွက်သာ

ကျွန်တော်က ဒီပြင်ဆင်ချက်တင်ပြရခြင်းဖြစ်ပါတယ်။ အခုပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးကနေ ၁၀ ခု တင်မကပါဘူး။ အခု ၃၀။ အခု ၃၀ ထဲမှာပဲအဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ပတ်သက်တာ ထိန်းချုပ်တဲ့အထဲမှာပါတယ်လို့ပြောတဲ့အတွက် ဒါကျွန်တော်တင်ပြတဲ့လိုရင်းကအဲဒါပါပဲ။ ဒီလိုရင်း အချက်ကို အခုပြည်ထောင်စုပြည်ထဲရေးဝန်ကြီးရှင်းပြခဲ့တာကို ကျွန်တော်သိရတဲ့အတွက် ကျွန်တော် ကတော့ အဂတိလိုက်စားမှုဟာ ကျွန်တော်တို့နိုင်ငံမှာ အင်မတန်မှ ကင်ဆာရောဂါလိုဖြစ်နေတဲ့အတွက် ဘယ်နည်းနဲ့အရေးယူမလဲ။ ဘယ်ပုံနဲ့ထိန်းချုပ်မလဲဆိုတဲ့ အချက်ပဲတင်ပြလိုပါတယ်။ သို့သော် နိုင်ငံတော်မှာ ဒီလိုထုတ်ပြန်ထားပြီဆိုတာသိရတဲ့အတွက် (၁) ထုတ်ပြန်ပေးထားတဲ့ ပြည်ထဲရေးဝန်ကြီး ဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ (၂) အဲဒီထုတ်ပြန်ချက်အတိုင်း အဂတိလိုက်စားမှုနှင့် ပတ်သက် ပြီးတော့ ထိထိရောက်ရောက်ထိန်းချုပ်တဲ့ အမှုများကိုလည်းမြင်တွေ့လိုပါတယ်။ အဲဒီအချက်(၂)ချက် ကြောင့် ကျွန်တော့်ဥပဒေကြမ်းကို ဝန်ကြီးရှင်းပြတဲ့အတွက် ကျွန်တော်ပြန်လည်ပြီးတော့ ရုပ်သိမ်းပေး ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်တင်သွင်းထားတဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းကြောင်းကာယကံရှင်မှ တင်ပြသွားတဲ့အတွက် လွှတ်တော်ရဲ့ သဘောထားကိုလည်း မေးစရာမလိုတော့ပါဘူး။ ဒါကြောင့် ဦးသိန်းညွန့် ပြန်လည်ရုပ်သိမ်းတဲ့အတွက် ရုပ်သိမ်းအဆို ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော (ရာဇသတ်ကြီး) ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကပဲ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီး ပြစ်မှုဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကလက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အခုတင်သွင်းတဲ့ဟာကတော့ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီးဥပဒေ)ကိုပြင်ဆင်သည့် ဥပဒေဖြစ်ပါတယ်။ ဘယ်အခန်းတွေကိုပြင်မလဲဆိုရင်တော့ ပြစ်မှုဆိုင်ရာဥပဒေအခန်း(၂၁)၊ အသရေဖျက်မှုပုဒ်မ ၄၉၉၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁၊ ပုဒ်မ ၅၀၂ တို့ကိုပြန်ရုပ်သိမ်းဖို့ဖြစ်ပါတယ်။ ဘာကြောင့်ဒီလို ပြင်ဆင်သည့်ဥပဒေတင်ရလဲဆိုရင် ရည်ရွယ်ချက်ကတော့ ၃၀-၃-၂၀၁၁ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများနှင့်ပတ်သက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နဲ့မလျော်ညီတဲ့စာပေစာနယ်ဇင်းဆိုင်ရာဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်းကို ပြည်တွင်းရေးရာမူဝါဒအကောင်အထည်ဖော်နိုင်ရေးအတွက်ဆိုပြီးတော့ လမ်းညွှန်ခဲ့ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလည်းမကြာခင်မှာ သတင်းမီဒီယာတွေနဲ့ပတ်သက်တဲ့ ဥပဒေထုတ်ပြန်တော့မယ်လို့ မင်္ဂလာသတင်းကောင်းကြားသိရပါတယ်။ အဲဒီလိုအခါသမယမှာ ဒီကိုလိုနီခေတ် ၁၉ ရာစုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ရာဇသတ်ကြီးပေါ့။ ရာဇသတ်ကြီးဆိုတာ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာဥပဒေလို့လည်း ခေါ်ပါတယ်။ ပုဒ်မအနေနဲ့ပြောရင်တော့ ပုဒ်မ ၁မှ ပုဒ်မ ၅၀၀ နဲ့ ပုဒ်မ ၅၁၁ ထိ ပြစ်မှုရှိပါတယ်။ အဲဒီမှာ အခန်းပေါင်း ၂၃ ခန်းပါပါတယ်။ အဲဒီအထဲမှာ ကျွန်တော်က အခန်း (၂၁) အသရေဖျက်မှုအခန်းကြီးကို ရုပ်သိမ်းဖို့ ဒီဥပဒေကြမ်းတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာလည်း နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းသည့်ဥပဒေနှင့်မဆန့်ကျင် လျှင် မိမိရဲ့ယုံကြည်ချက်၊ ယူဆချက်ကို လွတ်လပ်စွာထုတ်ဖော်ရေးသားဖြန့်ဝေခွင့်ပေးထားပါတယ်။ အခုဒီအခြေခံဥပဒေပြဋ္ဌာန်းတဲ့ကာလဟာ ၂၁ ရာစုပါ။ ရာဇသတ်ကြီးမှာပါတဲ့ပုဒ်မ ၅၀၀ အသရေ ဖျက်မှုဟာ ၁၉ ရာစုကာလကပြဋ္ဌာန်းခဲ့တဲ့ဥပဒေပါ။ ဒီပုဒ်မ ၅၀၀ နဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ကိုယ်တွေ့အခုတလောပဲ ကျွန်တော်တို့တိုင်းပြည်မှာ အင်မတန်မှ စောင်ရေအများဆုံးထုတ်ရတဲ့ သတင်းမီဒီယာ၊ သတင်းမီဒီယာကြီးရဲ့အုပ်ချုပ်မှုတာဝန်ခံသာမကဘူး၊ လူ ၇ ယောက်လောက်ကို ပုဒ်မ ၅၀၀နဲ့ လွယ်လင့်တကူကောက်စွဲခဲ့တာ အခုကျွန်တော်ကိုယ်တွေ့ကြုံပါတယ်။ ဒီတစ်ခုတင်မဟုတ်ပါဘူး။ နောက်ထပ်အများကြီးပါပဲ။ တော်တော်များများက သတင်းမီဒီယာတွေကိုတရားစွဲလိုက်ရင် သတင်း

မီဒီယာတွေကိုလွယ်လင့်တကူပဲ ပုဒ်မ ၅၀၀ ကိုအသုံးပြုပြီးတော့စွဲတဲ့အခါမှာ ကျန်တဲ့ဥပဒေအရဆောင်ရွက်တာကိုတော့ ဘာမှဝေဖန်စရာမရှိပါဘူး။ သို့သော် အခုဖြစ်ပျက်နေတဲ့အချိန်က ဒီလိုနေရာတွေဟာ ငွေထွက်နိုင်တဲ့နေရာဖြစ်တဲ့အတွက် တချို့တချို့သော တရားစီရင်ရေးနယ်ပယ်ဒီနယ်ပယ်နဲ့ဆက်စပ်တဲ့နယ်ပယ်တွေက ဒီပုဒ်မကိုသုံးပြီးတော့ လွယ်လင့်တကူတရားစွဲလာတာတွေတွေ့ရပါတယ်။ အဲဒီတော့ သတင်းမီဒီယာစတုတ္ထမဏ္ဍိုင်က နိုင်ငံအတွက်၊ လူထုအတွက် သတင်းမီဒီယာလွတ်လပ်ခွင့်တွေကိုတင်ပြရမယ့်အစား တရားရုံးရဲ့ဝက်ခြံလေးမှာပဲ နာမည်ကြီးသတင်းမီဒီယာသမားတွေအများကြီးသွားရောက်ပြီးတော့ ဝက်ခြံအခန်းမှာထိုင်နေရပါတယ်။ လေးစားအပ်သောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လေ့လာခဲ့တဲ့ စီရင်ထုံးတွေမှာ ဒီလိုတရားစွဲမယ်ဆိုရင်နာမည်ကြီးရုပ်ရှင်မင်းသမီး ဒေါ်သီသီနဲ့ ဦးမြင့်စိုး စီရင်ထုံးတွေမှာဆိုရင် တာဝန်ခံအယ်ဒီတာတစ်ယောက်ပဲတရားစွဲတယ်။ ကျန်တဲ့အယ်ဒီတာတို့၊ ဒါရိုက်တာဘုတ်အဖွဲ့တို့မပါဘူး။ အခုကျတော့ဂျာနယ်ထဲမှာပါတဲ့လူမှန်သမျှကိုထည့်ပြီးတော့ တရားစွဲတော့တာပဲ စီရင်ထုံးတွေဟာဘယ်လောက်ဆိုဆိုဒီပုဂ္ဂိုလ်တွေတရားရုံးလာရင် တစ်စုံတစ်ရာစီးပွားရေးအကျိုးဖြစ်တဲ့အတွက် ဥပဒေကိုဆောင်ရွက်တဲ့နေရာမှာ စီရင်ထုံးလမ်းညွှန်မှုတွေဘာတွေက လေးစားစရာအားကိုးရမယ့်အရာမဖြစ်ခဲ့တာကိုလည်းဝမ်းနည်းဖွယ်ရာတွေ့ကြုံခဲ့ရပါတယ်။ နောက်တစ်ချက်ကတော့ အခုအချိန်မှာ သတင်းမီဒီယာဥပဒေကြီးထွက်လာတော့မယ့်အချိန်မှာ သတင်းရယူရေးသားဖော်ပြခြင်းအတွက် ဘယ်လိုသတင်းသမား၊ ဘယ်မီဒီယာလုပ်ငန်းကိုမဆို ဒီတရားစွဲတော့မယ်ဆိုရင် ပြစ်မှုကြောင်းနဲ့စွဲတာ ခေတ်မမီတော့ပါဘူး။ ခုနအသရေဖျက်မှုနဲ့ပတ်သက်ပြီးတော့ တရားစွဲဆိုခွင့်ပယ်ဖျက်ဖို့ လုံးဝမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ တရားမကြောင်းနဲ့တရားစွဲဆိုခွင့်ရှိပါတယ်။ တရားမနစ်နာမှုဥပဒေနဲ့ ငွေသိန်းသန်းကုဋေချီပြီးတော့ တောင်းနိုင်ပါတယ်။ ဒီလိုပါပဲ သီးခြားသက်သာခွင့်ဥပဒေများနှင့်လည်းအရေးယူနိုင်ပါတယ်။ အဲဒီတော့ ၁၉ ရာစုက ပြဋ္ဌာန်းခဲ့တဲ့ပုဒ်မ ၅၀၀ နဲ့ပဲ ၂၁ ရာစု သတင်းမီဒီယာသမားများကိုဆက်လက်ပြီးတော့ တရားစွဲမယ်ဆိုရင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုရဲ့ကာလမှာစတုတ္ထမဏ္ဍိုင်ရဲ့အခန်းကဏ္ဍမှာ ဘယ်လိုနေရာမျိုးပဲရှိမလဲဆိုတာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး လေ့လာဆန်းစစ်ဖို့လိုအပ်ပါတယ်။ လေးစားအပ်သောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ရာဇသတ်ကြီးပုဒ်မ ၄၉၉ မှာပါတဲ့ပြဋ္ဌာန်းချက် ဒါကတော့အသရေဖျက်မှုဆိုတာဘာလဲ ။ နောက်တစ်ခါ အဲဒီမှာပါတဲ့ ပုဒ်မ ၅၀၀ မှာပါတဲ့ အသရေဖျက်မှုအတွက်ပြစ်ဒဏ်ပုဒ်မ ၅၀၁ မှာပါတဲ့ အသရေဖျက်စေဟူသည်ဟုသိရသောအကြောင်းအရာကို ပုံနှိပ်ခြင်း

သို့မဟုတ် ထုထွင်းခြင်း၊ ပုဒ်မ ၅၀၂ အသရေဖျက်စေသောအကြောင်းအရာပါရှိသည့် ပုံနှိပ်ထားသော အရာကိုဖြစ်စေ၊ ထုထွင်းထားသောအရာကိုဖြစ်စေ ရောင်းခြင်း၊ အဲ့ဒီလိုပြဋ္ဌာန်းချက်တွေဟာ ပြစ်မှုကြောင်းနဲ့အရေးယူမယ့်အစား တရားမကြောင်းနဲ့ပြောင်းလဲအရေးယူခြင်းဖြင့် ကျွန်တော်တို့ရဲ့ စတုတ္ထမဏ္ဍိုင်ရဲ့အခန်းကဏ္ဍကိုမြင့်မားနိုင်ပါတယ်။ သတင်းသမားများ၊ သတင်းမီဒီယာသမားများ သာမက သာမန်ပြည်သူအတွင်းမှာလည်း ပြစ်မှုကြောင်းကိုသုံးပြီးတော့ တရားစီရင်ရေးယန္တရားကို အလွဲသုံးစားလုပ်နေတဲ့ဟာကိုလည်း ကျွန်တော်တို့ ကာကွယ်တားဆီးနိုင်ပါတယ်။ နိုင်ငံတကာမှာ တရားမ၊ နစ်နာမှုနှင့်အရေးယူနေတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့မှာ အခုထက်ထိ ပြစ်မှုကြောင်းနယ်ပယ်မှာပြဋ္ဌာန်းပြီးတော့ အရေးယူနေဆဲရှိပါတယ်။ ဒါကြောင့်ကျွန်တော်က ဒီကိုလိုနီ ခေတ်က ၁၈၆၀ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေမှာပါတဲ့ အခန်း(၂၁)မှာပါတဲ့၊ အသရေဖျက်မှုပုဒ်မ ၄၉၉၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁၊ ပုဒ်မ ၅၀၂ တို့ကို ၂၁ ရာစုနဲ့ညီအောင် ရုပ်သိမ်းဖို့လိုအပ်ပြီဖြစ်ကြောင်း လေးလေးစားစား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကိုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တင်ပြသွားတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါ တယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းထားတဲ့ ၁၈၆၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်တဲ့ အဆိုကို ကျွန်တော့်အနေနဲ့ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းမှုနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေကိုပြင်ဆင်တဲ့ဥပဒေနဲ့ပတ်သက်ပြီး တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁နဲ့ ပုဒ်မ ၅၀၂ တို့ကို ရုပ်သိမ်းပယ်ဖျက်ဖို့ အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှေးဦးစွာ တင်ပြလိုတဲ့ အချက်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်တဲ့ ဥပဒေ မူကြမ်းတင်သွင်းဖို့ စီစဥ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေမှာ ပုဒ်မပေါင်း ၅၁၁ ခု ကို ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြစ်မှုဆိုင်ရာဥပဒေတစ်ခုလုံးကို စိစစ်သုံးသပ်ပြီးတဲ့နောက် ပုဒ်မပေါင်း ၁၀၄ ခုကို ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်းတွေ့ရှိတဲ့အတွက် ကျိုးကြောင်းဖော်ပြချက်နှင့် တင်ပြဖို့စီစဥ်ပြီးဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ကို ပြင်ဆင်တဲ့နေရာမှာ ပုဒ်မတစ်ခု၊ နှစ်ခုကို အလီလီပြင်ဆင်ခြင်းထက် ပြည့်စုံတဲ့ပြင်ဆင်ခြင်း၊ ဥပဒေတစ်ခုတည်းဖြင့် ပြင်ဆင်ခြင်းက ပိုမိုသင့်မြတ်မည်ဖြစ်ပါကြောင်းကို တင်ပြလိုပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းမယ့် ပြစ်မှုဆိုင်ရာဥပဒေနှင့်အတူ တစ်ပေါင်းတည်း ဆွေးနွေးသုံးသပ်မယ်ဆိုရင်လည်း ဖြစ်နိုင်တဲ့အကြောင်း ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။ ဆက်လက်ပြီးတင်ပြလိုတာကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက ပြင်ဆင်ချက်ဥပဒေကို ပြဋ္ဌာန်းသင့်တဲ့အကြောင်း အကြောင်းပြရာမှာ ပြစ်မှုဆိုင်ရာဥပဒေ အခန်း(၂၁) အသရေဖျက်မှု ပုဒ်မ ၄၉၉၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁၊ ပုဒ်မ ၅၀၂ စသည်တို့အား သတင်းမီဒီယာများအတွက် သတင်းရေးသားရာမှာလည်းကောင်း၊ ဆောင်းပါး ဝေဖန်ချက်များရေးသားရာမှာလည်းကောင်း၊ အယ်ဒီတာ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူစတဲ့ သတင်းမီဒီယာသမားများကို လွယ်လင့်တကူအရေးယူနိုင်တဲ့ ပြစ်မှုများဖြစ်တဲ့အကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာ မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်တို့ကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင် လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ သို့ဖြစ်ပါ၍ သတင်းမီဒီယာများ၏အခွင့်အရေးကို ကာကွယ်ပေးရန်လိုအပ်သောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ စသည့်ပုဒ်မများကို ပယ်ဖျက်သင့်ကြောင်းတင်ပြထားတာဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ

အခြေခံဥပဒေပုဒ်မ ၃၅၄ မှာ မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်တို့ကို ခွင့်ပြုထားတယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့် မဆန့်ကျင်မှသာလျှင် လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ပြုထားတာဖြစ်ပါတယ်။ ဥပဒေနှင့်ဆန့်ကျင်နေမယ်ဆိုရင်တော့ ဒီအခွင့်အရေးကို သုံးစွဲဆောင်ရွက်ခွင့်ရှိမည်မဟုတ်ပါကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ ပြစ်မှုဆိုင်ရာအခန်း (၂၁) အသရေဖျက်မှုပုဒ်မ ၄၉၉၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁၊ ပုဒ်မ ၅၀၂ တို့ဟာ သတင်းမီဒီယာများအတွက် သတင်းရေးသားရာမှာလည်းကောင်း၊ ဆောင်းပါးဝေဖန်ချက်များရေးသားရာမှာလည်းကောင်း၊ အယ်ဒီတာ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူစတဲ့ သတင်းမီဒီယာသမားများကို လွယ်လင့်တကူအရေးယူနိုင်တဲ့ ပြစ်မှုများဖြစ်နေပါတယ်ဆိုတဲ့ယူဆချက်ဟာ မှန်ကန်မှုမရှိပါကြောင်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ မှာ အသရေဖျက်မှု မမြောက်စေတဲ့ ကင်းလွတ်ချက် ၁၀ ချက်ကို ပြဋ္ဌာန်းထားပါတယ်။ ပထမကင်းလွတ်ချက်ကတော့ တစ်ဦးတစ်ယောက်သောသူနှင့်စပ်လျဉ်းပြီးတော့ မှန်ကန်သောစွပ်စွဲချက်ကို အများပြည်သူအကျိုးအတွက် ပြုလုပ်ရန်သို့တည်းမဟုတ် ကြေညာရန် သင့်သည်ဖြစ်လျှင် ထိုစွပ်စွဲချက်သည် အသရေဖျက်မှု ဖြစ်သည်မမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒုတိယကင်းလွတ်ချက်ကတော့ ပြည်သူ့ဝန်ထမ်းအဖြစ်နဲ့ အလုပ်ဝတ္တရားများကို ဆောင်ရွက်တဲ့နေရာမှာ ထိုပြည်သူ့ဝန်ထမ်းရဲ့ အပြုအမူနဲ့စပ်လျဉ်းပြီးတော့သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်းရဲ့ အကျင့်စာရိတ္တဟာ ထိုသူရဲ့အပြုအမူပေါ်မှာ ထင်ပေါ်နေသည်အထိ ထိုအကျင့်စာရိတ္တနှင့်စပ်လျဉ်းပြီးတော့ တစ်ဦးတစ်ယောက်သောသူက သဘောရိုးနှင့် မိမိထင်မြင်ချက်ကို ဖော်ပြခြင်းသည် အသရေဖျက်မှုမမည်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ တတိယကင်းလွတ်ချက်ကတော့ အများပြည်သူဆိုင်ရာ တစ်ဦးတစ်ယောက်သောသူရဲ့ အပြုအမူနဲ့စပ်လျဉ်းပြီးတော့ ထိုသူရဲ့ အကျင့်စာရိတ္တဟာ ထိုသူရဲ့အပြုအမူပေါ်မှာထင်ပေါ်နေတဲ့အထိ ထိုသူရဲ့အကျင့်စာရိတ္တနှင့် စပ်လျဉ်းပြီးတော့ တစ်ဦးတစ်ယောက်သောသူက သဘောရိုးနှင့် မိမိထင်မြင်ချက်ကို ဖော်ပြခြင်းဟာ အသရေဖျက်မှုမမည်လို့ ကင်းလွတ်ခွင့်ပေးထားပါတယ်။ ကျန်တဲ့ကင်းလွတ်ခွင့်တွေကလည်း ထိုနည်းအတိုင်းပဲ မှန်ကန်စွာကြေညာခြင်း၊ အများပြည်သူအကျိုးငှာ သဘောရိုးနှင့်ပြောဆိုစွပ်စွဲခြင်းတို့ဟာ အသရေဖျက်မှုမမြောက်ကြောင်းကို ကင်းလွတ်ခွင့်ပေးထားတာကို တွေ့ရပါတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ ပါ ပြဋ္ဌာန်းချက်များဟာ သတင်းမီဒီယာသမားများက အများပြည်သူအကျိုးငှာ သဘောရိုးနှင့် ရေးသား

ပြောဆိုစွပ်စွဲချက်များ၊ မှန်ကန်စွာဖြန့်ဝေခြင်း၊ ကြေညာခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းတို့အတွက် အသရေဖျက်မှုမမြောက်ကြောင်း အကာအကွယ်ပေးထားတဲ့ပြဋ္ဌာန်းချက်ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့ကြောင့် ပြစ်မှုဆိုင်ရာ အခန်း(၂၁)၊ အသရေဖျက်မှုပုဒ်မ ၄၉၉၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁၊ ပုဒ်မ ၅၀၂ စသည်တို့ဟာ သတင်းမီဒီယာများအတွက် သတင်းရေးသားရာတွင်လည်းကောင်း၊ ဆောင်းပါးရေးသားရာတွင် လည်းကောင်း၊ သတင်းမီဒီယာသမားများကို လွယ်လင့်တကူအရေးယူနိုင်တဲ့ ပြစ်မှုများဖြစ်နေပါတယ် ဆိုတဲ့ ယူဆချက်ဟာ မမှန်ကန်တဲ့အပြင် ပုဒ်မ ၄၉၉ မှာ သတင်းမီဒီယာသမားများက သဘောရိုးနှင့် အများပြည်သူအကျိုးအတွက် မှန်ကန်စွာရေးသားခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို အသရေဖျက်မှုနှင့် အရေးမယူနိုင်အောင် လုံလောက်စွာ အကာအကွယ်ပေးထားခြင်းသာဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ ဆက်လက်တင်ပြလိုတဲ့အချက်ကတော့ ပြစ်မှုဆိုင်ရာအခန်း(၂၁)၊ အသရေဖျက်မှုနှင့် ပတ်သက်တဲ့ပြဋ္ဌာန်းချက်များက သတင်းမီဒီယာသမားများနှင့်သက်သက်သာ သက်ဆိုင်တဲ့ဥပဒေပြဋ္ဌာန်းချက်များ မဟုတ်ဘဲနဲ့ အများပြည်သူအားလုံးနဲ့ သက်ဆိုင်တဲ့ပြဋ္ဌာန်းချက်များဖြစ်တဲ့အတွက် ဒီပြဋ္ဌာန်းချက်များကို ရုပ်သိမ်းပယ်ဖျက်ရန် သင့်၊ မသင့် အများပြည်သူအကျိုးနဲ့ဆိုင်တဲ့ ရှုထောင့်မှလည်းသုံးသပ်ဝေဖန်ရန် လိုအပ်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀၊ ပုဒ်မ ၅၀၁၊ ပုဒ်မ ၅၀၂ တို့မှာ အခြားသူတစ်ဦးတစ်ယောက်ရဲ့ အသရေပျက်အောင် မပြုလုပ်ရလို့ တားမြစ်ထားပါတယ်။ အသရေပျက်စေတယ်ဆိုတာ တစ်ဦးတစ်ယောက်ရဲ့ အသရေပျက်မှုကို ထိခိုက်နစ်နာစေရန် အကြံနဲ့ စကားနဲ့ဖြစ်စေ၊ စာနဲ့ဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်းတို့ကို ဆိုလိုပါတယ်။ တစ်ဦးတစ်ယောက်ကို အသရေပျက်အောင်ပြုလုပ်ခြင်းဟာ ပြုလုပ်တဲ့အတိုင်းအတာပမာဏပေါ်မူတည်ပြီးတော့ ထိုသူရဲ့ကိုယ်စိတ်၊ ဂုဏ်ကိုသာမက ထိုသူရဲ့နိုင်ငံ့အရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့အား ဆိုးဝါးစွာထိခိုက်နစ်နာမှုတွေဖြစ်ပေါ်နိုင်ပါတယ်။ ဒီလိုထိခိုက်နစ်နာမှုတွေဟာ သေးငယ်တယ်ဆိုရင်တော့ ထိခိုက်နစ်နာခံရသူကို တရားမကြောင်းအရ လျော်ကြေးပေးရုံနှင့် သူ့ရဲ့ထိခိုက်နစ်နာမှုကို ကုစားကောင်း ကုစားနိုင်မယ်ဖြစ်ပေမယ်လို့ တချို့အသရေဖျက်မှုတွေကတော့ တရားမကြောင်းအရ လျော်ကြေးပေးရုံမျှနှင့် သူ့ရဲ့နစ်နာမှုအတွက် လုံလောက်တဲ့သက်သာခွင့်တွေကို မရစေနိုင်ပါဘူး။ ဒါကြောင့်မည်သူမျှအသရေဖျက်မှုကို မကျူးလွန်ရန် ပြစ်မှုကြောင်းအရ တားမြစ်ထားရတာဖြစ်ပြီး ကျူးလွန်ဖောက်ဖျက်သူကိုလည်း အရေးယူအပြစ်ပေးရတာဖြစ်ပါတယ်။ လူမှုအသိုင်းအဝန်းမှာ နေထိုင်တဲ့သူတစ်ဦးတစ်ယောက်ကို

မတရားသဖြင့် ပြောဆိုစွပ်စွဲခြင်း၊ လူမှုဆက်ဆံရေးနယ်ပယ်မှာ ဂုဏ်သိက္ခာကျဆင်းအောင် နှိုင်ထက်စီးနင်း ပြောဆိုရေးသားခြင်းတို့ကို ခွင့်ပြုထားမယ်ဆိုပါက လူတစ်ဦးရဲ့လွတ်လပ်အေးချမ်းစွာနေထိုင်မှု၊ စီးပွားရှာဖွေမှု၊ နိုင်ငံ့အရေးဆောင်ရွက်မှုတို့ကို ထိခိုက်နစ်နာစေတဲ့အပြင် ဒီအခွင့်အရေးတွေနဲ့ ပတ်သက်ပြီး နိုင်ငံသားတွေကို ဥပဒေအရ အကာအကွယ်ပေးရမည့်တာဝန်ကိုပါ ပျက်ကွက်ရာရောက်စေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ခြုံ၍တင်ပြရမယ်ဆိုရင် ပြစ်မှုဆိုင်ရာ အခန်း(၂၁)ပါ အသရေဖျက်မှုနဲ့ သက်ဆိုင်တဲ့ပြဋ္ဌာန်းချက်များဟာ သတင်းမီဒီယာသမားများသက်သက်ကိုသာ ထိခိုက်စေတဲ့ဥပဒေပြဋ္ဌာန်းချက်များမဟုတ်ပါကြောင်း၊ ဥပဒေနှင့်အညီမှန်ကန်စွာပြောဆိုနေထိုင်တဲ့ သတင်းမီဒီယာသမားများအပါအဝင် အများပြည်သူများကို အကာအကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များသာဖြစ်ပါကြောင်း လက်ရှိအခြေအနေအရလည်း ခေတ်နှင့်လျော်ညီတဲ့ ဥပဒေပြဋ္ဌာန်းချက်များဖြစ်ကြောင်း သုံးသပ်တွေ့ရှိရတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ပြစ်မှုဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေနဲ့ပတ်သက်၍ ဝေဖန်စဉ်းစားနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေနဲ့ အကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစောတုန်းက ဥပဒေကြမ်းမှာ ပြည်ထဲရေးဝန်ကြီးက အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အမိန့်ကြော်ငြာစာ ထုတ်ထားပြီးပြီဆိုတော့ ဒါကျွန်တော်ထပ်ပြီးတော့ ဥပဒေကြမ်းတင်စရာမလိုတဲ့အတွက် ကျွန်တော် အလွယ်တကူပဲ ရုပ်သိမ်းပေးလိုက်ပါတယ်။ အခု ၁၀၄ ချက်ဆိုတာ ဘယ်အချိန်လာမယ်၊ ဘယ်တော့လာမယ်ဆိုတာ မသိပါဘူး၊ အဲဒါကြောင့် ၁၀၄ ချက်မလာမချင်း ကျွန်တော့် အဆိုကို မှတ်တမ်းတင်ပေးထားဖို့ လွှတ်တော်ကို ပန်ကြားပါတယ်။ အကယ်၍ ၁၀၄ ချက်ဟာ နောက်အပတ်လွှတ်တော်မှာ မတင်လာဘူးဆိုရင် ကျွန်တော် ဒီဥပဒေကြမ်းကိုထပ်မံတော့ တိုးချဲ့ပြင်ဆင်ပြီး ကျွန်တော်တင်ရပါမယ်။ အဆိုကို ကျွန်တော် မရုပ်သိမ်းပေးနိုင်ပါဘူး။ ဘယ်တော့လာမယ်ဆိုတဲ့ ၁၀၄ ချက်ကို စောင့်နေရမှာဖြစ်တဲ့အတွက် မှတ်တမ်းတင်ပေးထားပါရန် ဥက္ကဋ္ဌကြီးကိုပန်ကြားအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်က ဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဘက်က တင်သွင်းမယ်ဆိုတာအပေါ် အချိန်ကာလမသိရတဲ့အတွက် သူ့ရဲ့အဆိုကို မှတ်တမ်းတင်ထားဖို့ ပြောတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဘက်က အခုပြင်ဆင်မယ်၊ ပြဋ္ဌာန်းမယ်ဆိုတဲ့ ဥပဒေကြမ်းတွေကို ဘယ်ကာလမှာ တင်ပြမယ်ဆိုတာလည်းပြောလို့ရရင်ပြောပေးပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုတင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်ပြီးပြန်ကြားလာတဲ့အခါမှာ ဆက်လက်တင်ပြရုံပဲ ကျန်ရှိပါတော့တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုလို့ရှိရင် ဒီနေ့ ဒီအစည်းအဝေးမှာ ပြည်ထောင်စုရှေ့နေချုပ်လည်း ရောက်ရှိနေတာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်အနေနဲ့ ဘယ်တော့လောက်အတည်ပြုပြီးတော့ တင်ပေးနိုင်မလဲဆိုတာ ခန့်မှန်းပြောလို့ရရင် ပြောပေးပါ။

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ ဥပဒေမူကြမ်းတစ်ခုရောက်လို့ရှိရင် ကျွန်တော်တို့ အသေးစိတ်စိစစ်လေ့ရှိပါတယ်။ ကျွန်တော်တို့ အောက်ခြေအဆင့်ဖြစ်တဲ့ ဦးစီးအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူးကနေစပြီး စစ်ပါတယ်။ စစ်ပြီးလို့ရှိရင် ကျွန်တော်တို့ ဒုတိယရှေ့နေချုပ်အဆင့်မှာ ပဏာမ ကျွန်တော်တို့ ဝိုင်းပါတယ်။ ပြီးလို့ရှိရင် နောက်ဆုံး ပြည်ထောင်စုရှေ့နေချုပ်အထိတင်ပြီးတော့ သူကနေပြီးတော့တစ်ခါ နောက်ထပ်စိစစ်ရေးအဖွဲ့ ဆန်ခါတင်သုံးလေးဆင့် စစ်ဆေးလေ့ရှိပါတယ်။ အဲဒီအချိန်အခါပြီးမှ သေချာပြီဆိုမှ သက်ဆိုင်ရာဝန်ကြီးဌာနရုံးကို ပြန်ပို့လေ့ရှိပါတယ်။ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်မှလည်း တင်ပြတဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ လိုက်လျောတဲ့အနေနဲ့ အမြန်ဆုံးပြီးအောင်စစ်ဆေးပြီးတော့ တင်ပြပေးပါမယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု တရားလွှတ်တော်ချုပ်က ဆွေးနွေးဖြေကြားတာကော၊ ပြည်ထောင်စုရှေ့နေချုပ် ဆွေးနွေးဖြေကြားတာရော၊ ခုနက ဦးဝင်းစိန်ပြောတဲ့ ကတိကဝတ်ထဲသက်ရောက် သွားသလားတော့မသိဘူး။ သို့ရာတွင် အကြီးအကဲများကိုယ်တိုင် ဒီလိုတင်ပြတဲ့အတွက် မိမိတို့ လွှတ်တော်ကတော့ ဒီတင်လာမယ့်ဥပဒေကြမ်းကို စောင့်မျှော်နေပါတယ်။ ဒါကြောင့်လည်း ခုနက ဦးသိန်းညွန့် ပြောတဲ့အဆိုကိုတော့ မှတ်တမ်းတင်ထားရှိပါမယ်။ ဒါကြောင့် ဦးသိန်းညွန့်တင်သွင်းတဲ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက အကြေအလည် ဆွေးနွေးပြောကြားပြီးဖြစ်တဲ့အတွက် ဒီအဆိုကို ဆက်လက်ဆွေးနွေးဆောင်ရွက်စရာမလိုဘဲနဲ့ လွှတ်တော်မှာ မှတ်တမ်းအဖြစ်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းအဆိုတင်သွင်းခြင်းနှင့်

# လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို တင်သွင်းဖို့ ဦးသိန်းညွှန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွှန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်သွင်းထားတဲ့ ပြည်ထောင်စုတရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနဲ့ပတ်သက်ပြီးတော့ ဘာကြောင့် ကျွန်တော်တို့ ဒီဥပဒေကို ကျွန်တော်ပြင်ဆင်ဖို့ တင်သွင်းရသလဲဆိုရင် အကျိုးအကြောင်းဖော်ပြချက် ရှင်းလင်းပြပါရစေ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေပေါ့၊ Bar Council Act က ကျွန်တော်တို့ ၁၉၂၆ ခုနှစ်ကတည်းကပြဋ္ဌာန်းခဲ့တဲ့အက်ဥပဒေအရ အဲဒီတုန်းက ဖွဲ့စည်းလိုက်တဲ့ တရားလွှတ်တော်ရှေ့နေများ ကောင်စီမှာ အဖွဲ့ဝင် ၁၅ ဦးပါပါတယ်။ အဲဒီမှာ ရှေ့နေချုပ်ပါတယ်။ တရားလွှတ်တော်က ခန့်အပ်တဲ့ အဖွဲ့ဝင်လေးဦးပါတယ်။ အဲဒီလေးဦးအနက် နှစ်ဦးက တရားလွှတ်တော် တရားသူကြီး ဖြစ်နိုင်ပါတယ်။ နောက်တရားလွှတ်တော်ရှေ့နေများကောင်စီက ရွေးချယ်တင်မြှောက်တဲ့ အဖွဲ့ဝင် ၁၀ ဦးပါဝင်လာပါတယ်။ အဲဒီတော့ တရားရုံးချုပ်ရှေ့နေများ ကောင်စီမှာပါတဲ့ ရွေးကောက်တင်မြှောက်တဲ့ တရားလွှတ်တော်ရှေ့နေ ၁၀ ဦးအနက် ၅ ဦးဟာ ရှေ့နေလုပ်သက် ၁၀ နှစ်ထက်မနည်းတဲ့ တရားလွှတ်တော်ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်တဲ့သူတွေ ဖြစ်ရပါမယ်။ အဲဒီကောင်စီမှာ ရှေ့နေချုပ်ဟာ ဥက္ကဋ္ဌဖြစ်ပြီးတော့ ဒုတိယဥက္ကဋ္ဌဟာ ကောင်စီဝင်လူကြီးများက ရွေးချယ်တင်မြှောက်ရပါတယ်။ ခေတ်အဆက်ဆက်မှာ အထက်ပါအတိုင်း နောက်ဆုံးပါလီမန် ဒီမိုကရေစီ၏ လက်ထက်မပြောနဲ့ လမ်းစဉ်ပါတီခေတ်အထိ တရားလွှတ်တော်ရှေ့နေများကောင်စီကိုဖွဲ့ခဲ့ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် တရားလွှတ်တော်ရှေ့နေ Bar Council မှာ ပါမယ့်လူကြီးတွေကို မဲပေးရွေးချယ်ခဲ့တဲ့ အခွင့်အရေးရခဲ့ပါတယ်။ ၁၉၈၉ ခု၊ ဩဂုတ်လ ၃၁ ရက်နေ့မှာတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့က တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၂၂/၈၉ ကို ပြဋ္ဌာန်းခဲ့ပြီးတော့ တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားတဲ့ တရားရုံးချုပ်ရှေ့နေများကောင်စီကို ဖျက်သိမ်းလိုက်ပါတယ်။ အဲဒီလိုဖျက်သိမ်းလိုက်ပြီးတော့ ရှေ့နေချုပ်က ဥက္ကဋ္ဌ၊ ဒုတိယရှေ့နေချုပ်က ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်က ခန့်အပ်တဲ့ တရားရုံးချုပ်တရားသူကြီးက တစ်ဦး၊ တရားရုံးချုပ်က ခန့်အပ်တဲ့ တရားရုံးချုပ်ရှေ့နေက ခြောက်ဦး၊ ညွှန်ကြားရေးမှူးချုပ်(တရားရုံးချုပ်)နှင့် ညွှန်ကြားရေးမှူးချုပ်(ရှေ့နေချုပ်ရုံး)က

အတွင်းရေးမှူးပါပြီးတော့ ဖျက်ခဲ့ပါတယ်။ မူလတရားရုံးချုပ်ရှေ့နေများ ကောင်စီအက်ဥပဒေပုဒ်မ ၆ ကို ပယ်ဖျက်လိုက်တယ်။ အဲဒီ ပုဒ်မ ၆ ဆိုတာကတော့ တရားရုံးချုပ်ရှေ့နေများကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်းအစရှိတဲ့ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီးတော့ နည်းဥပဒေပြုလုပ်ဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမိန့်အာဏာနဲ့ခန့်အပ်တဲ့ကာလမှာ အဲ့ဒီလို Bar Council မှာခန့်အပ်တဲ့ တရားရုံးချုပ်ရှေ့နေတွေပဲပါတဲ့အတွက် အကျိုးသက်ရောက်မှုကဘာဖြစ်ခဲ့သလဲဆိုရင် အဲဒီအချိန်ကနေအခုအချိန်အထိ ကျွန်တော်တို့နိုင်ငံမှာ ရှေ့နေတွေရဲ့အမှုတွေကို အရေးယူတဲ့အခါမှာ Bar Council ရဲ့ကြားနာမှုဟာ အင်မတန်နည်းပါးပါတယ်။ တရားရုံးချုပ်ကလည်း တိုက်ရိုက်ရှေ့နေတွေကို အရေးယူအပြစ်ပေးခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း နှစ်နှစ်ဆိုပေမယ့် သုံးနှစ်ခြောက်လခံခဲ့ရပါတယ်။ အဲဒီတော့ တချို့ရှေ့နေတွေရဲ့အမှုကိုလေ့လာကြည့်ရင် ရာသက်ပန်ထုတ်ပစ်နိုင်လောက်တဲ့အကြောင်းမတွေ့ရပါဘူး။ သာမန်အမှုတွေဆိုရင် ကာလကန့်သတ်ပြီးတော့သာ အရေးယူသင့်တယ်။ အခုတော့ ပညာရှင်တွေကိုရာသက်ပန်ထုတ်ပယ်ခဲ့တဲ့အထိ ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့ရပါတယ်။ အကယ်၍ Bar Council မှာ ရှေ့နေရှေ့ရပ်တွေကိုကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်များ ရွေးချယ်ခန့်ထားရတယ်ဆိုရင် ရွေးချယ်ခံထားသူကတော့ မိမိကိုယ်စားပြုတဲ့နယ်ပယ်အတွက် ရပ်တည်ပြီး ပြောရမှာဖြစ်ပါတယ်။ အခုကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဆိုရင် ကိုယ်ရပ်တည်တဲ့လူထုအတွက်ကိုယ်ပြောနေတာပါ။ ခန့်အပ်တဲ့ပုဂ္ဂိုလ်ကတော့ သူခန့်အပ်တဲ့သဘာဝအတိုင်း ဘာမှမပြောတဲ့အတွက် အင်မတန်မှရှေ့နေလောကမှာ ထိခိုက်နစ်နာခဲ့ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅ မှာ နိုင်ငံတော်ဟာ အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့အကျိုးကို ကူညီဆောင်ရွက်ရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပဲ ပုဒ်မ ၇ မှာ နိုင်ငံတော်ဟာ စစ်မှန်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကိုကျင့်သုံးမယ်လို့ ပြဋ္ဌာန်းပြီးသားပဲဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ အခုလို ဒီမိုကရေစီထွန်းကားရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လိုက်လျောညီထွေမှုမရှိတဲ့ တရားရုံးချုပ်ကခန့်အပ်တဲ့ တရားရုံးချုပ်ရှေ့နေခြောက်ဦးကို ရွေးချယ်တင်မြှောက်တဲ့ရှေ့နေများအဖြစ် တရားလွှတ်တော်ရှေ့နေများက ရွေးကောက်တင်မြှောက်တဲ့အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းနိုင်ဖို့ ယနေ့အခြေအနေအရ လိုအပ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါ့ကြောင့် ဒီမှာဖြန့်ဝေထားတဲ့အတိုင်း တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျွန်တော်တင်ပြထားပါတယ်။ တင်ပြခဲ့တဲ့ရည်ရွယ်ချက်ကိုက အချက်နှစ်ချက်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ တရားစီရင်ရေးမဏ္ဍိုင်အတွက် အင်မတန်အရေးကြီးတဲ့

တရားရုံးချုပ်ရှေ့နေများကောင်စီကို ခန့်အပ်ထားတဲ့ပုဂ္ဂိုလ်များအဖြစ် ဖွဲ့စည်းထားခြင်းဟာ ဒီမိုကရေစီစနစ်ကိုအကျည်းတန်အရုပ်ဆိုးစေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးထားတဲ့ အခွင့်အရေးတွေကို အသိပညာရှင်ဖြစ်တဲ့ ရှေ့နေရှေ့ရပ်တွေ နစ်နာဆုံးရှုံးနေတယ်လို့ ကျွန်တော်ယူဆပါတယ်။ တတိယအချက်ကတော့ ရှေ့နေများကို လွယ်လင့်တကူ လိုင်စင်ရပ်ဆိုင်း၊ ထုတ်ပယ်၊ ပယ်ဖျက်တဲ့ကိစ္စများကိုတားဆီးနိုင်ဖို့ဆိုရင် ရှေ့နေများရဲ့အသံ Bar Council မှာပါဖို့လိုအပ်ပါတယ်။ အဲဒီအချက်တွေကြောင့် ဒီဥပဒေကြမ်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံတင်ပြရခြင်းဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သတ်ပြီးတော့ လေးလေးနက်နက် လွှတ်တော်ကိုယ်စားလှယ်များကသုံးသပ်ပေးပြီးတော့ အဆုံးအဖြတ်ပေးကြပါရန် ကျွန်တော်မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရွှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းထားတဲ့ တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့ပတ်သက်တဲ့ အဆိုကို ကျွန်တော့်အနေနဲ့ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်တင်သွင်းတဲ့ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားသိလိုပါတယ်။

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကြွရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်တောင်းရင်းဆန္ဒပြုအပ်ပါတယ်။ ယခုလို ကျွန်တော့်ကို ဖြေကြားခွင့်ပေးတဲ့အတွက်လည်း အားလုံးကိုကျွန်တော်ကျေးဇူးတင်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေမူကြမ်းနဲ့ပတ်သက်လို့ ကျွန်တော့်ကို ရှင်းလင်းခွင့်ပြုသည့်အတွက်လည်း အထူးပဲထပ်ပြီးတော့ ကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်တို့ ဥပဒေပိုင်းအရလေ့လာမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံတော်မှာ တရားရုံးချုပ်ရှေ့နေများ ကောင်စီအက်ဥပဒေ (Bar Council Act)ကို ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ အသေးစိတ်ကြည့်ရင် India Act No.38,1926 အဖြစ် ပြဋ္ဌာန်းခဲ့ပြီးတော့ မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အခါမှာ ယင်းအက်ဥပဒေကို ဆက်လက်ပြီးတော့ ကျင့်သုံးလာတာ ယနေ့အထိပဲဖြစ်ပါတယ်။ ဤအက်ဥပဒေ ပေါ်ပေါက်လာပြီးတဲ့အခါမှာ နိုင်ငံတော်ရဲ့အခြေအနေများအရ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၂/၈၉ ဖြင့် ပြင်ဆင်ခဲ့ပါတယ်။ အခုအခါမှာဆိုလို့ရှိရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ပြောင်းလဲလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဟူတဲ့ ခက်မသုံးဖြာလည်း ပေါ်ပေါက်လာပြီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ဖို့ လိုအပ်ကြောင်းကိုလည်း ၂၀၁၁ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ မိန့်ခွန်းမြွက်ကြားခဲ့တာ တွေ့ရပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြောင်းလဲလာတဲ့ ခေတ်စနစ် အခြေအနေနှင့် ညီညွတ်စေရန် တည်ဆဲဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း စတဲ့ဟာများကို ပြန်ပြီးတော့အတည်ပြု ပြဋ္ဌာန်းထားတာကိုလည်း မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါတယ်။ တရားရုံးချုပ်ရှေ့နေများ ကောင်စီအက်ဥပဒေကို ၁၉၈၉ ခုနှစ်မှာ တစ်ကြိမ် ပြင်ဆင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ယခုအခါမှာ နိုင်ငံတော်ရဲ့ ဖြစ်ပေါ်တိုးတက်ပြောင်းလဲတဲ့ အခြေအနေများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးဖော်ဆောင်လျက် ရှိတဲ့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် Bar Council Act ကိုပြင်ဆင်သည့် ဥပဒေမူကြမ်း တစ်ရပ်ကို ရေးဆွဲလျက်ရှိကြောင်း တင်ပြပါတယ်။ ယင်းပြင်ဆင်ရေးဆွဲတဲ့ဥပဒေ မူကြမ်းကို ရေးဆွဲတဲ့ အခါမှာ ကျွန်တော်တို့အနေနဲ့ သာမန်ဥပဒေတစ်ခုလိုမဟုတ်ဘဲနဲ့ ဒီဥပဒေဟာ ထူးခြားတဲ့ ဝိသေသရှိတဲ့ ဥပဒေဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီးတော့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာ တင်ပြအပ် ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်တဲ့အခါမှာ ဥပဒေတစ်ခုတည်းကို ကျွန်တော်တို့ ပြည်တွင်း ဥပဒေစကားမှာ Legislative Drafting လို့ခေါ်တဲ့ဥပဒေရေးဆွဲရုံမကဘဲနဲ့ ဥပဒေကိုလည်း သူ့ရဲ့ဘက်စုံကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်လျက်ရှိပါတယ်။ ဒီနေရာမှာ ကြည့်မယ် ဆိုလို့ရှိရင် နှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းက ပြည်တွင်းဥပဒေပိုင်းကိုလေ့လာသလို နိုင်ငံတကာပိုင်းကို လည်း မျက်ခြေပြတ်လို့မရပါဘူး။

ပြည်တွင်းဥပဒေအပိုင်းကိုလေ့လာတဲ့အခါမှာ အားလုံးဒီဥပဒေနဲ့ ပတ်သက်လို့ သုံးမျိုးသုံးစားလေ့လာပါတယ်။ ပထမတစ်မျိုးက ဒီဥပဒေကိုကြည့်တဲ့အခါမှာ မြန်မာနိုင်ငံမှာ ဥပဒေသမိုင်းကြောင်းမှာ ဘာရှိလဲဆိုလို့ရှိရင် ဒီပြဋ္ဌာန်းဥပဒေလို့ခေါ်တဲ့ နိုင်ငံတကာမှာ Statute Law ရှိပါတယ်။ Statute Law မှာ ဘာပါလဲဆိုရင် ရှေ့နေရှေ့ရပ်များဆိုင်ရာ ဥပဒေဆိုတာ တစ်ခုရှိပါတယ်။ တဖန် ကျွန်တော်တို့စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး ကိုးကားသွားတဲ့ Bar Council Act လို့ခေါ်တဲ့ တရားရုံးချုပ်ရှေ့နေများ အက်ဥပဒေ ရှိပါတယ်။ Bar Council Act ဥပဒေမှတစ်ခါထပ်ပြီးတော့ ဘာရှိလဲဆိုရင် Bar Council Rule ဆိုတာရှိပါတယ်။ ဒါက ပထမဦးဆုံးတစ်ချက်ဖြစ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ပြည်တွင်းဥပဒေအပိုင်းမှာ ပြန်ပြီးတော့ သုတေသနအနေနဲ့လေ့လာတဲ့အခါမှာ ဘာတွေလဲဆိုလို့ရှိရင် စီရင်ထုံးများ ရှိပါတယ်။ စီရင်ထုံးများကို ခေတ်အဆက်ဆက် ပြဋ္ဌာန်းထားတဲ့ကိစ္စများမှာ စီရင်ထုံးများစွာရှိတဲ့အတွက် ဒီစီရင်ထုံးများမှာ လေ့လာတဲ့အခါမှာ ပြည်တွင်းဥပဒေလေ့လာလို့ရှိရင် ကျွန်တော်တို့ သုံးဆင့်လေ့လာရပါတယ်။ ပထမတစ်ဆင့်က စီရင်ထုံးများမှာ ဦးဆောင်စီရင်ထုံးခေါ်တဲ့ Leading Case ဆိုတာရှိပါတယ်။ ဒုတိယတစ်ဆင့်က Leading Case ပြီးတဲ့အခါမှာ ဒီ Leading Case ကို ဆက်တိုက် တရားရုံးများအနေနဲ့ ကျင့်သုံးသွားတဲ့ အလယ်အလတ်တန်းမှာ ရှိတဲ့ စီရင်ထုံးများလည်း ရှိပါတယ်။ တတိယတစ်ဆင့်ကတော့ နောက်ဆုံးပေါ်တဲ့ စီရင်ထုံးများဟာ စောစောကပြောတဲ့ Leading Case အလယ်အလတ်တန်းမှာရှိတဲ့ Case နဲ့ အားလုံးပေါင်းပြီးတော့ ကျွန်တော်တို့ ချမှတ်ထားတဲ့ နောက်ဆုံးပေါ်စီရင်ထုံးများရှိပါတယ်။ ဒါကြောင့်မို့ ဒုတိယတစ်ဆင့်အနေနဲ့ စီရင်ထုံးများ ပြည်တွင်း ဥပဒေမှာ လေ့လာတွေ့ရှိပါတယ်။ ပြည်တွင်းဥပဒေဟာဒီနေရာတင်မရပ်ပါဘူး။ ဒီဥပဒေဟာ ကျွန်တော် စောစောကတင်ပြသွားသလိုပဲ အင်မတန်မှထူးခြားတဲ့ ဝိသေသရှိတဲ့ဥပဒေဖြစ်တဲ့ အရေးကြီးတဲ့ ဥပဒေဖြစ်တဲ့အတွက် ကျွန်တော်တို့ ဘာလေ့လာလဲဆိုလို့ရှိရင် ကျွန်တော် နှစ်ပေါင်း ၄၀ လောက်က ရှေ့နေစဖြစ်ကတည်းကစပြီးတော့ ပေါ်ပေါက်လာတဲ့ မြန်မာနိုင်ငံရဲ့ ရှေ့နေလောကမှာ ကျွန်တော်တို့ ပေါ်ပေါက်လာတဲ့ အင်မတန်မွန်မြတ်တဲ့ ရှေ့နေကြီးများရဲ့ အစဉ်အလာများရှိပါတယ်။ ရှေ့နေကြီးများ အစဉ်အလာများရှိသလိုပဲ ဥပဒေပညာနဲ့ အသက်မွေးဝမ်းကျောင်းရှာတဲ့ ပုဂ္ဂိုလ်များနဲ့ ပတ်သက်လို့လည်း ကောင်းမြတ်တဲ့အစဉ်အလာများလည်းရှိပါတယ်။ တတိယတစ်ချက်အနေနဲ့ ဒီဥပဒေကို ပြင်ဆင်တဲ့အခါမှာ အသေးစိတ်လေ့လာလျက်ရှိပါတယ်။ တစ်ဖက်မှာ ကျွန်တော်စောစောက ဥက္ကဋ္ဌကြီး ကို တင်ပြသလိုပဲ ဒီပြည်တွင်းဥပဒေပိုင်းနဲ့မကဘဲနဲ့ တစ်ဖက်မှာလည်း ကျွန်တော်တို့အနေနဲ့ဟာ နိုင်ငံ

တကာပိုင်းကိုလည်းမျက်ခြေပြတ်လို့မရပါဘူး။ နိုင်ငံတကာပိုင်းကကြည့်မယ်ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်မှာလည်း တစ်ကြိမ်က ကျွန်တော်တင်ပြခဲ့တဲ့ ကမ္ဘာ့ပင်လယ်ပြင်တရားရုံးမှာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ရင်ဆိုင်တဲ့ ITLOS ၁၆ အမှုမှာ နိုင်ငံတကာမှာ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံကနေပြီးတော့ ငှားရမ်းခေါ်ယူသွားတဲ့ ထင်ပေါ်ကျော်ကြားတဲ့ရှေ့နေကြီးများရဲ့ အစဉ်အလာ များ၊ သူတို့ရဲ့လုပ်ပုံကိုင်ပုံများ၊ ဒီရှေ့နေကြီးများရဲ့ Content များ အသေးစိတ် ကျွန်တော်တို့အနေနဲ့ လေ့လာပါတယ်။ ဒါဟာလည်း ကျွန်တော်ကလည်း အခွင့်အရေးရခဲ့ပါတယ်။ ဒါဟာကျွန်တော်တို့ နိုင်ငံတကာပိုင်းဖြစ်ပြီးတော့ နိုင်ငံတကာပိုင်းနဲ့မှာထပ်စိတ်လို့ရှိရင် နိုင်ငံအများစုမှာ အလားတူ ရှေ့နေကောင်စီများရှိပါတယ်။ လေ့လာတွေ့ရှိချက်အရ ဘာတွေ့လဲဆိုလို့ရှိရင် တချို့နိုင်ငံတွေမှာ ဥပမာအားဖြင့် ဒီ Bar Council လို့ခေါ်ပါတယ်။ ဥပမာ အာဆီယံနိုင်ငံများမှာဆိုလို့ရှိရင် နိုင်ငံအများမှာ ကျွန်တော်တို့နဲ့ အလားတူတဲ့ Bar Council များရှိသလို အင်္ဂလန်မှာကျတော့ နှစ်မျိုးကွဲပါတယ်။ တစ်မျိုးက အင်္ဂလန်နိုင်ငံမှာ အမှုလိုက်ရှေ့နေကိုချုပ်ကိုင်တဲ့ အဖွဲ့အစည်းကို Bar Council လို့ ခေါ်ပါတယ်။ သူ့ကိုတစ်ခါ အကြံပေးလိုက်တဲ့ ရုံးငယ်များမှာလိုက်တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ Solicitor ကို ကိုင်တဲ့ Law Society ဆိုတာရှိပါတယ်။ ဒါကြောင့်မို့ ဒီ Bar Council တွေရဲ့ Law Society တွေရဲ့ အခြေအနေများနဲ့ သူတို့ရဲ့ ဘယ်လိုစီမံခန့်ခွဲတယ်၊ ဘယ်လိုကွပ်ကဲတဲ့ဟာများကို ကျွန်တော်တို့အနေနဲ့ဒါကိုလေ့လာပြီးတော့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် ရှေ့နေရှေ့ရပ်များနဲ့ပတ်သက်လို့ရှိရင် ကျွန်တော့်တို့ရဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ရှေ့နေရှေ့ရပ်များကို ကမ္ဘာမှာထွက်ပြီးတော့ အမှုလိုက်တဲ့အခါမှာ မြန်မာ့ရှေ့နေရှေ့ရပ်များကို ကမ္ဘာ့ရှေ့နေများနဲ့ ရင်ပေါင်တန်းနိုင်စေချင်တဲ့ဆန္ဒလည်း အပြည့်အဝရှိပါတယ်။ ဒီဟာကိုလည်း ဦးတည်ပြီးတော့ ဆောင်ရွက်နေတဲ့ အခြေအနေရှိတယ်ဆိုတာ တင်ပြလိုပါတယ်။ ဒါကြောင့်မို့ ဒီနေရာမှာ ကြည့်မယ်ဆိုလို့ရှိရင် ပြည်တွင်းပြည်ပမှာလေ့လာမယ်ဆိုလို့ရှိရင် အခုပြောင်းလဲလာတဲ့ ခေတ်ကာလ အချိန်အခါနှင့်အညီ ဥပဒေကိုပြင်ဆင်ရေးဆွဲဖို့ လိုအပ်မယ်လို့ သုံးသပ်တဲ့အတွက်လည်း ရှေ့နေချုပ်ရုံးအနေနဲ့ ကျွန်တော်စောစောကပြောတဲ့ အချက်များကို သုတေသနပြုပါတယ်။ ပြင်ဆင်ဖို့ရေးဆွဲလျက်ရှိတယ်ဆိုတာ တင်ပြလိုပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကို ရေးဆွဲတဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ရေးဆွဲလို့ပြီးလို့ရှိရင် မပြီးသေးပါဘူး။ အားလုံးသိတဲ့အတိုင်းပဲ ပြည်သူ့လွှတ်တော်ကို တင်ပါ့မယ်။ လွှတ်တော်အဆင့်ဆင့်ကိုတင်ဖို့တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်။ အဲဒီအခါတင်တဲ့အခါကျလို့ရှိရင် ပြည်သူကို ကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ဖြည့်စွက်ဆွေးနွေး

ပိုင်ခွင့်လည်းရှိပါလိမ့်မယ်။ ဖြည့်စွက်ဆွေးနွေးပါလိမ့်မယ်လို့လည်း ကျွန်တော်တို့ မျှော်လင့်ပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့ရဲ့ရေးဆွဲလိုက်တဲ့ ဥပဒေဟာ ပြည်သူ့လွှတ်တော်ရော၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးရော၊ ပြည်သူရော အကုန်ပါမယ့် ပြီးပြည့်စုံတဲ့ဥပဒေဖြစ်ပြီးတော့ ကာလကြာရှည်စွာတည်တံ့ခိုင်မြဲတဲ့ ဥပဒေဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် Bar Council Act ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို သုတေသနပြုပြီးတော့ သေချာစွာရေးဆွဲပြီးတော့ လွှတ်တော်ကိုတင်ပြ ဆောင်ရွက်သွားရန်ရှိတဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ အဆိုပြုဥပဒေကြမ်းကို တင်ပြရန်မလိုအပ်တော့ပါ ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေ့နေချုပ်ရဲ့တင်ပြချက်ကို ကျွန်တော် ချိုင့်ချုံးသုံးသပ်မိတာကတော့ ပြင်ဆင်မယ့်ဥပဒေမှာ ခန့်အပ်တဲ့လူတွေနေရာမှာ ရွေးကောက်တင်မြှောက်တဲ့လူတွေ ပါဝင်လိမ့်မယ်လို့ မူအရထည့်သွင်းထားပြီးလို့ ကျွန်တော်တို့နားလည်ပါတယ်။ အဲဒီအတိုင်းသာ ရှေ့နေချုပ်ရုံးက ခန့်အပ်တဲ့လူတွေမှာ ဒီမိုကရေစီနည်းလမ်းတကျ ရှေ့နေရှေ့ရပ်များရွေးချယ်တဲ့ ကိုယ်စားလှယ်လူကြီး များ ပါဝင်လာမယ်လို့ ရှေ့နေချုပ်ရဲ့ပြောကြားချက်အပေါ်မှာ ကျွန်တော်ယုံကြည်တဲ့အတွက် အခု ကျွန်တော်တင်သွင်းထားတဲ့ ဥပဒေကြမ်းကို ရှေ့နေရှေ့ရပ်အားလုံးရဲ့အကျိုး၊ နိုင်ငံရဲ့တရားဥပဒေ စိုးမိုးရေးအတွက် အခြေအနေကောင်းများရောက်လာတယ်လို့ ကျွန်တော်မြင်တွေ့တဲ့အတွက် ကျွန်တော် ပြန်လည်ရုပ်သိမ်းပေးပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုတင်သွင်းတဲ့ ဦးသိန်းညွန့်က သူ့ရဲ့အဆိုကို ပြန်လည်ရုပ်သိမ်းကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်

တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်**၊ ၁၅ း ၅၅ ။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ကိုယ်စားလှယ်အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၅း၅၅ နာရီတွင် ရပ်နားပါသည်။]